http://www.dhammadownload.com

ဓမ္မဘောဂီ

ဓမ္မဘောဂီ အရှင်ဝီရိယ [တောင်စွန်း]

# မထေရ်မြတ်တို့ စကားဝိုင်း (၃)

## လျှောက်တတ်ရင် လမ်း

http://www.dhammadownload.com

အသိပညာဗဟုသုတကို
ကိုယ်တိုင် လေ့လာ သင်ယူရတာဟာ
လယ်ကွင်းထဲမှာ စပါးကို
ကောက်သင်းကောက်ရသလိုပါပဲ။
မထေရ်မြတ်တို့ရဲ့ စကားဝိုင်းမှာ
နာယူ မှတ်သားရတာကတော့
ကောက်တလင်းထဲမှာ စုပုံပြီးသား စပါးပုံကြီးကို
ဝင်ကျုံးရသလိုသယ်လို့ ယူလို့တောင် မနိုင်ဘူး။
အခုဖော်ပြတဲ့ အကြောင်းအရာတွေဟာ
အဲ့ဒီစကားဝိုင်းများမှာ
ကြားနာ မှတ်သားမိသမျှတွေထဲက တချို့ပါ။

ဓမ္မဘေရီ အရှင်ဝီရိယ[တောင်စွန်း]

# မထေရ်မြတ်တို့ စကားဝိုင်း (၃)

လျှောက်တတ်ရင် လမ်း

http://www.dhammadownload.com

ဓမ္မဘောဂီ စာစဉ် (၃)

# ဓမ္မဘောဂီ အရှင်ဝိရိယ
(တောင်စွန်း)

## မထေရ်မြတ်တို့စကားဝိုင်း(၃)
## လျှောက်တတ်ရင်လမ်း

[illegible] ဓမ္မဒါနလှူဒါန်း
[illegible] ရွှေတိဂုံဘုရားလမ်း
[illegible] ရန်ကုန်မြို့

ဖြန့်ချိရေး
ရာပြည့်စာအုပ်ဆိုင်
အမှတ်-၄၁၆၊ မဟာဗန္ဓုလလမ်းနှင့်၃၅-လမ်းထောင့်၊
ရန်ကုန်မြို့။ဖုန်း ၀၁-၇၁၀၁၀၃

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| အတွင်းခွင့်ပြုချက် | ၂၂၁/၂၀၀၄ (၀၄) |
| မျက်နှာဖုံးခွင့်ပြုချက် | ၂၇၃/၂၀၀၄(၅) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| | ဇူလိုင်လ၊ ၂၀၀၄ ခုနှစ် |
| အုပ်ရေ | ၁၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | |
| ကာလာခွဲ | **New Day** |
| ထုတ်ဝေသူ | ဒေါ်ခင်အေးမြင့် ရာပြည့်စာပေ(၀၃၈၀၁) ၃၈၊ ၁၀၉-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့်(၀၅၉၀၁) ရာပြည့်အော့ဖ်ဆက် အမှတ်(၁၉၉)၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

**တန်ဖိုး** ၇၀၀ ကျပ်

http://www.dhammadownload.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | နေရာနဲ့ ခြေရာ | ၁ |
| ၂။ | ဒွန်းစဏ္ဍားနှင့် ဖြဟ္မာ | ၉ |
| ၃။ | ကြွေး | ၁၇ |
| ၄။ | အသက်ထက်အလွန် | ၃၁ |
| ၅။ | ဆုကြီးပြန် | ၄၅ |
| ၆။ | အိုက်ကဲ | ၅၄ |
| ၇။ | အဆုံးရှိတဲ့ သံသရာ | ၆၄ |
| ၈။ | သံသရာဆုံးတဲ့ခရီး | ၈၀ |
| ၉။ | လျှောက်တတ်ရင်လမ်း | ၉၇ |
| ၁၀။ | မြင်းမိုရ်ဦးရဲ့ မသေပန်း | ၁၀၇ |
| ၁၁။ | အသူတရာချောက်ကြီးနဲ့ မွေ့ရာ | ၁၁၆ |
| ၁၂။ | ကျေးဇူးပိုင်ရှင် | ၁၂၄ |
| ၁၃။ | အနိစ္စ၊ ဒုက္ခဆိုတာ အဆိုးမြင်ဝါဒလား | ၁၃၂ |
| ၁၄။ | မင်းတုန်းမင်းနဲ့ ဝဿကာရပုဏ္ဏား | ၁၄၁ |
| ၁၅။ | ဝိဘဇ္ဇ နှင့် ဝေဖန်ရေး | ၁၄၉ |
| ၁၆။ | ယာဉ်ပေါ်မှ ယင်ကောင်များ | ၁၅၆ |
| ၁၇။ | တစ်ခြမ်းပဲ့ ဝေါဟာရများ | ၁၆၆ |

http://www.dhammadownload.com

# စာရေးသူ၏
# ထုတ်ဝေပြီးစာအုပ်များ

၁။ မထေရ်မြတ်တို့ စကားဝိုင်း (၁)

၂။ မထေရ်မြတ်တို့ စကားဝိုင်း (၂)

၃။ ကြောက်တတ်ရင်ရှေ့တိုး

http://www.dhammadownload.com



# နေရာ နဲ့ ခြေရာ

ပုထုဇဉ် ဆိုတာ အပြစ်နဲ့ မကင်းဘူး ဆိုပေမယ့် ဆရာသမားက "ကိုယ့်တပည့်ပါ" လို့ မပြောချင်လောက်အောင် မိဘက "တို့သားသမီးပါ" လို့ မပြောချင်လောက်အောင်အထိတော့ မဖြစ်စေသင့်ဘူး။ ဘာမှ မစွမ်းနိုင်ဘူး ဆိုရင်တောင် ကိုယ့်ခြေရာလက်ရာ တစ်ခုခုတော့ နောင်လာ နောင်သား သတိရလောက်အောင် ချန်ထားရစ်ခဲ့ရမယ်။

( တောင်ပြို၊ ညဝါအကျော် ဆရာတော်ကြီး )

http://www.dhammadownload.com



'တောင်မြို့' လို့ခေါ်တဲ့ အမရပူရမြို့၊ တူမောင်းတိုက် ညဝါအကျော်ဆရာတော်ဘုရားကြီး 'ဘဒ္ဒန္တ နန္ဒိယ မထေရ်မြတ်' ရဲ့ လက်ထက်မှာ စာသင်သားဘဝကနေ စာချဘုန်းကြီးဖြစ်တဲ့အထိ မှီခိုကြီးပြင်းခဲ့ရပါတယ်။

ဆရာတော်ဘုရားကြီးက စည်းကမ်းချက်တွေ ရယ်လို့ သိပ်ရှည်ရှည်ဝေးဝေး ရေးထုတ်ထားတာ မရှိလှဘူး။ ဥပုသ်နေ့ရောက်မှ ဘယ်လို မနေသင့်ဘူး၊ နေသင့်တယ် ဆိုတာ ဆုံးမပါတယ်။ အဲ - ပြဿနာတစ်ခုခု ကြုံလာ တဲ့အခါမှာတော့ ဆရာတော်ကြီးရဲ့ အဆုံးအဖြတ်များဟာ 'နေရာ' ကို အဓိကထားပြီး ဆုံးဖြတ်တော်မူလေ့ရှိတာကို သတိထားမိပါတယ်။

တစ်ခါက ဆရာတော်ဘုရားကြီး ရဲ့ ငယ်တပည့် မိသားစုထဲက မိန်းမလေးတစ်ယောက် ကျောင်းတိုက်ထဲမှာရှိတဲ့ သူတို့မိသားစုနဲ့အတူ ကျေးဇူးမကင်းတဲ့ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့ဖို့ နေ့စဉ် စက်ဘီးနဲ့ လာလေ့ရှိတယ်။ တစ်နေ့မှာတော့ အဲဒီမိန်းကလေးကို ကိုရင်ကြီးတစ်ပါးက ပြောင်လှောင်တဲ့အခါ မိန်းကလေးကလည်း စိတ်ဆတ်ဆတ်နှင့် ပြန်လှန် ရန်တွေ့တာပေါ့။ ပြီးတော့ ငိုယိုပြီး သူ့အိမ်ပြန်သွားတယ်။

ဒီအကြောင်း သူ့မိဘတွေသိတော့ မကျေမနပ်ဖြစ်

http://www.dhammadownload.com



ပြီး ဆရာတော်ဘုရားကြီးထံ တိုင်တန်းလျှောက်ထားတဲ့ အခါ ဆရာတော်ကြီးက –

"ဘယ်နေရာမှာဖြစ်တာလဲလို့" မေးတယ်။

"ဒီကျောင်းဝိုင်းထဲမှာပါပဲ၊ ကုဋိရှေ့က မန်ကျည်း ပင်အရပ်မှာထိုင်နေတဲ့ ကိုယ်တော်တွေက ဝိုင်းပြီး စ ကြ တာပါ" ဆိုတော့ –

"နင်တို့သမီးက ကိုယ့်နေရာ ကိုယ်မနေဘဲ ဘာ ဖြစ်လို့ ကျောင်းဝိုင်းထဲ လာရတုန်း၊ သွား ပြန်ကြ" လို့ ငေါက်လွှတ်လိုက်ပါတယ်။

တစ်ခါကတော့ စာသင်သား ဦးပဉ္ဇင်းတစ်ပါး က ကျောင်းနားမှာရှိတဲ့ဆွမ်းခံအိမ်နဲ့ အတော်ရင်းနှီးတယ်။ ညပိုင်း စာအံပြီးချိန်မှာတောင် အဲဒီအိမ်သွားပြီး ရေနွေးတို့ ညချင်းသုပ်တို့ သွားစားလေ့ရှိတယ်။ အဲဒီအိမ်မှာ အရွယ် ရောက်တဲ့ မိန်းကလေးတစ်ယောက်လည်း ရှိတယ်။ စီးပွားရေးကတော့ လက်လုပ်လက်စားပါပဲ။

အဲဒီ ဦးပဉ္ဇင်းက နွေရာသီ သူ့အရပ်က ပြန်လာတဲ့ အခါမှာ ဝတ္ထုငွေကလေးတွေကို အဲဒီအိမ်မှာ အပ်ထား လေ့ရှိတယ်။ ကြာတော့လည်း သူ့ခေတ်နဲ့သူတော့ မနည်း လှဘူးပေါ့လေ။ သုံးလေးရာလောက် ရှိလာတယ်။ သီတင်း ကျွတ် စာဝါပိတ်ချိန်မှာ အရပ်ကိုပြန်ခါနီးတော့ သူအပ် ထားတဲ့ငွေပြန်ပေးဖို့ တောင်းတယ်။ အိမ်ရှင် ဒကာမကြီး

http://www.dhammadownload.com



က ညကျမှလာယူပါလို့မှာတာနဲ့ ညပိုင်း စာအံပြီးချိန်မှာ ခါတိုင်းလိုပဲ သွားတာပေါ့။

အိမ်ရောက်တော့ ရေနွေးကြမ်းတွေဘာတွေ ကပ်နှင့်ဖို့ သူ့သမီးကိုမှာခဲ့ပြီး သူက နံဘေးအိမ်မှာ ပိုက်ဆံခဏသွားချေးဦးမယ်ဆိုပြီး ထွက်သွားတယ်။ ခဏနေတော့ လူသုံးလေးယောက်လောက်နဲ့ပြန်လာပြီး အိမ်ဝင်းထဲ ဝင်လာကတည်းက "ဟဲ့-သမီး အိမ်ပေါ်က လူသံကြားတယ်၊ ဘယ်သူနဲ့ စကားပြောနေလဲ" ဆိုပြီး အိမ်ပေါ်တက်လာတော့ အဲဒီ ဦးပဥ္စင်းတွေ့ရောဆိုပါတော့။ ညကြီးမင်းကြီး အိမ်ပေါ်တက်ပါတယ်ဆိုပြီး အသိသက်သေ သုံးလေးယောက်နဲ့အတူ ဆရာတော်ကြီးဆီ ဖမ်းပို့ကြပါရော။

ဆရာတော်ကြီး ရှေ့မှောက်ရောက်တဲ့အခါ ဒီအကြောင်းကိုသိရတဲ့ တိုက်အုပ်ဆရာတော်နဲ့ စာချဘုန်းကြီးများကပါ ဦးပဥ္စင်းဘက်ကနေကူပြီး ဆရာတော်ကြီးထံ အယူခံဝင်ပေးပါသေးတယ်။ ဆရာတော်ကြီးက ထုံးစံအတိုင်း -

"ဘယ်နေရာမှာဖြစ်တာလဲ" လို့ မေးတယ်။

ဒကာမကြီးတွေက "အရပ်ထဲမှာပါ ဘုရား၊ တပည့်တော်မတို့အိမ်ပေါ်ကို တက်လာပြီးနေတာပါ" ဆိုတော့-

"မင်းက ကိုယ့်နေရာ ကိုယ်မနေဘဲ ဘာလို့ ဒီအချိန် အရပ်ထဲသွားရတာလဲ၊ ကျောင်းတိုက်က ထွက်သွား"

http://www.dhammadownload.com



လို့ အမိန့်ချလိုက်ပါတယ်။

ဆရာတော်ကြီး ဆုံးဖြတ်တာဟာရှေးရိုးဆန်လွန်းတယ်ပဲဆိုဆို "နေရာများရင် သိန်းငှက် ကတောင် နှံပြည့်စုပ်ငှက်မကို အရှုံးပေးရတယ်" ဆိုတဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမတော်နဲ့တော့ကိုက်ညီလှတယ်လို့ ထင်ပါတယ်။

တစ်နှစ်မှာတော့ မှတ်မှတ်ရရ ဝါခေါင်လပြည့်ကျော် (၁၀) ရက်၊ ရတနာဂူပွဲ နတ်တွေရေချိုးတဲ့နေ့မှာ စာသင်သားလေးငါးပါး စာသင်ကျောင်းမတက်ဘဲ ဘုရားဖူးလာတဲ့ညှော်သည်တွေကို နတ်ရေချိုးပွဲ လိုက်ပို့ကြတယ်။ ဘုရားပွဲ အမည်ခံထားပေမယ့် နတ်ပွဲ ဆိုတော့ အဲဒီနေ့မှာ ထုံးစံအတိုင်း အမူးသမားတစ်စုက ဘုရားဖူးအဖွဲ့ထဲမှာပါတဲ့ ကလေးမလေးကို ပြောင်ကြနောက်ကြတာ လွန်ကဲလာလေရာကစပြီး စာသင်သားများနဲ့ စကားများကြရာက ပေါက်သူပေါက်၊ ကွဲသူကွဲနဲ့ သက်ဆိုင်ရာက ဖျန်ဖြေပြီး ကျောင်းတိုက်ကို ပြန်ပို့ချိန်မှာတော့ သုံးပါးက ပတ်တီးနဲ့ နှစ်ပါးကတော့ ဒဏ်ရာနည်းနည်းပြင်းလို့ ဆေးရုံမှာ ခဏတင်ထားခဲ့ရသတဲ့။

ညပိုင်း ဘုရားဝတ်ပြုအပြီးမှာ ဆရာတော်ကြီး ကြွလာပြီး သံဃာအားလုံးကို ဩဝါဒပေးတဲ့အခါ–

"ညနေတုန်းက နတ်ပွဲမှာဖြစ်ခဲ့တဲ့ ကိစ္စကို အားလုံး သိပြီးကြပြီမဟုတ်လား။ သက်ဆိုင်ရာ ဒကာကြီး

http://www.dhammadownload.com



လေးငါးယောက်လောက်က အကျိုးအကြောင်း လာပြီး လျှောက်ကြတယ်၊ အားလုံး စဉ်းစားကြည့်ကြစမ်း၊ အခု စာသင်သားတွေထဲက တစ်ပါးပါးဟာ ဘုန်းကြီးနေရာမှာ နေကြည့်ပါ၊ ကိုယ့်တပည့်က အမှန်တကယ် ဒီအပြစ်ကို ကျူးလွန်ခဲ့တာဖြစ်လို့သာ 'ဟုတ်ပါတယ် ဆရာတော့် တပည့်တွေပါပဲ၊ ဆုံးမလိုက်ပါ့မယ်' လို့ ဝန်ခံပြောလိုက်ရတာ၊ ဘယ်ဆရာက ဒီလိုတပည့်မျိုးကို 'ကိုယ့်တပည့် ပါပဲ' လို့ ပြောဆိုချင်ကြမလဲ"

"ပုထုဇဉ်ဆိုတာ အပြစ်နဲ့မကင်းနိုင်ဘူးဆိုပေမယ့် ဆရာသမားက 'ကိုယ့်တပည့်ပါ' လို့ မပြောချင်လောက် အောင်၊ သူငယ်ချင်းချင်းကလည်း 'တို့သူငယ်ချင်း'၊ မိဘ ကလည်း 'တို့သား'၊ နောက်ဆုံးတစ်ရပ်တစ်ရွာတည်း သားကတောင် 'တို့အရပ်သား' လို့ မပြောချင်လောက် အောင်အထိတော့ မဖြစ်စေသင့်ဘူး။ တို့လည်း ငယ်ရာက ကြီးလာတာပါ။ လူငယ်အလျောက် ချို့ယွင်းချက် မကင်း ခဲ့ပါဘူး။ ဒါပေမယ့် ဒီလောက် ဆိုးဆိုးဝါးဝါး အရက် သမားနဲ့ဖက်ပြီး ရန်တွေ့ခဲ့တဲ့အထိတော့ မဖြစ်ခဲ့ဘူး။ ဒီ နေရာမျိုးဟာ ဒီလိုလူမျိုးတွေ ရှိတယ်။ ဒီလိုပဲ မိန်းကလေး တွေကို နောက်တတ် ပြောင်တတ်တယ်ဆိုတာ အားလုံး ကြားသိထားပြီးသားတွေချည်းပဲ။ ဒါကို သည်းမခံနိုင်ရင် အစကတည်းက မသွားကြနဲ့ပေါ့"

http://www.dhammadownload.com



"ဒီလောက်အထိ ဘုရားသားတော် ဆိုတဲ့ ဂုဏ်နဲ့ မတန်လောက်အောင် ဖြစ်ခဲ့တဲ့အပြစ်မျိုးကို 'ဒါက တော့ ပုထုဇဉ်မို့လို့၊ လူ့ငယ်သဘာဝမို့လို့' ဆိုတဲ့ ဆင်ခြေနဲ့ ဖုံးကွယ်ဖို့ မလုံလောက်ဘူး။ ဒီအထောက်အထား လောက်နဲ့တော့ သာသနာတော်ဘက်ကပဲ ကြည့်ကြည့် လောကဘက်ကပဲ ကြည့်ကြည့် လက်ခံနိုင်လောက်တဲ့ ဆင်ခြေမျိုး မဟုတ်ဘူး။ အပြစ်တစ်ခုရဲ့ အကြီး အသေး ဆိုတာ ဖြစ်ရပ်တူရုံနဲ့ အားလုံးအတူတူပဲလို့ ပြောလို့မရဘူး။ အချိန်အခါနဲ့ ကာလဒေသနဲ့ ကိုယ့်ဂုဏ်သိက္ခာနဲ့ ပါ တိုင်းတာရတယ်။ ခုဖြစ်ခဲ့တဲ့အဖြစ်ဟာ လူဝတ်ကြောင် အတွက် မဆန်းဘူးထင်ရပေမယ့် လူတွေစည်ကားနေတဲ့ လူမျိုးပေါင်းစုံရဲ့မြင်ကွင်း ဆိုတာရယ်၊ ဘုရားသားတော် တွေဆိုတဲ့ ဂုဏ်သိက္ခာရယ် ပေါင်းလိုက်ရင် အလွန် အရုပ် ဆိုးလွန်းတယ်"

"ပုထုဇဉ် တို့ရဲ့ အတိတ်ကံမျိုးစေ့ တွေမှာ အကောင်းအဆိုး ရောနေတယ်ဆိုပေမယ့် အခုလို သုဂတိ လူ့ဘုံမှာ ဖြစ်ခွင့်ရတာရယ်၊ သာသနာတော်နဲ့ ကြုံခွင့်ရ တာရယ်ကို ကြည့်လိုက်ရင် ကုသိုလ်ကံမျိုးစေ့က အားသာ ပါတယ်။ ကုသိုလ်မျိုးစေ့ရဲ့ ပင်ကိုသဘာဝ အနဝဇ္ဇ = အပြစ်ကင်းချင်တယ်။ သုခဝိပါက = ကောင်းကျိုး ဖြစ် ချင်တယ်။ ဒါ သဘာဝပဲ။ ဒါကြောင့် လူမှန်ရင် အပြစ်

http://www.dhammadownload.com



ကင်းရေး၊ ကောင်းကျိုးဆောင်ရေးဟာ အလွန်အရေးကြီး တယ်။ ကိုယ့်ဟာကိုယ် 'ငါဟာ လူပဲ' လို့ ပြစရာ အထောက်အထား ဆိုလို့ ဒါပဲရှိတယ်"

"ဒီတိုက်မှာနေသွားတဲ့ 'ဦးဣန္ဒကလေး' ဆို တာ ကျောင်းထိုင်ဖို့ ရွေ့သွားတာသိပ်မကြာသေးဘူး။ အားလုံးသိပြီးသား။ သူဟာ စာချနိုင်စွမ်းလည်း မရှိဘူး။ စာသင်နိုင်တဲ့အရွယ်လည်း မဟုတ်ဘူး။ ဒါပေမယ့် သူ့ ခြေရာလက်ရာတွေ ဒီတိုက်မှာ အများကြီးကျန်ရစ်ခဲ့တယ်။ ကျောင်းအဝင်မှာ စိန်ပန်းပင်တွေနဲ့အရိပ်ရနေတာ၊ ကုဋ္ဌီ တွေ စနစ်တကျသန့်ရှင်းနေတာ ဒါတွေဟာ သူ့ခြေရာ လက်ရာတွေပေါ့။ ဒီနေ့အထိ အရိပ်ခိုသူတိုင်းက သူ့ကို သတိရနေစရာတွေပဲ"

"လူဆိုတာ ဘယ်လောက်ပဲ မစွမ်းနိုင်ဘူးဆိုဆို ကိုယ်နေတဲ့နေရာ၊ ကိုယ့်အရပ်၊ ကိုယ့်မိဘ၊ ကိုယ့်ဆရာ သမား၊ အတူနေဖက် မိတ်ဆွေသင်္ဂဟတွေက အမှတ်တရ ဖြစ်စေလောက်တဲ့ ခြေရာကောင်းတစ်ခု ကျန်အောင်တော့ လုပ်ခဲ့နိုင်ရတယ်" လို့ ဆုံးမပြီး –

"ကဲ ကျောင်းအပြင်ဘက်အထိ နယ်ကျွံပြီး အပြစ် ကျူးလွန်တဲ့ကိုယ်တော်တွေကတော့ ထုံးစံအတိုင်း ကိုယ့် ငယ်ဆရာဆီ ကိုယ်ပြန်ကြ" လို့ အမိန့်ချလိုက်ပါတယ်။

**နေရာမှန်ပြီး ခြေရာကောင်း ကျန်ရစ်ကြပါစေ။**

http://www.dhammadownload.com



# ဒွန်းစဏ္ဍားနှင့် ဗြဟ္မာ

ဒွန်းစဏ္ဍားတွေ ဆိုတာ သူများတွေ ငိုကြွေးချက်မနဲ့ အသုဘ ရုပ်အလောင်း ထမ်းလာတာမြင်လေ သူက ပြုံးလေပဲ။ သူများငိုလေ သူ့အတွက် အကျိုးရှိလေ ကိုးကွ။ ခုလည်း မင်းတို့က " စီးပွားရှာ ပြည်နာမှ " ဆိုတော့ ...

( အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး )

http://www.dhammadownload.com



မိမိရဲ့ဇာတိ အညာက ဒကာတွေ 'တောင်စွန်း' ကိုရောက်လာကြလို့ ထုံးစံအတိုင်း မိုးလေဝသနဲ့ စားဝတ်နေရေး ကျန်းမာရေးအကြောင်း မေးကြည့်တဲ့အခါ "တပည့်တော်တို့ဆီမှာတော့ ပဲဈေး ကောင်းဖို့နဲ့ ဆန်ဈေး ကျဖို့ ဆုတောင်းနေကြရတာပဲဘုရား။ မနှစ်ကရကြတဲ့ ပဲကလေးတွေ ဈေးကောင်းနိုးနိုးနဲ့ လှောင်ထားကြ တာ၊ ဈေးကလည်း တဖြည်းဖြည်း ကြာလေကျလေဖြစ်၊ ဒီကြားထဲ ဆန်ဈေးက တဖြည်းဖြည်းတက်နဲ့၊ အနည်းနဲ့ အများတော့ ခက်ခဲကြတာပေါ့ ဘုရား" လို့ လျှောက်ထားပါတယ်။

အနားမှာရှိတဲ့ အောက်ပြည်က ဒကာတစ်ယောက်က "ဒီလိုဆို ဦးတို့နဲ့ ကျွန်တော်တို့ကတော့ နပန်း ထလုံးရတော့မယ် ထင်တယ်နော်။ ကျွန်တော်တို့ဆီမှာက အခုဆို မြေပဲဝယ်ရတော့မှာမို့ ပဲဈေးတွေကျပါစေ၊ စပါးဈေးတွေတက်ပါစေနဲ့ ဆုတောင်းနေကြတာ။ စပါးလှောင်ထားကြတဲ့လူတွေက ခုနေခါ စပါးကို ဈေးကောင်းကောင်းနဲ့ထုတ်ရောင်းပြီး မျိုးပဲ ဝယ်လှောင်ဖို့ ကြိုးစားနေကြတာ" လို့ ရယ်စရာလိုလိုနဲ့ ပြန်ပြောလိုက်ပါတယ်။

သူတို့စကားကို နားထောင်ရင်း ငယ်ငယ်က ဖတ်ရဖူးတဲ့ စပါးကုန်သည် နဲ့ သားရေကုန်သည် တို့ အကြောင်း ကို ပြေးသတိရမိတယ်။ ကိုယ်က ဝယ်ချင်တဲ့

http://www.dhammadownload.com



အခါ ဈေးပေါပေါနဲ့ရဖို့ ပစ္စည်းတွေပေါပါစေလို့ ဆုတောင်းကြရာမှာ စပါးတွေ ပေါပါစေ ဆုတောင်းသူကို စိတ်ကောင်းရှိသူ၊ သားရေတွေ ပေါပါစေလို့ ဆုတောင်းသူကိုတော့ သတ္တဝါတွေ သေပါစေလို့ ဆုတောင်းရာကျလို့ စိတ်ကောင်းမရှိသူလို့ သတ်မှတ်ပြီး၊ အပြန်မှာ ကိုယ်က ရောင်းချင်တဲ့အခါကျတော့ ဈေးကောင်းရအောင် ပစ္စည်းတွေ ရှားပါစေလို့ ဆုတောင်းကြတဲ့အခါ စပါးကုန်သည်ကို စိတ်ထားယုတ်သူ၊ သားရေကုန်သည် ကိုတော့ စိတ်ထားကောင်းသူလို့သတ်မှတ်ကာ ကျောင်းထိုင်ဆရာတော်က နေရာ အကောင်း အဆိုး ခွဲခြားတည်းခိုခွင့်ပေးတဲ့ အကြောင်းပါပဲ။

ဒီပုံပြင်ထဲမှာ ဆရာတော်ကြီးကတော့ သတ္တဝါတွေအပေါ်မှာ သက်ရောက်တဲ့ ကောင်းကျိုးဆိုးပြစ်ကို ကြည့်ပြီး စိတ်ထားကောင်းသူ၊ မကောင်းသူလို့ ဆုံးဖြတ်ခဲ့ပေမယ့် တကယ်တမ်း အဲဒီကုန်သည်တွေရဲ့ စိတ်ထားဟာ သတ္တဝါတွေရဲ့အကျိုးကို ငဲ့ကွက်စဉ်းစားပြီး ဆုတောင်းကြတာတော့ မဟုတ်ပါဘူး။ သူတို့ကိုယ်ကျိုးအတွက်ပဲ စဉ်းစားကြတာပါ။ ကိုယ်ဝယ်ချင်တဲ့ လူသုံးကုန်တွေ ပေါစေချင်တာ။ ကိုယ်က ရောင်းချင်တော့ ရှားပါးနေစေချင်တာဟာ သူတစ်ပါးနာမှ ကိုယ်ကသာတန်းရမယ် ဆိုတဲ့ စိတ်ဓာတ် ပါပဲ။

http://www.dhammadownload.com



ဒီလိုစိတ်ထားရှိသူတွေရဲ့ လက်သုံးစကားကတော့ "စီးပွားရှာ ပြည်နာမှ" တဲ့လေ။ ဒီစကားနဲ့ပတ်သက်လို့ မိုးကုတ်ဝိပဿနာ ဆရာတော်ဘုရားကြီးရဲ့ ဆုံးမတာလေးကလည်း အတော်မှတ်သားစရာကောင်းတယ်။ မိမိ အမရပူရ ကို စာသင်ရောက်ခါစ (၁၃၄၂) ခုနှစ်လောက်က ဆိုတော့ စီးပွားရေးစနစ် စပ်ကူးမယ်ကူးစမ်းသပ်နေချိန် ပေါ့။ ဆရာတော်ရဲ့တပည့်ရင်းဖြစ်တဲ့ မန္တလေးကကုန် သည် ဒကာကြီးတစ်ယောက်က တရားနာခါနီးမှ ကပ်ပြီး ရောက်လာတယ်။ ဆရာတော်ကြီးကို ကန်တော့ပြီးတဲ့ အခါ "ဒီလိုပဲဘုရား၊ ခုချိန်မှာ တပည့်တော်လှောင်ထား တဲ့ပစ္စည်းတွေကလည်း အပြင်မှာ ရှားပါးနေချိန်ဆိုတော့ ဖောက်သည်တွေက လက်မလည်အောင်ဖြစ်နေလို့ မနည်း ဖြတ်ခဲ့ရတယ်" လို့ လျှောက်ပါတယ်။ ဆရာတော်ကြီး က "အလုပ် ဆိုတာကတော့ ကိုယ်က အနားမယူတတ် ရင် မသေမချင်း ရှုပ်နေမှာပေါ့ကွာ" ဆိုတော့ "ဒီလို လည်း မဟုတ်သေးဘူး ဆရာတော်၊ 'စီးပွားရှာ ပြည်နာ မှ' ဆိုသလိုပဲ ခုအချိန်မျိုးမှာမှ ပိုပြီး ရောင်းကောင်းတာ" တဲ့။

ဒကာကြီး သုံးလိုက်တဲ့ စကားပုံကို ကြားလိုက် တော့ ဆရာတော်ကြီးက သိပ်ပြီးမနှစ်မြို့တဲ့သဘောနဲ့ ကြည့်ရင်း "အေး သုသာန်မှာ လူသေကောင် တူးမြှုပ်ပြီး

http://www.dhammadownload.com



အသက်မွေးကြတဲ့ ဒွန်းစဏ္ဍားတွေလည်း မင်းတို့လိုပဲကွ။ သူများတွေ ငိုကြီးချက်မနဲ့ လူသေအလောင်း ထမ်းလာတာမြင်ရင် သူတို့က ပြုံးနေတာပဲ။ သူများ ငိုရလေ သူတို့ ဝင်ငွေကောင်းလေဆိုသလို ဖြစ်နေတာကိုးကွ။ ခုလည်း မင်းတို့ဟာက သူများတွေ အခက်တွေ့လေ မင်းတို့က ပျော်လေဆိုတော့ ဒါ ဒွန်းစဏ္ဍားပျော် ပျော်နေကြတာပဲ မဟုတ်ဘူးလား" လို့ မိန့်ကြားလိုက်ပါတယ်။

ဘယ်ခေတ်၊ ဘယ်အခါ၊ ဘယ်နေရာမဆို ဆရာတော်ကြီး မိန့်သလို ပြုံးနေ ပျော်နေကြသူတွေ ရှားလှတယ် မဟုတ်ပေဘူး။

ဒီလို ပြုံးနည်း ပျော်နည်းနဲ့ ဆန့်ကျင်ဘက် ပြုံးနိုင် ပျော်နိုင်ပုံ ကို တိပိဋကရေ 'ယောဆရာတော်ဘုရား' မိန့်ကြားပုံလေးကိုလည်း သတိပြု နည်းယူစေချင်ပါတယ်။ ဆရာတော်က –

"ဘယ်သူမဆို ဘယ်လိုအလုပ်ကိုပဲ လုပ်ကိုင်နေနေ နှလုံးသွင်းတတ်၊ စိတ်ထားတတ်ရင် အလုပ်တိုင်းဟာ ကုသိုလ်ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ သတိပဋ္ဌာန်လမ်းစဉ် ဆိုတာ အချိန်သီးခြား၊ အလုပ်နဲ့နေရာသီးခြား မလိုပါဘူး။ သတိထားတတ်ရင် တရားရှိနိုင်တဲ့ လမ်းစဉ်ပါ။ ဈေးရောင်းသူကလည်း မိမိရောင်းလိုက်တဲ့ ပစ္စည်းကြောင့် သုံးစွဲသူတွေ အစစ်အမှန် အလွယ်တကူ သုံးစွဲနိုင်

http://www.dhammadownload.com



ပါစေဆိုတဲ့ မေတ္တာစိတ်ထားတတ်ရင် ပစ္စည်းတန်ဖိုးအပြင် မေတ္တာကုသိုလ် အပိုအမြတ် ရတာပဲ။ မိသားစု တစ်စု အတွင်းမှာပဲ စီးပွားရှာသူကလည်း "အခုလို ရှာဖွေရတဲ့ အတွက် မိသားစုတွေ မချို့မတဲ့ စားနိုင်၊ ဝတ်နိုင်၊ လှူဒါန်းနိုင်ကြပါစေဆိုတဲ့စိတ်ကို ထားလို့၊ ချက်ပြုတ် လျှော်ဖွပ်ရတဲ့ အိမ်ရှင်မကလည်း ကိုယ့်ရဲ့ဆောင်ရွက် ပေးမှုကို အကြောင်းပြုပြီး ခင်ပွန်းသည်နှင့် သားသမီး အိမ်သူအိမ်သားတွေ ဆာလောင်တဲ့အခါ အရံသင့်စားနိုင် ပါစေ၊ အဝတ်ထည်တွေ သန့်သန့်စင်စင်နဲ့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဝတ်ဆင်နိုင်ပါစေ" ဆိုတဲ့ မေတ္တာစိတ် ကလေးထားလိုက်ရင် ကိုယ့်တာဝန် ကိုယ်လုပ်နေရင်း မေတ္တာကုသိုလ်တွေ ရနေတာပါပဲ။ ဒီစိတ်ကလေး ထား လိုက်ရတဲ့အတွက် ပစ္စည်းလည်း ပိုမကုန်၊ တန်ဖိုးလည်း လျော့မသွားဘဲ ကုသိုလ်အမြတ်ရလိုက်တာပါ" လို့ ဆုံးမ တော်မူပါတယ်။

ဒီလို စိတ်ထားမျိုးနဲ့ အသက်မွေးဝမ်းကျောင်း ရောင်းဝယ် စိုက်ပျိုးလုပ်ကိုင်ကြသူတွေဟာ ကာမဘုံ လို့ ခေါ်တဲ့ လူ့ဘုံလူ့ဘဝ မှာ နေရပေမယ့် –

"ဗြဟ္မမေတံ ဝိဟာရ မိဓမာဟု = အဲဒါ ဗြဟ္မာ တို့ရဲ့ နေခြင်းမျိုးနဲ့ နေထိုင်သူလို့ ဆိုရမယ်" လို့ မေတ္တာ သုတ်မှာ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောညွှန်ထားပါတယ်။

http://www.dhammadownload.com



ဒီလို အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြတာကို မဂ္ဂကျင့်စဉ် မှာ "သမ္မာအာဇီဝမဂ္ဂင်" အဖြစ် ထည့်သွင်းပါတယ်။ သဘောကတော့ စား ဝတ် နေရေးအတွက် အသက်မွေးဝမ်းကျောင်း လုပ်နေတာဖြစ်ပေမယ့် ဒါဟာ 'နိဗ္ဗာန်' ကို ဦးတည်တဲ့ တစ်နည်းပြောရရင် 'နိဗ္ဗာန်' ကို အထောက်အကူဖြစ်စေတဲ့အလုပ်လို့ ဆိုလိုတာပါ။

'တရား' ဆိုတာ 'ထိုင်မှ' လို့ အစွဲသန်နေသူများကတော့ ဒီစကားကို ဘုရားဟောမို့သာ လက်ခံရပေမယ့် တယ်ပြီး ဘဝင်ကျချင်မယ် မဟုတ်ဘူး။ ဗုဒ္ဓဝါဒကို ထဲထဲဝင်ဝင် ခြေခြေမြစ်မြစ် သဘောပေါက်မှသာ ဘဝင်ကျလက်ခံနိုင်မယ်ဖြစ်ပါတယ်။ 'သမ္မာအာဇီဝ' ဆိုတာ 'သီလမဂ္ဂင်' ပဲ။ ဒါကို အခြေမခံရင် 'သမာဓိ' ဆိုတဲ့ စိတ်ထားတည်ငြိမ်မှု မရနိုင်လို့ မဂ်ဖိုလ် ဆိုတဲ့ ပညာနဲ့ အဝေးကြီးဖြစ်နေမှာ သေချာတယ်။ စိတ်တည်ငြိမ်မှု ဆိုတာ အပြစ်ကင်းသူ (သီလစင်ကြယ်သူ) များမှာသာ ဖြစ်ပေါ်ခွင့်ရှိတဲ့ တရားမျိုးဖြစ်တယ်ဆိုတာ သူများပါးစပ်နဲ့ လမ်းဆုံးမနေဘဲ ကိုယ်တိုင် ဗုဒ္ဓလမ်းစဉ်ကို လက်ခံကျင့်သုံးသူများသာ သဘောပေါက်မှာပါ။

ဒါကြောင့် အသက်မွေးဝမ်းကျောင်းဆိုတဲ့ အလုပ်တစ်ခု အဆင်ပြေမှုကိုအကြောင်းပြုပြီး ဒွန်းစဏ္ဍားပြုံး၊ ဒွန်းစဏ္ဍားပျော် ပြုံးပျော်နေကြသူတွေ ရှိသလို ဗြဟ္မာပြုံး

http://www.dhammadownload.com



ဗြဟ္မာပျော် ပြုံးနိုင်ပျော်နိုင်ကြသူတွေလည်း ဖြစ်ခွင့် ရှိတယ်၊ ဖြစ်နိုင်တယ် ဆိုတဲ့ မထေရ်မြတ်တို့ရဲ့ ဩဝါဒ နဲ့ မြတ်ဗုဒ္ဓ ရဲ့ ဟောညွှန်ချက်များကို သဘောပေါက် နားလည်စေချင်ပါတယ်။

လူယဉ်ကျေးများ၊ နိုင်ငံကြီးသားများ၊ ဗုဒ္ဓသာသနာထွန်းကားရာ နိုင်ငံသားများပီပီ "လူ" ဆိုတဲ့ ဂုဏ်ကို အလေးနက် တန်ဖိုးထားနိုင်ကြဖို့ပါ။

စွန်းစလွှားပြုံး ကို ရှောင်
ဗြဟ္မာထုံး ကို ဆောင်နိုင်ကြပါစေသော်။

❑

http://www.dhammadownload.com



# ကြွေး

# "သူ့ကြွေး ရှိရင် ဆပ်ရလိမ့်မည်"

( မယ်နုအုတ်ကျောင်းဆရာတော် ဦးမုဒ် )

http://www.dhammadownload.com



ဒီစကားကို ၁၂၀၂-ခု၊ ကဆုန်လဆန်း (၁၂)ရက်၊ အင်္ဂါနေ့ (၁၂-၅-၁၈၄၀)က နန်းကျမိဖုရား အုတ်ကျောင်း အစ်မကြီး 'မယ်နု' ကို 'ဆရာတော် ဦးဗုဓ်' မိန့်ကြားခဲ့တဲ့စကား ဖြစ်ပါတယ်။

သာယာဝတီမင်းကို ပုန်ကန်ခြားနားတဲ့ မတ္တရာ အရေးအခင်းမှာ နန်းကျဘုရင် ဘကြီးတော် စစ်ကိုင်းမင်းရဲ့ နန်းကျမိဖုရားခေါင်ကြီး 'မယ်နု' အစီအမံများ ဖြစ်ကြောင်း ထင်ရှားတဲ့အတွက် ထုံးစံအတိုင်း ရေချပြီး အဆုံးစီရင်ဖို့ အမိန့်ချမှတ်ခံရတဲ့အခါ နောက်ဆုံးအခွင့် အရေးတစ်ခုအနေနဲ့ လိုရာဆုကို တောင်းခွင့်ပြုတော့ -

ကျောင်းအစ်မ နန်းမတော်ကြီးက "ဆရာတော် ဦးဗုဓ် ကို နောက်ဆုံး ဖူးမြော်လိုတယ်" ဆိုလို့ အဆုံးစီရင်ဖို့တာဝန်ယူရတဲ့ မြို့ဝန်မင်းက ခွင့်ပြုခဲ့တယ်။

ကျောင်းအစ်မ က ဆရာတော် ကို ဦးချပြီး အကြောင်းစုံလျှောက်တဲ့အခါ ဆရာတော်က အထက်ပါ စကားကို မိန့်ကြားလိုက်တာပါ။ ဆရာတော်ဟာ ဘကြီးတော်စစ်ကိုင်းမင်းက နန်းမတော်မယ်နု မိမိအပေါ် နိုင်စားလွန်းတဲ့အတွက် ကျောင်းအစ်မကြီးကို ဆုံးမပေးဖို့ လျှောက်ထားစဉ်ကလည်း ဒီစကားကိုပဲ မိန့်ကြားခဲ့ပြီး နန်းတွင်းရေးကို ဘာမျှ ဝင်မစွက်ဘဲ ကိုယ့်စာ ကိုယ်သာ

http://www.dhammadownload.com



ကြည့်မြဲ ကြည့်နေခဲ့တာပါပဲတဲ့။

ဆရာတော်ရဲ့ ဆိုလိုချက်ကတော့ "ပြုသူအသစ်၊ ဖြစ်သူအဟောင်း" ဆိုတဲ့အတိုင်း အဆိုးလောကဓံနဲ့ တွေ့ကြုံ ဖြစ်ပျက်ရသမျှဟာ ကိုယ်ပြုထားတဲ့ အကုသိုလ်က ကြွေးဟောင်းဖြစ်လို့ မုချပေးဆပ်ရမယ်လို့ ဆိုလိုတာပါပဲ။

ဒီနေရာမှာ ကြွေးဟောင်းဆပ်တာနဲ့ ပတ်သက်လို့ နှစ်မျိုး နှစ်စား ရှိတယ်လို့ ဆိုရမယ်ထင်ပါတယ်။ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံ ရှိလို့ ဆိုးကျိုးကို ခံရတာဟာလည်း ကြွေးဟောင်းဆပ်ရခြင်းပဲ ဖြစ်သလို ကိုယ့်အပေါ်မှာ မိဘ ဆရာ စတဲ့ ကျေးဇူးရှင်များက ပြုထားတဲ့ ကျေးဇူးတရားတွေကို ပြန်ပြီးကျေးဇူးတုံ့ပြုရတာကိုလည်း ကြွေးဟောင်းဆပ်တယ် လို့ပဲ ဆိုရပါတယ်။

" သာလိကေဒါရ " ဇာတ်တော်မှာ ဘုရားအလောင်းကျေးမင်း က ကျွန်ုပ်သည် မိအို ဖအို တို့ကို လုပ်ကျွေးခြင်းဖြင့် ကြွေးဟောင်းကို ပေးဆပ်ရသလို သားမယားတို့ကို လုပ်ကျွေးခြင်းဖြင့် ကြွေးသစ်ကိုလည်း ချရပါတယ်" လို့ ပြောဆိုခဲ့ပါတယ်။

ဒီကြွေးဟောင်းနှစ်မျိုးမှာ အကုသိုလ်ကံဟောင်းအတွက် ဆိုးကျိုးကိုခံစားပြီး ကြွေးဟောင်းဆပ်ရခြင်းဟာ ပေးဆပ်မှုသက်သက်သာ ဖြစ်ပေမယ့် ကျေးဇူးတုံ့ပြုပြီး ကြွေးဟောင်းဆပ်ခြင်းကတော့ ကြွေးဟောင်းကို ကျေ

http://www.dhammadownload.com



စေသလို နောင်အခါမှာ မိမိအတွက် အကျိုးနဲ့အတိုး တို့ကို ရရှိစေနိုင်တဲ့ ကြွေးသစ် (ကုသိုလ်ကံသစ်) ချခြင်းလည်း မည်ပါတယ်။

မှန်ပါတယ်။ မိအိုဖအိုတို့ ထင်ရှားရှိနေပါလျက်နဲ့ မိဘတို့ရဲ့ကျေးဇူးကြွေးဟောင်းကို မပေးဆပ်ဘဲ သားမယားကို လုပ်ကျွေးခြင်းဆိုတဲ့ ကြွေးသစ်ချခါမျှနဲ့တော့ နောင်တစ်ချိန်မှာ မိမိကပြန်လည်ရရှိစေနိုင်မည့် "ကြွေးသစ်ချခြင်း" လို့ ပုံသေကောက် ဆိုနိုင်မယ်မဟုတ်ပါဘူး။

ဘာကြောင့်လဲဆိုရင်တော့ မိဘဆိုတာ သားသမီးတို့ရဲ့ ရှေ့သွားစံပြ ပုဗ္ဗာစရိယများ ဖြစ်တဲ့အတိုင်း မိမိတို့ကိုယ်တိုင်က မိဘကျေးဇူးကို သိမှတ်ပေးဆပ်တဲ့ စံနမူနာရှိမှသာ သားသမီးများကလည်း အတုလိုက်ကြမှာ ဖြစ်လို့ပါပဲ။ တကယ်လို့သာ မိမိက သားမယားတို့ကိုသာ လုပ်ကျွေးပြီး မိဘအပေါ်မှာ တာဝန်မဲ့ ပစ်ထားမယ်ဆိုရင် မိမိရဲ့သားမယားပေါ်မှာ ဘယ်လိုပင် ချစ်ခင်လုပ်ကျွေးထားပေမယ့် ကြွေးသစ်ချခြင်း မမည်နိုင်ဘူးဆိုတာ အဇာတသတ်နဲ့ သူ့ရဲ့ သားစဉ်မြေးဆက်များကို ကြည့်ရင် သိနိုင်ပါတယ်။

'အဇာတသတ်မင်းကြီး' ဟာ သူ့သားကို အလွန်ပဲ ချစ်လှပါသတဲ့။ ချစ်ခင်တဲ့အတွက် သားကို လိုလေသေးမရှိ လုပ်ကျွေးပြုစုခဲ့တာလည်း အမှန်ပါပဲ။ ဒါပေမယ့်

http://www.dhammadownload.com



ဖခင်ဖြစ်တဲ့ 'ဗိမ္ဗိသာရမင်းကြီး' အပေါ်မှာတော့ ကျေးဇူး တုံ့ ကျေးဇူးကြေး ကို မပေးဆပ်ခဲ့ရုံမျှမက ကျေးဇူးကန်း သတ်ဖြတ်ပြီး အလွန်အတိုးကြီးတဲ့ ကြွေးသစ်ကြီးကို ယူ ခဲ့မိတယ်။ ဒါကြောင့်လည်း သူ့သား 'ဥဒယမင်းသား' အရွယ်ရောက်တဲ့အခါမှာ သူ့ကိုပဲ စံနမူနာယူပြီး အဖ သတ်မင်း ပဲ ဖြစ်ခဲ့တယ်။ သူလည်း သူ့ဖခင် 'ဗိမ္ဗိသာရ' လိုပဲ သားရဲ့လက်ချက်နဲ့ အသက်သေခဲ့ရတာပါပဲ။

ဒါကြောင့် ရှေးဆရာတော်ကြီးများက "အဇာ တသတ် ဟာ ဖခင် ဗိမ္ဗိသာရမင်းကြီးကို သတ်ဖြတ်သူ ဖြစ်သလို သူ့ကိုယ်သူ သတ်ဖြတ်သူလည်း ဖြစ်သည်။ အဇာတသတ် ကို သူ့သားက သတ်ဖြတ်တာဟာ သူ ကိုယ်တိုင်က ဖခင်ကို သတ်ဖြတ်ခဲ့တာကို အတုလိုက်ပြီး ပြုခြင်းသာဖြစ်လို့ အဇာဂသတ် သာလျှင် အဇာတသတ် ကိုသတ်တဲ့ မူလတရားခံအစစ်" လို့ မိန့်ကြားတာကို မှတ်သားရဖူးပါတယ်။

ဒီနေရာမှာ ပဉ္စပွန် သာဓကတစ်ခုအနေနဲ့ ဆရာ ဖေမြင့် ရဲ့ 'ဘဝဒဿနရသစာစု' ထဲက 'စောင်' ဆိုတဲ့ စာကလေးကိုလည်း ဖတ်ကြည့်စေချင်တယ်။ အကြောင်း အရာအကျဉ်းချုပ်ကတော့ ဖအေလုပ်သူက သူ့အဖေအို ကြီးကို သက်ကြီးဂေဟာပို့ဖို့ လုပ်တယ်။ ပို့မည့်နေ့မှာ ခေါင်အကောင်းစား နှစ်ယောက်အိပ်တစ်ထည်ကိုလည်း

http://www.dhammadownload.com



ပေးလိုက်ဖို့ စီစဉ်ထားတယ်။ သူ့သားလေးကတော့ အဘိုးဖြစ်သူကို ဂေဟာပို့မယ်ဆိုတာ မကျေနပ်ဘူး။ ဒါပေမယ့် ဖအေရဲ့ နောက်ယူတဲ့မိန်းမဆန္ဒအရ ပို့ရမှာ။

အဘိုးကို ဂေဟာ ပို့ခါနီးရောက်တော့ ဖအေရဲ့ နောက်မိန်းမ က ဒီလောက်ကောင်းတဲ့ နှစ်ယောက်အိပ်စောင်ကြီးကို ပေးဖို့မလိုဘူးဆိုပြီး အဘိုးကွယ်ရာမှာ ယောကျ်ားကို ကန့်ကွက်တယ်။ ဒါနဲ့ သားငယ်က ဖအေကို ဒီစောင်က ကြီးလွန်းတယ်ဆိုရင် တစ်ယောက်အိပ်ဖြစ်အောင် စောင်ကို ထက်ဝက်ခွဲလိုက်ပေါ့။ ပြီးတော့ တစ်ဝက်ကို အဘိုးနဲ့ထည့်ပေးလိုက်ပြီး ကျန်တစ်ဝက်ကိုတော့ သူ့ကိုပေးထားပါလို့ တောင်းတယ်။ ဘာလုပ်ဖို့လဲဆိုတော့ "အဖေ အသက်ကြီးလို့ အခုလို ပို့တဲ့အခါမှာ ပေးဖို့ပါ" လို့ ပြန်ပြောတဲ့ မြေးအဘိုး.သားအဖ သုံးယောက်တို့အကြောင်းပါ။

ကြွေးဟောင်းနှစ်မျိုးလုံးဟာ ယူထားပြီးရင် မလွဲမသွေ ပြန်ဆပ်ကြရတာကတော့ သေချာပါတယ်။ ကျေးဇူးကြွေးကိုပြန်ဆပ်ရတာက သိတတ်တဲ့ သားကောင်း သမီးကောင်းတို့ရဲ့ နိယာမ အစဉ်အလာကောင်းတစ်ရပ် ဖြစ်သလို ကျေးဇူးကန်းမိတဲ့ကြွေးဟောင်းကို ပေးဆပ်ရတာလည်း ဓမ္မရဲ့နိယာမ အစဉ်အလာအမှန်တစ်ရပ် ဖြစ်ပါတယ်။

ဘုရား အစရှိတဲ့ အရိယာ အရှင်မြတ်ကြီးများ

http://www.dhammadownload.com



ကြွေးဆပ်ကြပုံတို့ကိုလည်း အတုယူတန်ယူ၊ သံဝေဂပွား တန်တာပွားကြဖို့အတွက် လေ့လာမှတ်သားသင့်ပါတယ်။

မိဘတို့ရဲ့ ကျေးဇူးတုံ့ကို ပေးဆပ်ပူဇော်ပြီး ကြွေးဆပ်ခြင်းနှင့် ပတ်သက်လို့တော့ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် မယ်တော် ဖြစ်ခဲ့ဖူးတဲ့ နတ်သားကို ကျေးဇူးကြွေးဆပ်ဖို့ (၇)ဝါမြောက်မှာ တာဝတိံသာနတ်ပြည်အထိ ကြွရောက်ပြီး မယ်တော်ဟောင်း နတ်သား အမှူးပြုတဲ့ နတ်ပြဟ္မာအပေါင်းကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ တရား ဟောကြားကာ ကျေးဇူးဆပ်ခဲ့ပုံကို လူတိုင်း သိဖူးကြားဖူးကြမှာပါ။

သတိထား အသိပွားရမှာကတော့ သဗ္ဗညု ဘုရားရှင်ဖြစ်ပြီးလို့ သံသရာခရီးဆုံးနေပြီ။ မိမိ ကိုယ်တော်တိုင်အတွက် ဆင်းရဲ ချမ်းသာဆိုတဲ့ လောကကျိုးများလည်း မလိုအပ်၊ လောကုတ္တရာကျိုးအရလည်း အထွတ်အထိပ်ရောက်နေပြီဖြစ်ပေမယ့် မိဘရဲ့ကျေးဇူးကြွေး ကိုတော့ အတင်မခံဘဲ အကျေပေးဆပ်ခဲ့ပုံကို ဆင်ခြင်မိကြဖို့ပါ။ ဒါကြောင့်လည်း ရှေးဆရာမြတ်တို့က သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ အဖြစ်သာမက မိဘကျေးဇူးသိတတ်တဲ့ " သားကောင်းရတနာများနေ့ " လို့လည်း ခေါ်ဆိုထိုက်ကြောင်း မိန့်ကြားကြပါတယ်။

အလားတူပဲ လက်ယာရံ 'အရှင်သာရိပုတ္တရာ'

http://www.dhammadownload.com



မထေရ်မြတ်ကြီးလည်း နောက်ဆုံး ပရိနိဗ္ဗာန်ပြုခါနီးမှာ တောင် အမိရဲ့ကျေးဇူးကြွေး ကို တရားဟောပြီး ကျေအောင် ပေးဆပ်ခဲ့ပါတယ်။

မြတ်စွာဘုရားရှင်နဲ့ 'အရှင်သာရိပုတ္တရာ' မထေရ်မြတ် တို့ရဲ့ ကြွေးဆပ်ပုံကတော့ အတုယူစရာ မိဘတို့ရဲ့ ကျေးဇူးဟောင်း ကြွေးပေးဆပ်ခြင်းဖြစ်ပါတယ်။ သံဝေဂ ယူဖို့ကောင်းလှတဲ့ မိဘအပေါ် ပြစ်မှားမိတဲ့ ဆိုးကြွေး ပေးဆပ်ရပုံနဲ့ပတ်သက်လို့တော့ လက်ဝဲရံ 'အရှင် မဟာမောဂ္ဂလာန်' မထေရ်မြတ်ကြီး ပရိနိဗ္ဗာန်ပြုခါနီးမှာ ပေးဆပ်ခဲ့ရတဲ့ ကြွေးပါပဲ။

'အရှင်မဟာမောဂ္ဂလာန်' မထေရ်မြတ်ကြီး က တန်ခိုးဣဒ္ဓိပါဒ် အရာမှာ အထွတ်အထိပ်ရောက်အောင် ကြီးမားတော်မူတဲ့အတွက် အထက် နတ်ပြည်လောက နဲ့ အောက် ဥဿာဒငရဲပြည်လောကများအထိ ဒေသစာရီ ကြွတော်မူပြီး အဲဒီ အထက် အောက်ဒေသတွေမှာ တွေ့ရတဲ့ နတ်သားတို့ ငရဲသားတို့ရဲ့ အတိတ်ကံများကိုလည်း တွေ့ဆုံ မေးမြန်းခဲ့ပါတယ်။ လူ့ပြည်ကို ပြန်ရောက်တဲ့ အခါမှာ ရတနာသုံးပါး ဦးထိပ်ထားပြီး ကုသိုလ်ကောင်းမှု ပြုကြတဲ့ မြတ်စွာဘုရားရှင်ရဲ့ တပည့်သားတွေထဲက "ဘယ်သူ ဘယ်သူတွေဖြင့် ကောင်းမှုကြောင့် နတ်ပြည် လောကမှာ စည်းစိမ်ချမ်းသာတွေ ဘယ်လို ခံစား နေကြ

http://www.dhammadownload.com



ရတယ်" ဆိုတာကို ကိုယ်တွေ့မျက်မြင် တွေ့ဆုံမေးမြန်းခဲ့တဲ့အတိုင်း ပြန်ပြီး ဟောပြသလို အောက်ဉဿာဒငရဲမှာ တွေ့ကြုံရတဲ့ တိတ္ထိတို့ရဲ့တပည့်တွေထဲက "ဘယ်သူဘယ်ဝါဖြင့် ဘယ်ငရဲမှာ ခံစားနေရတယ်" ဆိုတာကိုလည်း ကိုယ်တွေ့အဖြစ် ဟောပြပါတယ်။

'အရှင် မဟာမောဂ္ဂလာန်' မထေရ်မြတ်ကြီး ကိုယ်တော်တိုင် ကိုယ်တွေ့ မျက်မြင် ဟောပြောချက်များကို ကြားနာကြရတဲ့အတွက် လူအပေါင်းတို့ဟာ တိတ္ထိတို့ကို ရှောင်ခွာပြီး ရတနာသုံးပါးကို ဆည်းကပ်ကြသူတွေ ပိုများလာတယ်။ ဒါကို တိတ္ထိတို့က ရန်ငြိုးဖွဲ့ပြီး 'အရှင်မဟာမောဂ္ဂလာန်' ကို သတ်ဖြတ်ဖို့ 'သမဏဂုတ္တက' ဆိုတဲ့ ခါးပြဗိုလ်ကို ငွေအသပြာတစ်ထောင်ပေးပြီး လုပ်ကြံခိုင်းတယ်။ အရှင်မြတ်ကြီးဟာ ပင်ကိုအားဖြင့် ပရိနိဗ္ဗာန်ပြုဖို့ (၇) ရက်လောက်ပဲလိုတော့တဲ့ အချိန်ဖြစ်ပါတယ်။

'သာမဏဂုတ္တ' ဆိုတဲ့ လူဆိုးခါးပြဗိုလ်ဟာ အခြံအရံ သူခိုးခါးပြများနဲ့အတူ မထေရ်မြတ်ကြီး သီတင်းသုံးနေတဲ့ ကာဠသိလာကျောက်ဖျာ ရှိရာအရပ်ကို သွားရောက် ဝိုင်းဝန်းကြပေမယ့် မထေရ်မြတ်ကြီးက တန်ခိုးအဘိညာဉ်နဲ့ ကောင်းကင်ကို ပျံတက်ပြီး တိမ်းရှောင်နှင့်တယ်။ ဒီလို နည်းနဲ့ (၆)ရက်အထိ တိမ်းရှောင်နိုင်ခဲ့ပေမယ့် (၇)ရက် မြောက်မှာတော့ မထေရ်မြတ်ရဲ့ ရှေးက ပြုမှားခဲ့

http://www.dhammadownload.com



တဲ့ အကုသိုလ်ကံက အကျိုးပေးဖို့အခွင့် ကြုံလာတယ်။ မထေရ်မြတ်ကလည်း အကုသိုလ်ကံဟောင်းကြွေး ပေးဆပ်ဖို့ ကြုံလာတာကို ကောင်းကောင်းသိတဲ့အတွက် အဲဒီနေ့မှာတော့ တန်ခိုးနဲ့ တိမ်းရှောင်မှု မပြုနိုင်တော့ဘူး။

မထေရ်မြတ် ပြုမှားမိတဲ့ အကုသိုလ်ကံကတော့ ရှေးနုစဉ်ကာလ ဘဝတစ်ခုမှာ မယားရဲ့ ဂုံးချောစကားကို နားယောင်ပြီး မျက်မမြင် မိဘနှစ်ပါးကို တောထဲအထိ လှည်းနဲ့ခေါ်ဆောင်ပြီး လူဆိုးဓားပြများ ထကြွသောင်းကျန်းဟန်ဆောင်ကာ ရိုက်နှက်သတ်ဖြတ်ဖို့ ကြိုးစားခဲ့မိတာပါပဲ။

လူဆိုးများဟန်ဆောင်ပြီး ရိုက်နှက်တဲ့အခါ မျက်မမြင် မိဘနှစ်ပါးက တကယ့် ခိုးသားဓားပြတွေ ထင်မှတ်ပြီး သားကို လွတ်အောင်ရှောင်ပြေးဖို့ ပြောဆို ငိုကြွေးရင်း သတိပေးကြတယ်။

မထေရ်မြတ်အလောင်း သတို့သားက မိဘတို့ရဲ့မေတ္တာတရားကို အံ့သြလောက်အောင် သိလိုက်ရတဲ့အခါ နောင်တရပြီး ခိုးသားဓားပြတွေ ထွက်ပြေးကြတဲ့အခြင်းအရာမျိုး ပြုပြီးတော့မှ မိဘများကို သက်သာရာ ရစေပြီး အိမ်ကိုပြန်ခေါ်လာခဲ့ကာ လုပ်ကျွေးပြုစုပါတယ်။

ဒီနေရာမှာ တချို့က "ရှင်မောဂ္ဂလာန် အလောင်း သတို့သားဟာ မျက်မမြင်မိခင်ကြီးကို ရိုက်သတ်ခဲ့တယ်"

http://www.dhammadownload.com



လို့ အစဉ်အလာ အမှတ်မှား အပြောမှားကြတာ ရှိတယ်။ အမှန်က အသေတော့ မသတ်မိပါဘူး။ သတ်ဖို့ ရည်ရွယ်ပြီး ရိုက်ပုတ်ရုံ ရိုက်ပုတ်ခဲ့တာပါ။ မိခင် ကိုသာ မဟုတ်ဘူး၊ မိဘနှစ်ပါးလုံးကို ပြစ်မှားမိခဲ့တာ ဖြစ်ပါတယ်။

အဲဒီ အကုသိုလ်ကံ အကျိုးပေးခွင့် ကြုံလာတဲ့အတွက် မြေလျှိုး မိုးပျံပြီး သိကြားမင်းရဲ့ ဝေဇယန္တာပြာသဒ်ကိုပင် ဆတ်ဆတ်ခါ တုန်လှုပ်အောင် စွမ်းဆောင်နိုင်တဲ့ မထေရ်မြတ်ရဲ့ တန်ခိုးဣဒ္ဓိများဟာ အားနွဲ့တဲ့အဖြစ် ရောက်ခဲ့ပါတယ်။ ဒါကြောင့် နောက်ဆုံး ပရိနိဗ္ဗာန်ပြုမည့်နေ့မှာတော့ တန်ခိုးနဲ့ တိမ်းရှောင်နိုင်စွမ်း မရှိတော့တာပါ။ ကြွေးဟောင်းကို ပေးဆပ်ဖို့ မငြင်းဆန်လိုတဲ့အတွက် တန်ခိုးအဘိညာဉ်ဝင်စားဖို့ကို စိတ်မပါတော့တာလည်း ဖြစ်ချင်ဖြစ်မှာပါ။

မထေရ်မြတ်ရဲ့ အတိတ်ကံဟာ မိဘများကို တကယ် အသေသတ်ခဲ့တာမဟုတ်ဘဲ သတ်ဖို့ ကြိုးစားရိုက်ပုတ်ခဲ့ခြင်းသာ ဖြစ်တဲ့အတွက် ခိုးသားများ ရိုက်ပုတ်သတ်ဖြတ်ပေမယ့် ပလာလပိဋ္ဌိက ကမ္ဗကရဏ လို့ခေါ်တဲ့ အရိုးတွေကို ကြေမွအောင် ရိုက်ထုပြီး တစ်ကိုယ်လုံးကို ကောက်ရိုးကရွတ်လို ခွေလို့ရလောက်အောင် ပြုလုပ် သတ်ဖြတ်ကြတာပါပဲ။ ဒါပေမယ့် မထေရ်မြတ်ရဲ့ ကံဟောင်းက မိဘကို အသေသတ်ခဲ့တာ မဟုတ်လို့ လူဆိုးများ

http://www.dhammadownload.com



လက်ချက်နဲ့ အသက်ဆုံးသည်အထိ မဖြစ်ခဲ့ပါဘူး။ အဘိညာဉ်ပတ်တီး နဲ့ ခန္ဓာကိုယ်ကို ခိုင်မတ်အောင် ရစ်နှောင် ဖွဲ့စည်းပြီး ကောင်းကင်ခရီးနဲ့ မြတ်စွာဘုရားရှိရာကို ကြွရောက်ကန်တော့ပြီးမှ ကာဠသိလာကျောက်ဖျာရှိရာ တောအုပ်ကို ပြန်ကြွပြီး ပရိနိဗ္ဗာန်ပြုခဲ့တာ ဖြစ်ပါတယ်။

ဒီဖြစ်ရပ်များကို ကြည့်လိုက်ရင် "သူ့ကြွေးရှိရင် ဆပ်ရလိမ့်မယ်" ဆိုတဲ့ စကားဟာ အလွန်လေးနက်မှန်ကန်တဲ့ စကားဖြစ်သလို ကောင်း ဆိုး နှစ်တန် လောကဓံ အတွက်လည်း စွယ်စုံရ ကုသ ကာကွယ်ဆေးကြီး တစ်လက်လို့ ထင်မိပါတယ်။ ကြွေးသစ်မတင်အောင် ကာကွယ်ဖို့ အဆိုး အကောင်း ကြွေးဟောင်းနှစ်မျိုးထဲက အကောင်းကြွေးဟောင်းများဖြစ်တဲ့ မိဘဆရာတို့ရဲ့ ကျေးဇူးကြွေးကို ကျေပွန်အောင်ပေးဆပ်ကြဖို့နဲ့ ကြွေးဟောင်းဆိုးကို ပေးဆပ်တဲ့အနေနဲ့ လောကဓံအဆိုး ကို ခံရတဲ့အခါမှာလည်း "ဒါဟာ ငါပေးရမယ့် ကြွေးဟောင်းတွေကို ကျေအောင်ပေးဆပ်နေရတာပဲ" ဆိုတာ သဘောပေါက်ပြီး သည်းခံနိုင်ကြဖို့ပါ။ 'ပြုသူအသစ် ဖြစ်သူအဟောင်း' ဆိုတဲ့ ရှေးလူကြီးသူမတို့ရဲ့စကားဟာလည်း ဒီသဘောကိုပဲ ရည်ညွှန်းတာ ဖြစ်မှာပါပဲ။

ဒီနေရာမှာ 'လယ်တီဆရာတော်ဘုရားကြီး' မိန့်

http://www.dhammadownload.com



ကြားခဲ့တဲ့ "ကိုယ့်ပစ္စည်း လူခိုးခံရတာဟာ ကိုယ်ကလည်း တစ်ချိန်ချိန်မှာ သူများပစ္စည်း ခိုးခဲ့လို့ပေါ့ကွ" ဆိုတဲ့ စကားကိုလည်း နှလုံးမူသင့်မယ် ထင်ပါတယ်။

လူ့ဘဝကို ရရှိခြင်း၊ သာသနာတော်နဲ့ ကြုံတွေ့ခြင်းဆိုတဲ့ ရတောင့်ရခဲ အခြေခံ ဒုလ္လဘတရား နှစ်ပါးကို ရရှိကြတဲ့အခိုက်မှာ မိမိတို့ဘက်က ဖြည့်စွက်တည်ဆောက်ပေးရမည့် သဒ္ဓါ စတဲ့ ဣန္ဒြေများနဲ့ ပြည့်စုံခြင်း၊ ဒုက္ခခပ်သိမ်းမှလွတ်အောင် ရုန်းထွက်လိုခြင်း၊ သူတော်ကောင်းတရားကို နာယူမှတ်သားခြင်းဆိုတဲ့ ဒုလ္လဘသုံးခု ကို မပျက်မကွက် ဖြည့်စွက်ပြီး ဒုလ္လဘငါးခုလုံး ပြည့်စုံတဲ့ အဆင့်မြင့်လူသားများဖြစ်ကြဖို့အတွက် ဒီ ဒုလ္လဘတရား ဆိုတဲ့ အခွင့်ထူးတွေကို ပျက်စီးစေတတ်တဲ့ အဆိုးအကောင်း ကြွေးဟောင်းများ ကင်းရှင်းပြီး အဆိုးကြွေးသစ်များ မတင်အောင် ကြိုးစားကြပါစို့။

မိမိတို့ရဲ့ ပတ်ဝန်းကျင်မှာ ဆရာ့ကျေးဇူးဆိုတဲ့ ကြွေးဟောင်းကို မပေးဆပ်ရုံမျှမကဘဲ ဘာမဟုတ်တဲ့ ပစ္စည်းလေးပါး နဲ့ ဒကာ ဒကာမတို့ကို အကြောင်းပြုပြီး ဆရာသမားအပေါ်မှာ အလွန်ဝန်လေးတဲ့ ကြွေးသစ်တွေ တိုးသည်ထက် တိုးအောင် လုပ်ဆောင်နေကြတဲ့ တပည့်မျိုးတွေကို အံ့ဩတုန်လှုပ်စရာကောင်းလောက်အောင် မျက်မြင်တွေ့ကြုံနေရလို့ အခုလိုသတိပေးလိုက်ရတာပါ။

http://www.dhammadownload.com



ကြွေးဟောင်းလည်းကျေ၊ ပေးဆပ်စရာ ကြွေးသစ်ကင်းပြီး သာသနာတွင်း ကုသိုလ်ထူးများကို ဆည်းပူးရယူနိုင်ကြပါစေ။

□

http://www.dhammadownload.com



# အသက်ထက်အလွန်

"လောကမှာတော့ 'သေရေး–ရှင်ရေး' ဆိုတာ အရေးကြီးဆုံးကိစ္စတစ်ခုလို့ မှတ်ယူကြတာပေါ့။ သာသနာတော်မှာတော့ အသက်ထက် အလွန်အရေးကြီးတဲ့ကိစ္စ ရှိသေးတယ်"

http://www.dhammadownload.com



ကြာတော့ကြာခဲ့ပြီ။ မိမိ ရဟန်းဖြစ်စလောက်က ဆိုတော့ လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်လောက်က ပေါ့။ ဟိုဟိုဒီဒီ ဘုရားဖူးရယ် လို့ အလွန်သွားခဲ့လှပေမယ့် အသက်အရွယ်ကြီးမှ ဒီတစ်ခေါက်ပဲ ဘုရားဖူး ရောက်လာဖူးတဲ့ ကြီးတော်နဲ့ ဦးလေးတို့က ကိုယ်တိုင်လိုက်ပို့စေချင်တယ်လို့ တောင်းဆိုကြတာရယ်၊ ဦးပဉ္ဇင်း၊ ကိုရင်များက စာမေးပွဲကြီး နီးကပ်နေတာရယ်ကြောင့် စစ်ကိုင်းတောင် ကို ဘုရားဖူးလိုက်ပို့ဖို့ မငြင်းမဆန်သာဘဲ လက်ခံလိုက်ရတယ်။

အမရပူရ က စစ်ကိုင်းကို စောစောထသွားပြီး စစ်ကိုင်းတောင်ခြေရောက်မှ ဆွမ်းဆိုင်တစ်ဆိုင်မှာ နံနက်ဆွမ်းကပ်တော့ ဆိုင်ထဲမှာ ဆွမ်းဘုဉ်းပေးနေတဲ့ သက်လတ်ပိုင်းအရွယ် ဆရာတော်တစ်ပါးနဲ့ ဒကာသုံးယောက်တို့ကို တွေ့ရတယ်။ ဆရာတော်က သူတို့ဝိုင်းမှာ တစ်ပေါင်းတည်း ဘုဉ်းပေးဖို့ တိုက်တွန်းဖိတ်ခေါ်လို့ အတူဘုဉ်းပေးကြရာက စကားစပ်မိတော့ ဆရာတော်က ပုသိမ်တစ်ဖက်ကမ်းကဖြစ်ပြီး ဒကာတွေကတော့ ပုသိမ်မြို့ပေါ်ကတဲ့။ သူတို့ကလည်း ဒေသမကျွမ်းကြလို့ အတူတူအဖော်လုပ်ပြီး မိမိကို ဦးဆောင်လမ်းပြအဖြစ် လုပ်ပေးဖို့ ပြောတာနဲ့ တစ်ပေါင်းတည်းသွားဖို့ ဝန်ခံလိုက်တယ်။

http://www.dhammadownload.com



ဘယ်ဘက်ကစပြီး တက်မလဲ။ အခု တောင်ခြေက စပြီးတက်ရင် လွမ်းစေတီကို ပထမဆုံးတွေ့ရမယ်။ ငှက်လှေနဲ့သရက်ပင်ဆိပ်အထိသွားပြီး ဥမင်ကိုးဆယ်ဘက်က စတက်ရင်တော့ အပြန်မှာ လွမ်းစေတီကနေ ဆင်းရမှာ ဖြစ်တယ်ဆိုတဲ့အကြောင်း တိုင်ပင်တော့ ဆရာတော်က "စပြီး ဘုရားဖူးတက်တက်ချင်း လွမ်းရတာ မကောင်းပါဘူး၊ အပြန်ရောက်မှ စစ်ကိုင်းတောင်ကို လွမ်းပြီး ပြန်ခဲ့ကြတာပေါ့။ တပည့်တော်တို့မှာ တခြား လွမ်းစရာမှ မရှိဘဲ" လို့ ရယ်စရာလိုလို ပြောတာနဲ့ ဥမင်ကိုးဆယ်ဘက်ကစတက်တဲ့ ခရီးစဉ်ကို အတည်ပြုလိုက်ပါတယ်။

ပဲစားဂူအလွန် ဥမင် (၃၀)ဘက် တက်ခါနီးမှာတော့ ခရီးတစ်ထောက်အဖြစ် တရုတ်စကားပင် အရိပ်ခပ်ကျဲကျဲအောက်က အုတ်ခုံတန်းမှာ ခဏနားနေကြတုန်း ဟိုတောင်ဘက် ဆွမ်းဦးပုညရှင်ဘက်ဆီလောက်က ပြေးလာခဲ့ပုံရတဲ့ ကလေးငယ်တစ်ယောက်လက်ထဲမှာ အမျိုးသမီးငယ်ကိုင်တဲ့ အိတ်ကလေးတစ်ခုကိုင်ပြီး ခပ်ဖြည်းဖြည်း ရောက်လာတယ်။ ကလေးက ဘောင်းဘီခပ်နွမ်းနွမ်း၊ စွပ်ကျယ်လက်ပြတ် ပခုံးတစ်ဖက်ပြဲနဲ့ အနားရောက်တော့ "ဘုန်းဘုန်း ဒီနားအတိုင်း ကင်မရာလွယ်ထားတဲ့ အစ်ကိုကြီးတစ်ယောက် ဘယ်ဘက်ကို သွားတာတွေ့လိုက်သလဲဘုရား" လို့ လျှောက်ထားတယ်။ "လူတွေ သွား

http://www.dhammadownload.com



တာ လာတာများတော့ တို့လည်း သတိမထားလိုက်မိဘူး ကွ။ ဘာဖြစ်လို့တုန်းဆိုတော့ "ဒီမှာ သူတို့အိတ် ဖြစ် မယ်ထင်တယ်၊ တပည့်တော်တို့ ဆိုင်ရှေ့နားကခုံပေါ်မှာ ထိုင်နေကြရင်း ရှုခင်းတွေခဏတပ်ပုံရိုက်နေရာက ထွက်သွား ကြတာ၊ ဒီအိတ် သူတို့ထိုင်တဲ့ခုံပေါ်မှာ ကျန်နေတာတွေ့ လို့ အစ်မက လိုက်ပေးချေဆိုတာနဲ့ လိုက်လာခဲ့တာ"တဲ့။

"လူတွေလည်း အများကြီးကွဲ့၊ ကလေးလိုက်နေ ရင် လမ်းမှာ လွဲချင်လွဲနေမယ်။ ဒီနားကသာ စောင့်နေ၊ ဒီနေရာဟာ ဟိုဘက် ဒီဘက် လမ်းခွဲပဲ။ သူတို့အိတ်ဆိုရင် မေ့ကျန်တာ သတိရတော့ ပြန်လာရှာကြမှာပေါ့" ဆိုတော့ ကလေးလည်း အသာခေါင်းညိတ်ပြီး အိတ်ကလေးကို ကိုင်ရင်း ရပ်နေတယ်။ သိပ်မကြာလိုက်ပါဘူး။ အမျိုး သား အမျိုးသမီး စုံတွဲတစ်တွဲလည်း ခပ်သုတ်သုတ်ပဲ ရောက်လာကြတယ်။ အမျိုးသမီးက ကလေးလက်ထဲက အိတ်ကို မြင်လိုက်ရင်ပဲ "ဟော ဟိုမှာ ဟိုမှာ အဲဒါ တို့ အိတ်" ဆိုပြီး ကလေးလက်ထဲကအိတ်ကို ပြေးယူပါ တယ်။ ကလေးကလည်း "အစ်မကြီးတို့ မေ့ကျန်ခဲ့လို့ သားလိုက် ပေးတာပါ" ဆိုပြီး ပေးလိုက်တယ်။ အမျိုး သမီးက အိတ်ကိုဖွင့်ကြည့်ပြီး အထဲက ပိုက်ဆံများကို ထုတ်ရေနေတယ်။ ရာတန်စက္ကူအထပ်တစ်ခုလို ခန့်မှန်း ကြည့်ရတာ သုံးလေး ထောင်ခန့်တော့ ရှိမယ်ထင်တယ်။

http://www.dhammadownload.com



ပြီးတော့မှ အမျိုးသမီး က "အဲ တော်သေးရဲ့။ အားလုံး စေ့တယ် မောင်ရေ၊ မိတို့ ခပ်မြန်မြန်လိုက်လာလို့ တော်သေးတယ်" ဆိုပြီး ကလေးငယ်ကို လှည့်မကြည့်တော့ဘဲ ပြန်လှည့်သွားပါတော့တယ်။ မိမိတို့အဖွဲ့ဝင်များရောပါ၊ ကလေးငယ်ပါ ပါးစပ်အဟောင်းသားနဲ့ ငေးကျန်ရစ်တယ်။

ခဏနေတော့မှ ပုသိမ်က ဆရာတော်ကြီးက ကလေးငယ်ကို "ဟဲ့ ငါ့တပည့် ဘာငေးနေတာလဲ။ မင်းတာဝန်ကျေပြီပဲ။ ငေးမနေနဲ့တော့လေ။ ဘုန်းဘုန်းတို့နဲ့ လာစကားပြောဦးကွ။ ငါ့တပည့်က ဘယ်မှာနေလဲ။ ဒီတောင်ပေါ်မှာ ဘာလာရောင်းကြသလဲ" ဆိုပြီး အကျိုးအကြောင်း မေးပါတယ်။ ကလေးငယ်က သူတို့အကြောင်း ပြောပြဖို့ "သားတို့ကလို့ –" စလိုက်တော့ ဆရာတော်က ကြားဖြတ်ပြီး "ရဟန်းသံဃာနဲ့ စကားပြောတဲ့အခါ 'တပည့်တော်' လို့ ပြောရတယ်။ 'သားတို့က' မပြောရဘူး။ 'ဟုတ်ကဲ့' ဆိုတဲ့ နေရာမှာ 'တင်ပါ့' လို့ ပြောရတယ်" လို့ ဆုံးမပါတယ်။

"တင်ပါ့ တပည့်တော်တို့ ဒီတောင်ခြေမှာပဲ နေပါတယ်။ အဖေက အရင်ကတော့ ရှာထောင်မီးရထားစက်ရုံမှာ လုပ်တယ်။ ခြေထောက်ခိုက်မိလို့ အလုပ်က ထွက်လိုက်တာ (၂)နှစ်လောက်ရှိပြီ။ အဖေ့အတွက် လျော်ကြေးရတဲ့ ပိုက်ဆံနဲ့ အိမ်ကလေးဝယ်ပြီး နေကြ

http://www.dhammadownload.com



တာ၊ အမေက မြို့ထဲလှည့်ပြီး အကြော်ရောင်းတယ်။ အစ်မက မနှစ်က ရှစ်တန်းကျလို့ ကျောင်းကထွက်ပြီး ဒီတောင်ပေါ်မှာ လက်သုပ်ဆိုင် ဖွင့်ရောင်းတယ်။ သူက မနက်စောစော အစ်မကို ဒီအပေါ်အရောက်ပို့ရင်း တရုတ်စကားဖူး လိုက်ချိုးတယ်။ အားလုံး မွေးချင်းငါးယောက် ရှိတယ်။ ကလေး က အခု ၅ တန်းတက်ရမယ်။ အငယ် သုံးယောက်က ကျောင်းနေစ (၂)ယောက်၊ အိမ်မှာ နို့ဖြတ် တစ်ယောက်တဲ့။ သူတို့ အသုပ်ဆိုင်က အာလူး ပြုတ်ရယ်၊ ကြာဆံရယ်၊ တရုတ်စကားဖူးပြုတ်ထားတာရယ် သုံးမျိုး ရောပြီး သုပ်ရောင်းတာတဲ့။ အခုလို ကျောင်း ပိတ်ချိန်မှာ တော့ သူလည်း အစ်မနဲ့အတူ ဆိုင်မှာလိုက်ကူတယ်။ တရုတ်စကားဖူးတွေ လိုက်ချိုးပြီး ကိုယ့်ဆိုင်မှာ လိုသ လောက်လည်း သုံးတယ်။ တခြားလိုတဲ့ဆိုင်တွေကို လိုက် ပေးရင်း သူတို့က မုန့်ဖိုးပေးတယ်။ အဲဒါ စုပြီး ကျောင်းဖွင့် တဲ့အခါ လွယ်အိတ်တစ်လုံး ဝယ်ရမယ် ဆိုတာရယ် အကြောင်းစုံ ပြောပြနေပါတယ်။

နောက်ဆုံးမှာ "အစ်မကတော့ လာမယ့် ကျောင်း ဖွင့်ချိန်ရောက်ရင် ဘောင်းဘီနဲ့ အင်္ကျီအသစ်တစ်စုံလည်း ဝယ်ပေးမယ်လို့တော့ ပြောတာပဲ။ ဒါပေမယ့် ဝယ်နိုင် မယ် မထင်ပါဘူး။ အမေနဲ့ အစ်မနှစ်ယောက် တစ်နေကုန် ရောင်းတာမှ တစ်နေ့ (၁၀)ကျော်မြတ်တာ၊ အိမ်စားတာ

http://www.dhammadownload.com



က ညမနက် (၇)ကျပ် လောက်ကုန်ပြီး အဖေ့အတွက် ဆေးလည်း ဝယ်နေရတယ်” လို့ ပြောရင်း စကားအဆုံး သတ် လိုက်ပါတယ်။

ကလေးက သွက်သွက်လက်လက်နှင့် အပြော အဆိုလည်း ယဉ်ကျေးသလို မိသားစုအခက်အခဲကိုလည်း အတော်နားလည်နေတဲ့ပုံပဲ။ ဆရာတော်က ဆိုင်နေရာ သေချာမေးပြီး အပြန်ကျရင် တို့လည်း ငါတပည့်တို့ဆိုင် မှာ နားဦးမယ်နော်။ အခု ဆက်တက်လိုက်ဦးမယ်လို့ နှုတ်ဆက်ပြီး ခရီးဆက်ခဲ့ကြတယ်။

ပြန်အဆင်းမှာ ဆွမ်းဦးပုညရှင်နားရောက်တော့ ကလေးပြောခဲ့တဲ့ဆိုင်ကို ရှာကြည့်နေတုန်း ကလေးက “ဟိုမှာ ဟိုမှာ အစ်မ၊ သားပြောတဲ့ ဘုန်းဘုန်းတို့အဖွဲ့” ဆိုပြီး ပြေးလာကြိုတယ်။ သူတို့ကို လက်ဟန်ပြပြီး “ဘုရားအရင် ကန်တော့လိုက်ဦးမယ်၊ ပြီးမှ လာမယ်” လို့ အမူအရာနဲ့ပြောတော့ နားလည်တဲ့ပုံနဲ့ ခေါင်းညိတ် ပြ ပါတယ်။

သူတို့ဆိုင်ကလေးက ထင်းရှူးပြားနဲ့ လုပ်ထား တဲ့ စားပွဲခုံရှည်လေးတစ်ခုပေါ်မှာ စဥ့်ရေနွေးကြမ်းအိုး နှစ်လုံးနဲ့ စဥ့်အကြမ်းပန်းကန် (၁၀)လုံးလောက်ရယ်၊ ဖင်ထိုင်ခုံ ပုပုလေး (၁၀)ခုလောက်ရယ်နဲ့ တစ်ဖက်ရပ် တဲကလေးပါ။ ဗန်းတစ်ခုထဲမှာ အာလူးပြုတ် ပါးပါးလှီး

http://www.dhammadownload.com



ပြီးသားရယ်၊ ကြာဆံရေနွေးဖျောထားတာရယ်၊ တရုတ် စကားအဖူးလေးတွေ ပြုတ်ထားတာရယ်ကို တစ်ကန့်စီ ပုံထားပြီး နိုင်လွန်ခြင်ထောင်စလေးနဲ့ အုပ်လို့၊ အနားမှာ တော့ ဆီချက်ဘူးတစ်ဘူးနဲ့ ကြက်သွန်နီ၊ ကြက်သွန်ဖြူ လှီးပြီးသားလေးတွေ တစ်ကန့်၊ ရောက်ရှက်နု ပါးပါးလှီး ထားတာလေးတွေ တစ်ကန့်ကိုလည်း သံပန်းကန်ပြား တစ်ခုနဲ့ထည့်ပြီး နိုင်လွန်စလေးနဲ့ အုပ်လို့။

ကလေးမလေးက (၁၅)နှစ်လောက် ရှိရော့မယ်။ သစ်သစ်လွင်လွင် မဟုတ်ပေမယ့် သပ်သပ်ရပ်ရပ် ဝတ်ဆင် ထားတယ်။ မျက်နှာကလည်း မွန်မွန်ရည်ရည် ပြေပြေ ပြစ်ပြစ်ကလေး။ မိမိတို့အဖွဲ့ ထိုင်မိကြတဲ့အခါ ပုဆစ်တုပ် ပြီး ဦးချလိုက်သေးတယ်။ ပြီးမှ "ဟဲ့မောင်လေး၊ ဟို အဒေါ်တို့ဆိုင်မှာ ဘုန်းဘုန်းတို့ ရေနွေးကြမ်း ကပ်ရ အောင် ကြွေပန်းကန်နှစ်လုံး သွားငှားချေ"လို့ ခိုင်းလိုက် ပါတယ်။ ကလေးက ဖင်ပေါ့မယ့်ပုံဆိုတော့ ဆိုင်နီးနား ချင်း ကူညီလုပ်ကိုင်ပေးတတ်လို့ ခင်မင်နေကြပုံရပါတယ်။

ကလေးပြန်လာတဲ့အခါ ကြွေအကြမ်းပန်းကန် (၂) လုံးအပြင် လက်ဖက်ရည်အချို (၂) ခွက်လည်း ပါ လာတယ်။ ဘုန်းဘုန်းတို့ဖို့ ဆိုလို့ ဆိုင်ကလှူလိုက်တာ တဲ့။ မိမိတို့က လက်သုပ် ငါးပွဲမှာပြီး ရေနွေးကြမ်းနဲ့ ဘုဉ်းပေးစားသောက်ကြရင်း ကလေးမကို မိသားစု

http://www.dhammadownload.com



အကြောင်း ထပ်ပြီး စပ်စုကြည့်မိသေးတယ်။

ကလေး ပြောပြထားတာများအပြင် နောက်ထပ် သိရတာကတော့ အဖေက ခြေထောက်တစ်ဖက် မသန် တော့တဲ့အပြင် ပန်းနာရင်ကျပ်ရောဂါအခံလည်း ရှိလို့ အကျင်စမာဝှမ်း မပြတ်ဝယ်ထားရကြောင်း၊ တစ်ခါတလေ ရောဂါဖောက်လာရင် သမဆေးခန်းပြရလို့ အခက်ကြုံ ရကြောင်း၊ မိသားစု စားဝတ်နေရေးအရ ကျောင်းထွက် လိုက်ကြောင်း၊ လက်သုပ်ရောင်းရတာက တောင်ခြေမှာ ဆို တစ်ပွဲ ငါးမူးရပြီး တောင်ပေါ်မှာ သုံးမတ်ရကြောင်း၊ လက်ဖက်ရည်တစ်ခွက်နဲ့ ဈေးတူဖြစ်ကြောင်း၊ တစ်နေ့ ငါးကျပ်ကျော်ကျော်လောက်ကျန်လို့ နေ့စား သုံးကျပ် ဆယ့်ငါးပြားနဲ့စာတော့ သားအမိနှစ်ယောက်လုပ်ခက အဖေ့အတွက် ဆေးဖိုးဝါးခလေး အပိုရတတ်ကြောင်း၊ မောင်လေးက ဆိုင်မှာလိုအပ်တဲ့ တရုတ်စကားပွင့်တို့ ဘာ တို့ ချူးပြုတ်ပြီးတဲ့အခါ ခုနပန်းကန်သွားငှားတဲ့ ထမင်း၊ လက်ဖက်ရည်ရောင်းတဲ့ဆိုင်မှာ စားပွဲထိုး ကူညီလုပ်ပေး လို့ နေ့လယ်စာ ဆိုင်ကကျွေးပြီး ညနေ အိမ်ပြန်ချိန်မှာ မုန့်ဖိုး တစ်ကျပ်၊ တစ်ကျပ်ခွဲလောက် ပေးတဲ့အတွက် ကျောင်းစရိတ်ရအောင် စုထားပေးပေမယ့် အဖေ့ရောဂါ ရက်ဆက်ဖောက်လာတဲ့အခါမျိုးမှာ သူ့စုငွေလေးတွေ သုံးလိုက်ရကြောင်းများပါပဲ။

http://www.dhammadownload.com



အိမ်မိုးရမယ်ဆိုတဲ့အကြောင်း မေးကြည့်တော့ နီး သက်ကယ် (သက်ငယ်) မိုးရတာက အကုန်အကျ သက်သာပေမယ့် (၂)နှစ်လောက်ပဲ ခံကြောင်း၊ ဝါးကပ် မိုးရင် ငါးနှစ်ခြောက်နှစ် ခိုင်ပေမယ့် သံဖိုးပါဆိုရင် နှစ်ရာ နီးပါးကုန်မှာဆိုတော့ မတတ်နိုင်ခဲ့ကြောင်း၊ ဒီနှစ်တော့ ချွေတာစုပြီး ဝါးကပ်မိုးမယ် စိတ်ကူးကြောင်းများ ပြော ပြပါတယ်။

ကလေးမ စကားဆုံးတဲ့အခါ ဆရာတော်က မောင်နှမနှစ်ယောက်ရဲ့ လိမ္မာရေးခြားရှိပုံကို ခန့်မှန်းမိလို့ ထင်ပါတယ်။ တရားစကားလေးတွေနဲ့ ဆုံးမနေတယ်။

အေးကွယ်။ လူ့လောကမှာတော့ အသက်ရှင် ရေး ဆိုတာ အလွန်အရေးကြီးတာပေါ့ကွယ်။ "သေရေး ရှင်ရေး" လို့ လူတွေပြောနေကြတဲ့အတိုင်းပေါ့။ အခု ကလေးတို့ လုပ်ကိုင်ရှာဖွေနေကြရတာဟာလည်း အဓိက ကတော့ အသက်ရှင်ရေးအတွက်ပဲပေါ့။ လူတိုင်းဟာ အသက်ရှင်ဖို့အတွက်သာ ရေးကြီးခွင်ကျယ် ထင်မှတ်နေ ကြပေမယ့် အသက်ရှင်ရတာဟာ ဘာလုပ်ဖို့လဲဆိုတာ အထိတော့ ဆက်ပြီး မစဉ်းစားတက်ကြဘူးကွဲ့။ အသက်ရှင် နေရသည့်ခိုက်ကလေးမှာ "ငါ–ငါ" လို့ ပြောဆိုနေရ တာလေးကိုလည်း အစွဲကြီး စွဲပြီး သာယာနေကြတတ် တယ်။ ပြီးတော့ "ငါ" ချင်း ပြိုင်ဆိုင်ဖို့အတွက် အခြံအရံ

http://www.dhammadownload.com



တွေ၊ စည်းစိမ်ဥစ္စာတွေ ကို စုဆောင်းရှာဖွေနေကြတော့တယ်။ မောင်နှမနှစ်ယောက်ကတော့ နားလည်လေသလား မသိဘူး၊ ငေးပြီး နားထောင်နေကြတယ်။ အတူပါလာတဲ့ ဒကာကြီးတွေကတော့ ခေါင်းတညိတ်ညိတ်နဲ့။ ဆရာတော်က ဆက်ပြောနေတယ်။

တို့ မြတ်စွာဘုရားကတော့ အသက်ရှင်ရတာဘာ့အတွက်လဲဆိုတာအထိ စဉ်းစားတာရှိတယ်။ ဟို 'ဝိသုဒ္ဓိမဂ်' ဆိုတာမှာလည်း ဟောထားတာ ရှိတယ်။

၁။ ကိုယ်လက်အင်္ဂါကို စောင့်ရှောက်ဖို့ ဥစ္စာပစ္စည်းကို စွန့်ရမယ်။

၂။ အသက်ကို စောင့်ရှောက်ဖို့ ခြေလက်အင်္ဂါကို စွန့်ရမယ်တဲ့။

ကလေးမတို့အဖေမှာ အသက်ကို ထိခိုက်မယ်ဆိုတော့ ခြေတစ်ဖက်ကို ဖြတ်ပစ်လိုက်ရတယ်မဟုတ်လား၊ အဲဒါမျိုးပြောတာပေါ့။ ပြီးတော့

၃။ ကိုယ်ကျင့်တရားကို စောင့်ရှောက်ဖို့၊ ပစ္စည်းဥစ္စာ၊ အင်္ဂါခြေလက်၊ ကိုယ်နဲ့အသက်ကိုပါ စွန့်ရမယ်တဲ့ (ဝိသုဒ္ဓိမဂ္ဂ - သီလနိဒ္ဒေသ) အဲဒါကို အစဉ်အတိုင်းအကြောင်းရှာလိုက်တော့ -

ပစ္စည်းဥစ္စာ ဆိုတာ အင်္ဂါခြေလက်ကို စောင့်ရှောက်ဖို့။ အင်္ဂါခြေလက်တွေ ဆိုတာက ကိုယ့်အသက်

http://www.dhammadownload.com



ကို စောင့်ရှောက်ဖို့။ ကိုယ့်အသက် ဆိုတာက ကိုယ်ကျင့်တရားတွေ၊ ပါရမီကုသိုလ်တွေကို ဆည်းပူး စောင့်ရှောက်ဖို့လို့ ဆိုလိုတာကွဲ့။

အဲဒီတော့ လူဆိုတာ ဘယ်အတွက် အသက်ရှင်နေဖို့ လိုအပ်နေတာလဲဆိုရင် အဲဒီနောက်ဆုံးအချက်အတွက်ပဲ နားလည်လား။ အဲဒါ အသက်ထက် အရေးကြီးတဲ့ တရားပဲကွဲ့။

အခု ငါ့တပည့်များဟာ ဆင်းရဲတယ်ဆိုပေမယ့် မိဘကို လုပ်ကျွေးရမှန်းလည်း သိတယ်။ ကိုယ့်မှာ စားဝတ်နေရေး မပြည့်စုံဘူး။ ဖခင်ကြီးရဲ့ အသက်ကိုလုယူဖို့ ကြိုးစားနေရတဲ့အချိန်မျိုးမှာပဲ စောစောက ဧည့်သည်တွေ မေ့ကျန်ရစ်တဲ့ သူများပစ္စည်းကို ရယူလိုတဲ့ စိတ်ထားမရှိဘူး။ ဥစ္စာရှင်ကိုရှာပြီး လိုက်ပေးတယ်။ ဒါဟာ ဘုရားရှင်ပြောတဲ့ အသက်ထက်အရေးကြီးဆုံး ကိုယ်ကျင့်တရား ပဲကွဲ့။ ငါ့တပည့်များမှာ အဲဒီ အရေးအကြီးဆုံး တကယ့်ရတနာအစစ်ကို ပိုင်ဆိုင်နေကြပြီဖြစ်လို့ နောက်ဆို ဆင်းရဲဒုက္ခတွေက ကင်းလွတ်တော့မှာ၊ မိသားစုတွေ အားလုံးလည်း ဒီလိုစိတ်ထားမျိုးတွေ တိုးသည်ထက် တိုးအောင်ကြိုးစားကြနော်” လို့ပြောပြီး ပါလာတဲ့ဒကာကြီးကို –

“ကဲ ကျောင်းဒကာ၊ အဲဒီ ဘုန်းကြီး နဝကမ္မ ထဲက တစ်ရာတန်နှစ်ရွက် ထုတ်လိုက်ပါ” လို့ အမိန့်ပေး

http://www.dhammadownload.com



လိုက်တယ်။ ပြီးတော့ -

"ကလေးတို့ ဒါ ဘုန်းဘုန်းက စေတနာနဲ့ပေးတာ၊ မင်းတို့ရဲ့ လိမ္မာရေးခြားရှိတာနဲ့ ကိုယ်ကျင့်တရား ကို ဂုဏ်ပြုတာမို့ မငြင်းဆန်ကြနဲ့ ယူလိုက်။ ပြီးတော့ အိမ် မိုး စရာရှိတာလည်း မိုးပေါ့။ ဟောဒီကလေးအတွက် ကျောင်း တက်လွယ်အိတ်နဲ့ အဝတ်တစ်စုံလည်း ဝယ်ပေးလိုက် နော်" လို့ပြောပြီး အတင်းအယူခိုင်းတယ်။ ကလေးမ လေးက ငြင်းနေသေးပေမယ့် ဆရာတော်က အကျိုး အကြောင်း ပြောပြပြီး ယူဖို့တိုက်တွန်းတော့မှ လက်ခံ တယ်။ ရာတန်စက္ကူလေးတွေကို လှမ်းယူတဲ့ သူ့လက် ကလေးတွေကတော့ တုန်တုန်လှုပ်လှုပ်နဲ့။ ဒီရာတန်စက္ကူ နှစ်ရွက်ဟာ သူတို့မိသားစုအတွက်တော့ ပထမဆုံး ရောက် လာတဲ့ ညော်သည်တော်ကြီးများ ဖြစ်ပုံရပါတယ်။

အသုပ်ဖိုး ရှင်းမယ်လုပ်တော့ ဒွတ်ငြင်းနေတယ်။ လှူပါရစေတဲ့။ ပါလာတဲ့ ဒကာကြီးက ငါ့တူ ဘောင်းဘီနဲ့ အင်္ကျီဝယ်ပေါ့ကွာ။ ပိုတော့လည်း မင်းအစ်မနဲ့ ငယ်တဲ့ ကလေးတွေအတွက်လည်း ဝယ်ချင်တာ ဝယ်ပေးပေါ့ဆိုပြီး ငါးဆယ်တန်တစ်ရွက် ပေးလိုက်တယ်။ အဲဒီတုန်းကတော့ မလေးရှားကလာတယ်ဆိုတဲ့ လုံချည် ပွင့်ရိုက်ကလေးတွေ တစ်ထည်မှ ပ-ပ-က ဆိုင်မှာ သုံးကျပ်ခွဲပဲ ပေးရတာဆို တော့ ဒီငွေပမာဏဟာ သူတို့မိသားစု အတွက် လတ်

http://www.dhammadownload.com



တလော အခက်အခဲအားလုံးကို ဖြေရှင်း နိုင်လောက်ပါတယ်။ ကလေးများကို ကြည့်ရတာ မယုံကြည်နိုင်လောက်အောင် အံ့သြနေကြတဲ့ပုံပဲ။

"ကဲ ပြန်ကြတော့မယ်" လို့ နှုတ်ဆက်လိုက်တဲ့ အခါမှာတော့ ကလေးနှစ်ယောက်လုံး ဘုန်းကြီးနှစ်ပါး ကိုကော ပါလာတဲ့ ဒကာ၊ ဒကာမကြီးတွေကိုရော ပုဆစ် တုပ်ပြီးဦးချကန်တော့နေရင်း ပါးစပ်ကလည်း "ဘုန်းဘုန်း တို့ ကျန်းမာကြပါစေ၊ ဦးဦးတို့ ဒေါ်ဒေါ်တို့ ကျန်းမာ ကြပါစေနဲ့" ဆုတောင်းကြလို့ နောက်ဆုံးအကြိမ် ဦးချ ပြီးချိန်မှာတော့ ကလေးမလေးက သူ့မျက်နှာကို လက် ပေါ်က မခွာတော့ဘူး။ ကိုယ်လုံးလေး သိမ့်ခနဲ မသိမသာ တစ်ချက်လှုပ်လိုက်တာလည်း တွေ့လိုက်ရတယ်။

မိမိတို့ပြန်လာလို့ ခပ်လှမ်းလှမ်းကနေပြန်ကြည့် လိုက်တော့ မောင်နှမနှစ်ယောက်လုံး လက်အုပ်ကလေး တွေ ချီပြီး မျှော်ငေးကြည့်နေကြတုန်း။ ပါးစပ်ကလေးတွေ ကလည်း လှုပ်စိ လှုပ်စိ နဲ့။ လွမ်းစေတီကဆင်းကာနီးမှာ အားလုံးပဲနောက်ကိုပြန်လှည့်ကြည့်မိကြသေးတယ်။ ပုသိမ် ကဆရာတော်ရဲ့မျက်နှာမှာတော့ စစ်ကိုင်းတောင်ပေါ်မှာ လွမ်းစရာတစ်ခုခုကျန်ရစ်ခဲ့သလိုလို မျက်မှောင့်ခပ်ညိုညို။

ם

http://www.dhammadownload.com



# ဆုကြီးပြန်

# "ဤကျောင်းတိုက်အတွင်းသို့ ဘုရားအလောင်း မလာရ"

(သထုံ မင်းကွန်း ဇေတဝန်ဆရာတော်ကြီး)

http://www.dhammadownload.com



မိမိနဲ့ အလွန်ရင်းနှီးတဲ့ ဒကာကြီးတစ်ယောက် နိုင်ငံခြားပြန်၊ ဒေါက်တာဘွဲ့ရ ဒကာကြီးပါပဲ။ အခုတော့ ဝတ်ကြောင်ကို လွတ်အောင်ရုန်းပြီး သာသနာ့ဝန် ထမ်းနေပါတယ်။ သူ့ဝါသနာအတိုင်း ပရဟိတကလေးတွေကို စာသင်ပေးတယ်။ ရောက်လေရာအရပ်မှာ အရိပ်ရမယ့် သစ်ပင်တွေကို စိုက်တယ်။ ပုတီးစိပ်တယ်။ တရားအားထုတ်ဖို့ တိုက်တွန်းတော့ သူက ဘုရားဆုပန်ထားလို့ ဝိပဿနာအလုပ်ကို ခရီးပေါက်အောင် လုပ်လို့မဖြစ်ဘူးတဲ့။ အကြိမ်ကြိမ်ကို တိုက်တွန်းပေမယ့် အမျိုးမျိုးဆင်ခြေ ပေးပြီး ငြင်းဆိုနေပါတယ်။

မိမိက ဘုရားဆုပန် ယောကျာ်း ဆိုတာ 'သုမေဓာရှင်ရသေ့' 'ဒီပင်္ကရာ မြတ်စွာဘုရား' ထံမှာ နိယတဗျာဒိတ်ခံယူတော့ ရှင်ရသေ့ရဲ့ သီလသမာဓိ အရည်အချင်းက တကယ်လို့သာ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုမယ်ဆိုရင် ဂါထာထက်ဝက် အက္ခရာ (၁၆)လုံးလောက် တရားဟောပြရုံနဲ့ ရဟန္တာ ဖြစ်နိုင်တဲ့ အနေအထားမျိုး ဖြစ်နေပြီ။ အိမ်ရာတည်ထောင်ခြင်းကို အငယ်ကတည်းက စိတ်မကူးခဲ့တဲ့အပြင် မိဘများ ဆုံးပါးသွားတော့ ကျန်ရှိတဲ့အမွေတွေကိုလည်း အားလုံး စွန့်နိုင်နေပြီ။ အခု ဒကာကြီးရဲ့ အခြေအနေက ဘယ်အဆင့်ရောက်နေပြီလဲဆိုတော့လည်း

http://www.dhammadownload.com



ဘာမျှပြန်ပြောလိုဟန်မရှိဘဲ ရယ်လို့ပဲနေတယ်။

ဂေါတမ ဘုရားအလောင်းတော်ဟာ သုမေဓာ ရှင်ရသေ့ဘဝနဲ့ နိယတဗျာဒိတ် လို့ခေါ်တဲ့ ဘုရားလောင်း အဖြစ် ခိုင်မြဲတဲ့စကားကို ဒီပင်္ကရာ မြတ်စွာဘုရားထံက ကြားနာပြီးချိန်ကစပြီး အခု ဘုရားဖြစ်တဲ့အထိ လေး သင်္ချေ နဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။ ဒါတောင် ပညာဓိက ဘုရားအလောင်း မို့လို့။ သဒ္ဓါဓိက ဆိုလျှင် ရှစ်သင်္ချေ နဲ့ ကမ္ဘာတစ်သိန်း ကြာမယ်။ ဝီရိယဓိက ဆိုလျှင် (၁၆)သင်္ချေ နဲ့ ကမ္ဘာတစ်သိန်းကြာမယ်။ ဒီလို နိယတဗျာဒိတ် မရခင် အဲဒီအဆင့် (လိုချင်လျှင် ရဟန္တာ ဖြစ်နိုင်တဲ့အဆင့်) ရောက်ဖို့ ပါရမီဖြည့်ခဲ့တာ ဘယ် လောက်ကြာခဲ့တယ်ဆိုတာ မခန့်မှန်းနိုင်သေးဘူး။

ခုချိန်အထိ သိရသလောက် လူဝတ်ကြောင်များ ထဲမှာရော ရဟန်းတော်များထဲမှာပါ 'ဘုရားဆုပန်' 'ဆု ကြီးပန်' ဆိုတဲ့ပုဂ္ဂိုလ် တစ်ရာထက် မနည်းလောက် ကြား ဖူး သိဖူးတယ်။ မကြားမသိရတဲ့ အရေအတွက်က ဘယ် လောက် ရှိနေမယ်မပြောတတ်ဘူး။ သေချာတာကတော့ အဲဒီပုဂ္ဂိုလ်တွေအားလုံးဟာ အခုဘဝမှာ "ဖြစ်ချင်စိတ် ရှိမယ်ဆိုရင် ရဟန္တာဖြစ်နိုင်လောက်တယ်" လို့ ပြောရ လောက်အောင် စွန့်လွှတ်နိုင်မှု၊ ကြိုးစားမှုမျိုး မတွေ့ရ သေးသလို သက်တော်ထင်ရှား ဘုရားတစ်ဆူဆူထံက

http://www.dhammadownload.com



နိယတဗျာဒိတ်စကား ရယူထားပြီးသားလည်း မဟုတ်ဘူး။ ဒီတော့ သူတို့ရဲ့ ပါရမီကာလက အကန့်အသတ်မရှိဘဲ အနည်းဆုံး နိယတဗျာဒိတ်ရကြလို့ လေးသင်္ချေကမ္ဘာတစ်သိန်းကာလကြာပြီး ဘုရားဖြစ်ကြမယ် ဆိုရင်တောင် ဒီပုဂ္ဂိုလ်တစ်ရာကျော် ဘုရားဖြစ်ပြီးမှ ဒကာကြီးအလှည့် ဆိုရင် ကမ္ဘာပေါင်း လေးရာကျော် စောင့်ရဦးမယ် မဟုတ်လား။ ဒီကြားထဲမှာ မဂ်ဖိုလ်ရဖို့ ဘာမှမလုပ်ဘူးဆိုတော့ ကမ္ဘာအကန့်အသတ်မရှိ မဂ်ဖိုလ်ကိစ္စ ရပ်ဆိုင်းထားမယ့်သဘောလား ဆိုတဲ့အကြောင်း မေးပြန်တော့လည်း ဘာမှ ရေရေရာရာ ပြန်မပြောဘူး။ ပါရမီဖြစ်ရုံလောက်တော့ လုပ်ပါတယ်တဲ့။

ဒါနဲ့ မိမိက 'လှိုင်မဟာစည်ဆရာတော်' မိန့်ကြားဖူးတဲ့ 'သထုံမင်းကွန်း ဇေတဝန်ဆရာတော်ကြီး' ရဲ့ ကျောင်းတိုက်အဝင် မုခ်ဝမှာ သဘော်ဆေးနဲ့ အကျအနရေးပြီး ချိတ်ထားတယ်ဆိုတဲ့ ဆိုင်းဘုတ်အကြောင်း ပြောပြမိတယ်။

'မဟာစည်ဆရာတော်'၊ 'တောင်ပုလုဆရာတော်' စတဲ့ ဆရာတော်ကြီးများရဲ့ ဆရာဖြစ်တဲ့ သထုံမြို့ ' မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး ' ရှိစဉ်က ဆရာတော်ကြီးကို အလွန် ကြည်ညိုပြီး ရင်းလည်း ရင်းနှီးတဲ့ ဒကာကြီးတစ်ယောက်က ကျောင်းတိုက်ကို မပြတ်လိုလို

http://www.dhammadownload.com



လာလေ့ရှိပြီး ဆရာတော်ဘုရားကြီးနဲ့လည်း အကျွမ်းတဝင် လျှောက်ထား ပြောဆိုလေ့ရှိသတဲ့။ အဲဒီ ဒကာကြီးက အရပ်ထဲ ရောက်ပြီဆိုရင်တော့ 'ဓမ္မ' ကို 'ဓားမ' လုပ်ပြီး တွေ့သမျှ တရားသမားတိုင်းကို တရားစောင်းခုတ်တော့ တာပဲတဲ့။ သူ့စကားတွေကို သဘောမကျလို့ ပြန်လှန် ငြင်းဆိုပြီဆိုရင် "ဒါဟာ မင်းကွန်းဆရာတော်ဘုရားကြီး နဲ့ဆွေးနွေးပြီး သိရတဲ့တရားဗျ။ လက်မခံနိုင်ရင် ဆရာ တော်ကြီးနဲ့ သွားရှင်းကြ" ဆိုပြီး ဆရာတော်ကြီးအမည် နဲ့ ကိုင်ထုလေ့ ရှိသတဲ့။

ဒါနဲ့ ကြာတော့ ဆရာတော်ကြီးရဲ့ တပည့်ဒကာ တွေကလည်း နားမခံသာတော့တဲ့အတွက် ဆရာတော် ကြီးကို ဖြစ်ကြောင်းကုန်စင် တင်ပြလျှောက်ထားကြတော့ တယ်။ နောက်တစ်ခါ အဲဒီဒကာကြီး ဆရာတော်ထံ ရောက်လာတဲ့အခါ ဆရာတော်ကြီး က တရား ဆိုတာ ငြင်းခုံဖို့ မဟုတ်ဘူး၊ လိုက်နာကျင့်သုံးဖို့ဖြစ်တယ်။ တရား ရှိသူဆိုတာဟာ ကိုယ်နှုတ်နှလုံး အေးချမ်းငြိမ်သက်သူ ဖြစ်ရတယ်။ အခုလို ဒေါသတွေ မာနတွေနဲ့ ငြင်းခုံနေ သူမျိုးမဟုတ်ဘူး။ ဒါကြောင့် ဒကာကြီးဟာ ကိုယ့်သန္တာန် မှာ တရားရှိအောင် အရင်ကျင့်သုံးရမယ်ဆိုတဲ့ အကြောင်း ပြောဆို ဆုံးမပါသတဲ့။

ဒီတော့ ဒကာကြီးက သူဟာ ဆုကြီးပန် ဖြစ်တဲ့

http://www.dhammadownload.com



အတွက် သူတစ်ပါးရဲ့ သာဝက အဖြစ်နဲ့ မဂ်ဖိုလ် ကိုရအောင် အားထုတ်လို့မဖြစ်ဘူး။ ပါရမီဓာတ်ခံ ရရုံလောက်ပဲ တရားကို နာယူ ဆွေးနွေးနိုင်မယ်ဆိုပြီး ငြင်းဆန်ပါသတဲ့။ ဆရာတော်ကြီးက အမျိုးမျိုး ဆုံးမပေမယ့် ငြင်းဆန်မြဲ ငြင်းဆန်နေတဲ့အခါ အဲဒီဒကာကြီးကို နောက်နောင် သူ့ကျောင်းထဲ လုံးဝမလာဖို့နဲ့ သူ့နာမည်ကိုသုံးပြီး တရားငြင်းခုံတာမျိုး လုံးဝမလုပ်ရလို့ တားမြစ်လိုက်သတဲ့။ အဲဒီအချိန်ကစပြီး ဆရာတော်ကြီးရဲ့ မင်းကွန်းဇေတဝန်ကျောင်းတိုက်မုခ်ဝမှာ "ဤကျောင်းတိုက် အတွင်းသို့ ဘုရားအလောင်း လုံးဝမလာရ"လို့ ဆိုင်းဘုတ်ကို ထင်ထင်ရှားရှားရေးပြီး ချိတ်ထားစေခဲ့တယ်လို့ ဆိုပါတယ်။

ဒီအကြောင်းကို ပြောပြပြီး မိမိကလည်း ဒကာကြီး ကို "ဒကာကြီးလည်း ဆုကြီးပန် အဖြစ်က လုံးဝမလျှော့နိုင်ဘူးဆိုရင် ဦးပဥ္စင်းလည်း ကျောင်းမှာ ဇေတဝန်ဆရာတော်ကြီးရေးတဲ့ ဆိုင်းဘုတ်မျိုး ရေးထားရလိမ့်မယ် ထင်တယ်" လို့ ပြောလိုက်မိပါတယ်။

(၂)နှစ်လောက်ကြာပြီးနောက် ဒီတစ်ခါ ဒကာကြီးနဲ့တွေ့တဲ့အခါမှာတော့ ဒကာကြီးက "အရှင်ဘုရားကျောင်းမှာ တပည့်တော်အတွက် ဆိုင်းဘုတ်များ ရေးထားတာရှိရင် ဖြုတ်လိုက်ပါတော့ ဘုရား" တဲ့။ တပည့်တော် ဆုကြီးပန် အဖြစ်ကို စွန့်လိုက်ပါပြီ။ တရားများလည်း

http://www.dhammadownload.com



ဆရာသမားထံ ချဉ်းကပ်ပြီး စနစ်တကျ အားထုတ်နေပါပြီဆိုတဲ့အကြောင်း လျှောက်ထားပါတယ်။

မိမိက ဒကာကြီးရဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး ဝမ်းမြောက်စကားပြောဆိုရင်း စပ်မိလို့ တခြား မိမိသိကျွမ်းဖူးတဲ့ ဆုကြီးပန်ဆရာတော်တစ်ပါးလည်း 'ဆုကြီးပန်' အဖြစ်ကနေ 'ဆုကြီးပြန်' ဖြစ်သွားပုံကို ရယ်စရာအဖြစ် စပ်မိပြီး ပြောပြလိုက်မိတယ်။

မုံရွာနယ်က သစ်ချိုလိန်လှ ဆိုတဲ့ အရပ်နားက ဆရာတော်ကြီးတစ်ပါးကလည်း ဘုရားဆု ပန်သတဲ့။ ညပိုင်း ဘုရားဝတ်တက်ပြီးတဲ့အခါ သူက ဘုရားဆုပန်ထားကြောင်းပြောပြီး အားလုံးကို သာခုခေါ်ခိုင်းတယ်။ တပည့်တွေကိုလည်း ဘာဆုတွေများ ပန်ကြသလဲဆိုတာ မေးလေ့ရှိသတဲ့။ တပည့်ရဟန်းတွေကလည်း ဆရာတော်စိတ်ချမ်းသာအောင် တချို့က လက်ယာရံဆုပန်၊ တချို့ကလည်း လက်ဝဲရံတို့ အလုပ်အကျွေးဆုတို့ အသီးသီး လျှောက်ကြတာပေါ့။ တစ်ပါးလျှောက်ထားပြီးတိုင်း ဆရာတော်ကြီးက "အေး ကောင်းတယ် ကောင်းတယ်၊ ကဲ အားလုံး သာခုခေါ်ကြ" လို့ တိုက်တွန်းတော့ ကျန်တဲ့ ဦးပဉ္ဇင်း၊ ကိုရင်တွေကလည်း သာခု ခေါ်ကြရတာပေါ့။

အဲဒီကျောင်းမှာ တောထွက်ကိုယ်တော်ကြီးတစ်ပါးလည်း ရှိတယ်။ ငယ်ငယ်ကတော့ အသောက်အစား

http://www.dhammadownload.com



စတဲ့ ခွယ်စုံဆယ့်နှစ်ကြိုးသမားဘဝကနေ ရဟန်းပြုလာတဲ့ကိုယ်တော်ကြီးဆိုကိုး။ ဆရာတော်က အစဉ်အတိုင်း မေး မေးလာလိုက်တာ အဲဒီကိုယ်တော်ကြီး ဖြေရမယ့်အလှည့်ရောက်တော့ "တပည့်တော်ပန်တဲ့ဆု ကိုတော့ မဖြေပါရစေနဲ့ဘုရား" လို့ ငြင်းဆန်သတဲ့။ ဆရာတော်က "ကိုယ်တော်ကြီး ဘာများ မဟုတ်တယုတ်ဆုတွေ ပန်ထားလို့ မဖြေချင်ရတာလဲ။ ကောင်းတဲ့ဆု ပန်တာဆိုရင် သူများတွေလည်း သာဓုခေါ်ရအောင် ဖြေမှပေါ့" လို့ အတန်တန် တိုက်တွန်းတော့မှ "တပည့်တော်က ဆရာတော်တို့လို ပါရမီတွေကိုလည်း သိပ်ပြီး ဖြည့်ဆည်းနိုင်မယ် မထင်လို့ သုဒ္ဓေါဓနမင်းကြီးကို အားကျပြီး ဘုရားအဖေဆု ပန်ထားတယ်ဘုရား" လို့ လျှောက်ထားလိုက်သတဲ့။

အဲဒီရဲ့နောက်ပိုင်းမှာတော့ ညတိုင်း ပြုနေကျဆုကြီးပန်သာဓုခေါ်ပွဲ လည်း မလုပ်ဖြစ်တော့ဘူး။ နောက် (၅) နှစ်လောက်အကြာမှာတော့ ဆရာတော်ကြီးက "ငါ ဘာဆုကြီးပန်မှ မဟုတ်တော့ဘူးဟေ့။ ခု ဘုရားသာသနာမှာပဲ မဂ်ဖိုလ်ရအောင် ကြိုးစားအားထုတ်တော့မယ်" ဆိုပြီး တောရဆောက်တည်ရင်း တရားအားထုတ်သွားပါတော့သတဲ့ ။

'လယ်တီဆရာတော်ဘုရားကြီး' ကတော့ ဘုရား

http://www.dhammadownload.com



တစ်ဆူဆူကို ငြင်းပယ်ပြီး ကိုယ်တိုင် သယမ္ဘူ ဖြစ်အောင် အချိန်ဆွဲနေကြသူများကို မဆိုထားနှင့် "နောက်ဘုရားမှာ အများငါတို့ ပါကြစို့" လို့ ဆင်ခြေပေးသူများကိုပင် –

'ခွင့်သာခိုက်မှာ မလိုက်လျှင် အမိုက် နင့်ပြင် ရှိသေးလိမ့်လား ။

ခွင့်သာဆဲမှာ မနွဲ့ချင်လျှင် အလွဲ နင့်ပြင် ရှိသေးလိမ့်လား ။

ခွင့်သာတုန်းမှာ မရုန်းချင်လျှင် အရှုံး နင့်ပြင် ရှိသေးမို့လား' လို့ သတိပေးဆုံးမခဲ့ပါတယ်။

အခု ကြုံတွေ့နေရတဲ့ ဂေါတမမြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ဟာ ဒုက္ခလွတ်မြောက်လိုသူတို့အတွက် ချွင်းချက်မရှိ ပြည့်စုံလုံလောက်ပါတယ်။

ဒီလို အခိုင်အမာ ယုံကြည်ကိုးစားနိုင်ကြပါစေသောဝ် ။

http://www.dhammadownload.com



အိုကံ

စည်းစိမ်ဥစ္စာတွေ၊ အခြွေအရံတွေဆိုတာ ကံရဲ့ အကျိုးပေးတွေ ဗျ။ ကံတွေ မဟုတ်ဘူး။ ကံ ဆိုတာ ကိုယ်အားထုတ်တဲ့ ဒါန၊ သီလ၊ ဘာဝနာတွေကို ခေါ်တာ။

(နတ်မောက်မြို့နယ်၊ ဥယျာဉ်တောင်ကျောင်းဆရာတော်)

http://www.dhammadownload.com



အငယ်က မိမိတို့နေတဲ့ ဘုန်းကြီးကျောင်းမှာ ကပ္ပိယကြီးနှစ်ယောက် ရှိတယ်။ 'ဦးဖိုးငယ်' နဲ့ 'ဦးသာမှတ်' တဲ့။ 'ဦးဖိုးငယ်'က မျက်စိမမြင်တဲ့ ဒုက္ခိတကြီး။ 'ဦးသာမှတ်'ကတော့ အသက်အရွယ်အလျောက် အိုမင်းတာက လွဲလို့ အားလုံး အင်္ဂါစုံလင်ပါတယ်။ အသက်ကြီးလာတော့ ရွာထဲမှာ ဆူဆူညံညံမနေလိုတာနဲ့ ဘုန်းကြီးကျောင်းမှာ ကပ္ပိယ အဖြစ်လာနေတာ။ သူက ရွာမှာ အချမ်းသာဆုံးဖြစ်တဲ့ 'ဦးသာမြတ်' ရဲ့ အစ်ကိုအရင်းပါ။ ဒါပေမယ့် ညီအစ်ကိုချင်း တယ်ပြီး သဘောထားမတိုက်ဆိုင်ကြဘူး။ မခေါ်မပြောရယ်လို့တော့ မဟုတ်ပါဘူး။ စရိုက်ချင်းမတူ ညီကြတော့ ဖာသိဖာသာပဲ နေကြတာပါ။

သူတို့ ညီအစ်ကိုဟာ မိဘမျိုးရိုးကတော့ မရှိမရှား ဆိုတဲ့ အတန်းစားထဲကပါပဲ။ နောက်တော့ ခေတ်ကာလအလျောက် ရှာတတ် ဖွေတတ် ကြံဖန်တတ်တဲ့ 'ဦးသာမြတ်' က တစ်ရွာလုံးမှာ အချမ်းသာဆုံးဖြစ်သွားပြီး 'ဦးသာမှတ်' ကတော့ သာမန်အဆင့်ပဲ။ အို လာတော့လည်း သားသမီးတွေ သူ့အိုးသူ့အိမ် ခွဲသွားကြတာ အဘိုးကြီး အမယ်ကြီး နဲ့ မိတဆိုးမြေးကလေးတွေ နဲ့ နည်းနည်းတော့ ကသီလင်တ ရှိတာပေါ့။ မြေးကလေးတွေ ရှင်လူထွက်ပြီး တောင်သူလုပ်ကိုင်နိုင်ကြတော့ သူက

http://www.dhammadownload.com



အိမ်မှာမနေတော့ဘဲ ဘုန်းကြီးကျောင်းမှာ ကပ္ပိယ လုပ်နေတာ။

ကပ္ပိယကြီးနှစ်ယောက်မှာ မျက်စိမမြင်တဲ့ 'ဦးဖိုးငယ်'က အသက်နည်းနည်းငယ်တယ်။ (၇၀) ကျော်ကျော် လေးပေါ့။ သူက မျက်စိသာမမြင်တယ်။ ကျောင်းဝိုင်းထဲမှာ ပေါင်းမြက်ရှင်းတဲ့အလုပ်ကျတော့ အတော့်ကိုသေသပ်တယ်။ လက်တစ်ဖက်ကိုင် တူရွင်းပြားအရိုးတိုကလေးနဲ့ မြက်တွေကို ထိုးထိုးပြီး လက်နဲ့ စမ်းစမ်းပုံထားတာ။ အကွက်ကိုစေ့လို့။ အကွက်ကျော်ပြီး ပေါင်းမြက်တွေ ကွက်ကြားကျန်ရစ်တယ်လို့ကို မရှိဘူး။ ထိုးပြီးသား မြက်ပင်တွေကိုလည်း လက်ကလေးနဲ့ သဲ့သဲ့ပြီးသပ်သပ်ရပ်ရပ်ပုံထားတာ ညီနေတာပဲ။ အမှိုက်စွန့်တဲ့အခါတော့ ကျောင်းသား ကိုရင်တွေက စွန့်ပေးကြတယ်။ အငယ်ကတည်းက ဒီဘုန်းကြီးကျောင်းမှာပဲနေခဲ့တာဆိုတော့ ကျောင်းဝိုင်းတစ်ဝိုင်းလုံး ဘယ်နားမှာ ဘာရှိတယ်ဆိုတာ အကုန်မှတ်မိနေတော့ အိမ်သာတို့၊ ရေချိုးကန်တို့ကိုလည်း ဘယ်သူမှ လိုက်ပို့စရာမလိုဘူး။ တောင်ဝှေးကလေးနဲ့ ထောက်စမ်းပြီး သူ့ဟာသူသွားတာပဲ။

မနက် အရုဏ်တက်ခါနီး ကြက်ဦးတွန်လောက်ဆို ကပ္ပိယကြီးတွေ နိုးကြပြီး ကျောင်းသားကိုရင်တွေ ဘုရားဝတ်တက်ဖို့နဲ့ ရွာထဲကို ဆွမ်းချက်နိုးဖို့ ကုလား

http://www.dhammadownload.com



တက် တုံးခေါက်တာ၊ ရေနွေးကျိုတာ စတဲ့ ဗာဟိရ အလုပ်တွေကို ကပ္ပိယကြီးနှစ်ယောက်က လုပ်ကိုင်ပေးကြ တာဆိုတော့ ကျောင်းသားကိုရင်တွေကလည်း ကြည်ဖြူ စောင့်ရှောက်ကြတယ်။ လသာတဲ့ညတွေမှာဆို ကပ္ပိယ ကြီးတွေနဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ၊ ပုံပြင်တွေ ပြောပြ တာကို ဝိုင်းပြီးနားထောင်ကြ၊ မေးမြန်းစပ်စုကြနဲ့ တစ်ခါ တလေ ဆရာတော် ညအိပ်ညဉ့်နေ အဝေးကြွတဲ့နေ့တွေ ဆို သန်းခေါင်သန်းလွဲအထိ မအိပ်ကြဘူး။

ကျောင်းမှာ အမြဲနေကြတော့ အလှူအတန်းကြွ တဲ့ ဆရာတော်ကြီးများနဲ့လည်း ရင်းနှီးကျွမ်းဝင်ကြတယ်။ ဆရာတော်တွေနောက် ပါလာတတ်တဲ့ လှည်းမောင်းကပ္ပိယ တွေနဲ့လည်း တရင်းတနှီး အကြောင်းသိ အပေါင်းအသင်း တွေလို ဖြစ်နေကြတာပေါ့။

တစ်ခါတော့ အလှူတစ်ခုမှာ ဆရာတော်ကြီး တွေ အတော်စုံတယ်။ နံနက်စာ အရဏ်တက် ရေနွေး ကြမ်းဝိုင်းမှာ ဆရာတော်ကြီးများနဲ့ ကပ္ပိယများ စကား စမြည်ပြောကြရင်း ကံ, ကံရဲ့အကျိုးနဲ့ပတ်သက်ပြီး ပြော ကြရာက အာဂန္တုလှည်းမောင်း ကပ္ပိယကြီးတစ်ဦးက ကံ အကျိုးပေးကွာခြားပုံနဲ့ပတ်သက်ပြီး 'ဦးသာမှတ်'တို့ ညီအစ်ကို ကို နမူနာထိုးပြတယ်။ ညီအစ်ကိုချင်းဖြစ်ပေ မယ့် 'ဦးသာမြတ်' က အိုကံကောင်းပုံ၊ ပစ္စည်းဥစ္စာပြည့်

http://www.dhammadownload.com



ပြည့်စုံစုံနဲ့ သိုက်သိုက်ဝန်းဝန်းနေထိုင်ရပုံ၊ 'ဦးသာမှတ်' ကတော့ ကသီလင်တနဲ့ ဘုန်းကြီးကျောင်းမှာ ကပ္ပိယ ဖြစ်နေရပုံတို့ကို နှိုင်းယှဉ်ပြန်ပြောနေပါတယ်။ အဲဒီ အချိန်မှာ ကျောင်းခံကပ္ပိယတွေကတော့ သူ့အလုပ်နဲ့သူ မအား လို့ စကားဝိုင်းမှာ မပါနိုင်ကြဘူး။

ကပ္ပိယကြီးရဲ့ စကားကိုကြားတော့ ရှာကျောင်း ဆရာတော်က –

"ကပ္ပိယတို့ ဘုန်းကြီးပြောတာ ခဏနားထောင်ပြီး သေသေချာချာစဉ်းစားကြဦး။ ဘုန်းကြီးပြောပြမယ်။ အခု ကပ္ပိယတို့ ပြောနေတာ အိုက်ကံကောင်းပုံ ကို ပြောနေတာနော်။ ကံကောင်းတာနဲ့ ကံရဲ့အကျိုးကောင်းတာ ကွဲကွဲပြားပြားမဖြစ်ဘဲ လုံးထွေးနေတယ်။ "ဘုန်းကြီးရဲ့ ကပ္ပိယကြီး 'ဦးသာမှတ်' က အခုဆို 'မြန်မာအို ကျောင်း ကြိုကျောင်းကြား' ဆိုသလို ကျောင်းမှာ ကပ္ပိယလုပ်နေ ရတယ်။ သူ့ညီ 'ဦးသာမြတ်' က ရွာထဲမှာပဲ စည်းစိမ် ဥစ္စာအပြည့်အစုံနဲ့ နေရတယ်။ ဒါကြောင့် 'ဦးသာမှတ်' က အိုက်မကောင်းဘူး။ 'ဦးသာမြတ်' က အိုက်ကောင်း တယ်" ပြောနေကြတာ မဟုတ်လား။ အဲဒါ ကပ္ပိယတို့ ကံနဲ့ ကံရဲ့အကျိုး မကွဲပြားဘဲ လုံးထွေးပြီး အသိမှားနေ ကြတာ။

စည်းစိမ်ဥစ္စာ တို့ အခြွေအရံတို့ ဆိုတာ ကံတွေ

http://www.dhammadownload.com



မဟုတ်။ ကံရဲ့အကျိုးပေးတွေဗျ။ ကံ ဆိုတာ ကိုယ်အား ထုတ်ထားတဲ့ ဒါန၊ သီလ၊ ဘာဝနာအလုပ်တွေကို ခေါ်တာ။ အဲဒါကို ကွဲကွဲပြားပြားသိပြီဆိုရင် ကပ္ပိယတို့ စဉ်းစားကြည့်စမ်း –

ဒကာကြီး 'ဦးသာမြတ်' က ရွာထဲမှာ စည်းစိမ် ဥစ္စာတွေ၊ သားသမီးမြေးမြစ်တွေနဲ့ သိုက်သိုက်ဝန်းဝန်း နေတာ မှန်တယ်။ သူ့မှာ အတိုးအငှားကိစ္စတွေ၊ ပင်ထောင်ပေးထားတဲ့ကိစ္စတွေနဲ့၊ အသစ်ပေးရတာရော၊ အဟောင်းတောင်းရတာ၊ စာရင်းမှတ်ရတာနဲ့ လုံးချာကို လိုက်လို့။ အခါကြီးရက်ကြီးတွေမှာတောင် ဥပုသ်သီတင်း မှန်မှန် မစောင့်နိုင်ရှာဘူး။ အိုးအိမ်ခွဲသွားတဲ့ သားသမီး တွေကို အမွေခွဲပေးတာ မသင့်မျှနိုင်လို့ ပူညံပူညံလည်း ခဏခဏ ဖြစ်ရသေးတယ်နော်။ ဒီကြားထဲ အတိုးအရင်း ပေးထားတဲ့လူတွေနဲ့ တရားတပေါင်တွေ့ရတာလည်း ရှိသေးတယ်။ အခုတောင် အပေါင်ခံထားတဲ့ ယာမြေတွေ ဟို ပိုင်ရှင်က လာရွေးတာ၊ အရွေးမခံလို့ဆိုပြီး တိုင်ကြတောကြလို့ ကြီးတောင့်ကြီးမားနဲ့ မြို့ကို ရုံးချိန်းသွား နေရလို့ ရွာမှာ မကပ်နိုင်သေးဘူးတဲ့။ အဲဒါ ကပ္ပိယတို့ လည်း ကြားတယ်မဟုတ်လား။

*

ဘုန်းကြီးကျောင်းမှာ ကပ္ပိယကြီး 'ဦးသာမှတ်' ကို

http://www.dhammadownload.com



ကြည့်လိုက်စမ်း။ မနက်စော အရုဏ်တက်လို့ နိုးပြီဆို တာနဲ့ ဗုဒ္ဓဝေယျာဝစ္စ၊ သံဃာဝေယျာဝစ္စတွေလုပ်လို့၊ နေ့ခင်းကျောင်းသားကိုရင်တွေ စာသင်ချိန်မှာ သူတို့က သူတို့ဇရပ်မှာ တရားအားထုတ်လို့၊ ဘာစာရင်းမှလည်း မရှုပ်ဘူး။ ဘယ်သူနဲ့မှလည်း တရားတပေါင်တွေ့ရတာ မရှိဘူး။ ရစရာကော ပေးစရာကော ဘာမျှ အထူးအထွေ မရှိလို့ လောဘ၊ ဒေါသတွေလည်း ပွားစရာမရှိဘူး။ အဲ အတိတ်ကံရဲ့အကျိုးအရ စည်းစိမ်ဥစ္စာတွေ မပိုင်ဆိုင်ကြ ပေမယ့် တကယ့် အိုက်အစစ် ဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာတွေကတော့ဖြင့် ညီအစ်ကိုချင်း ကွာချင်တိုင်း ကွာမနေပေဘူးလား။ ကဲ စဉ်းစားကြည့်ကြစမ်း၊ ဘယ် သူက အိုက်ကောင်းသူ အစစ်လဲ။

ကပ္ပိယတို့ သေသေချာချာ စဉ်းစားကြ။ မြတ် စွာဘုရားသာသနာအတွင်းမှာ လူဖြစ်ကြရတုန်း ဘုရား တပည့်သားပျော်နည်း ပျော်တတ်ရတယ်။ ငါပျော် ပျော် မနေရဘူး။ ဒါကိုကော သဘောပေါက်ကြရဲ့လား။ ဘုရား တပည့်သားဆိုတာ တရားနဲ့ ပျော်ရတာမျိုးနော်။ ဟို ရေကန်ထဲမှာ ငါးတွေအကြောင်း သတိထားမိရဲ့ လား။ ကန်ထဲမှာ ရေတွေများနေတုန်းတော့ တစ်ကောင် နဲ့ တစ် ကောင်၊ တစ်အုပ် နဲ့ တစ်အုပ် တယ်ပြီးမစုမိကြသေးဘူး နော်။ အဲ - ကန်မှာ ရေတွေနည်းလာပြီဆိုတော့ ကျန်တဲ့

http://www.dhammadownload.com



ရေကွက်ကျဉ်းကျဉ်းလေးထဲမှာ ငါးတွေ စုမိလာကြပြီး အဲဒီအချိန်မှ ဘဝတူတွေ တိုးကြလုကြနဲ့ သူ့ဘဝနဲ့သူ တော့ ပျော်နေကြတာပဲ မဟုတ်လား။ သူတို့က ငါးတွေ မို့လို့ ဘာမျှမစဉ်းစားတတ်ကြပေမယ့် လူတွေအနေနဲ့ သေချာစဉ်းစားကြည့်စမ်း။ ဒီလို စုဝေးမိကြတယ်ဆိုတာ ရေခန်းချိန်ရောက်လာလို့ဗျ၊ မဟုတ်ဘူးလား။ မကြာခင် ရေတွေ အကုန်ခမ်းသွားပြီဆိုရင် သူတို့ ဘာဖြစ်ကြမှာ လဲ။ ဒါကို သူတို့သတိပြုရမှန်းမသိပေမယ့် လူတွေက သတိပြုရမယ်။

ကဲ လူ့လောကမှာလည်း စဉ်းစားကြည့်။ သား တွေ သမီးတွေသာမကဘဲ မြေးတွေမြစ်တွေအထိ တစ်စု တစ်ဝေးကြီးဖြစ်ချိန်ဆိုတာ ဘယ်လိုအချိန်မျိုးမှာ ဖြစ် တာလဲ။ ဘဝရေခန်းချိန်ရောက်လို့ ဖြစ်တာဗျ။ ဒါကို သတိမထားဘဲ ပျော်နေကြတုန်းဆိုရင် ဘာပျော်နည်း ပျော်တာလဲ။ ရှင်းရှင်းပြောရရင် “လူပျော်လား၊ ငါးပျော် လား” ဆိုပြီး ဆရာတော်က စကားကို ခဏရပ်လိုက် တော့ ကပ္ပိယကြီးတွေ ငြိမ်လို့။

ခဏနေတော့မှ ကပ္ပိယကြီးတစ်ဦးက “ဆရာ တော်ကသာ ကြားကောင်းအောင် ‘ငါးပျော် ပျော်တယ်’ လို့ဆိုပေမယ့် အမှန်ကတော့ ငါးဆိုတာ တိရစ္ဆာန်ပဲ ဘုရား။ လက်စသတ်တော့ တပည့်တော်တို့တစ်တွေဟာ

http://www.dhammadownload.com



ကိုယ်တိုင်လည်း တိရစ္ဆာန်ပျော်နည်းနဲ့ ပျော်ချင်နေကြပြီး သူများတွေ တိရစ္ဆာန်ပျော် ပျော်နိုင်ကြတာကို အဟုတ်ကြီးမှတ်ပြီး အားကျမိနေကြတာကိုးဘုရား” လို့ လျှောက်ထားပါတယ်။

အေး– ပြုခဲ့တဲ့ကံဟောင်း အထောက်အပံ့ကောင်းလို့ စည်းစိမ်ဥစ္စာတွေ အခြွေအရံတွေ ဘယ်လောက်ပဲ ပေါများနေနေ အိုလာပြီဆိုမှတော့ ခံစားနိုင်စွမ်းလည်း မရှိကြတော့ပါဘူး။ ဒါတွေကို အဟုတ်မှတ်ပြီး သာယာ စွဲလမ်းနေကြမယ်ဆိုရင်လည်း အိုကံဆိုးတွေ အဖြစ်နဲ့ နောက်ဆုံးမှာ သေကံဆိုးတွေ ဖြစ်ကြရမှာပဲ။ ရှေးက မြန်မာကြီး တွေ နာနာကြည်းကြည်းဆဲကြတဲ့ စကားတစ်ခုမှာ “သေခြင်းဆိုး” ဆိုတာ ရှိတယ်မဟုတ်လား။ အဲဒါ ဒီလိုလူမျိုးတွေကို ပြောတာပဲ။

အလောင်းတော်ကြီးတွေ အသက်အရွယ်ကြီးရင့်လာကြတဲ့အခါ ထီးနန်းစည်းစိမ်တွေကို စွန့်ပြီး တရားနဲ့ မွေ့လျော်ကြတယ်။ တောထွက်ကြတယ်ဆိုတာ ကြားဖူးကြတယ်မဟုတ်လား။ လောကစည်းစိမ်တွေထဲမှာ ဘုရင့်စည်းစိမ်ထက် ဘယ်ဟာသာနိုင်ဦးမှာလဲ။ ဒါတွေကို သာယာနေရင် အိုကံဆိုးတွေ၊ သေခြင်းဆိုးတွေအဖြစ်နဲ့ နိဂုံးချုပ် ကြရမှာစိုးလို့၊ ဒါတွေကိုစွန့်ပြီး အိုကံကောင်းသူအစစ် ဖြစ်အောင် တရားနဲ့ မွေ့လျော်သွားကြတာပေါ့”

http://www.dhammadownload.com



လို့ အကျယ်တဝင့် မိန့်ကြားတော်မူပါတယ်။

ခေါင်းရင်းပိုင်းမှာထိုင်နေတဲ့ ဆရာတော်ကြီးတစ်ပါးကလည်း "ကဲ ကပ္ပိယတို့ ဒီနေ့စကားဝိုင်းကဖြင့် တို့တစ်တွေ သတိမထားမိတဲ့အချက်တွေကို အရေးတကြီး သတိပေးလိုက်တာပဲ။ 'ဥယျာဉ်ဆရာတော်' ပြောတာ မှန်တယ်။ 'ပုဗ္ဗဏှသုတ်' မှာ မြတ်စွာဘုရားဟောထားတဲ့ 'သုနက္ခတ္တံ' စတဲ့ ဂါထာမှာ ဆိုထားတာရှိတယ်။ 'သုစရိုက်' တရားများအားထုတ်နေသူဟာ အမြဲတမ်း နက္ခတ် (ဇာတာ စန်းလဂ်) ကောင်းနေသူ၊ မင်္ဂလာအပေါင်း အမြဲတမ်း ခညောင်းနေသူ ဖြစ်ရုံမျှမက အချိန်တိုင်း ခဏတိုင်း မကောင်းမရှိ အကောင်းအတိသာဖြစ်တယ်၊ သုစရိုက်ပွားပြီး တရားနဲ့မွေ့လျော်သူမှန်သမျှ အိုကံ သာမကဘူး၊ နာကံတွေ၊ သေကံတွေ၊ ဘဝကူးကံတွေကစပြီး နိဗ္ဗာန် ရသည်အထိ ကံကောင်းကြသူတွေဖြစ်မှာ မလွဲဘူး။ အဲ တို့တစ်တွေ သာသနာကြုံတုန်း လူဖြစ်တုန်းမှာ အိုခြင်းဆိုး၊ နာခြင်းဆိုး၊ သေခြင်းဆိုးတွေ မဖြစ်ကြဘဲ တစ်သံသရာလုံး ကံကောင်းသူတွေဖြစ်အောင် ကြိုးစားကြဖို့သာ မမေ့မလျော့ကြနဲ့" လို့ မိန့်ကြားလိုက်တဲ့အခါ တစ်ကျောင်းလုံး သာခုသံတွေ လွှမ်းသွားပါတော့တယ်။

http://www.dhammadownload.com



## အဆုံးရှိတဲ့ သံသရာ

လည်နေတဲ့ 'ဘီး' တစ်ခု ရပ်သွားစေဖို့အတွက် ဘယ်တုန်းကစပြီး လည်ခဲ့တယ်။ အခု ဘယ်နှစ်ပတ်ရှိသွားပြီ လို့ သိစရာမလိုဘူး။ ဘာကြောင့် လည်နေရတယ်။ ဘယ်လို ဘရိတ်အုပ်ရမယ် ဆိုတာသိဖို့ပဲ လိုတယ်။

( နတ်မိုတောရ ဆရာတော် )

http://www.dhammadownload.com



တစ်ခါက ပါမောက္ခဒကာကြီးတစ်ယောက် နတ်မီတောရဆရာတော်ကြီးထံ ရောက်လာပြီး "ဒီသံသရာကြီးဟာ ဘယ်တုန်းကစခဲ့သလဲ၊ ဘယ်လောက်ကြာပြီလဲ၊ သဗ္ဗညုဘုရားရှင် တို့ဟာ အလုံးစုံကို သိတယ်ဆိုရင် သံသရာရဲ့အစကို မသိဘူးလား" လို့ အစချီပြီး ဘဲဥအစ ရှာမရ ပြဿနာကြီးကို အတော်လေရှည်ရှည်နဲ့ လျှောက်ထားပါတယ်။

ဆရာတော်က သံသရာကြီး ဘယ်တုန်းကပဲ စခဲ့စခဲ့ လက်ရှိလည်ပတ်နေတာနဲ့ ပတ်သက်လို့ ပူပန်ဆင်းရဲမှုတွေနဲ့ ဒုက္ခအစုအဝေးကြီးကို ရင်ဝယ်ပိုက်ပြီး ပင်နီယံတစ်ခုနဲ့တစ်ခု (ဘဝတစ်ခုနဲ့တစ်ခု) ပြောင်းနေရတာဟာ ပင်ပန်းတယ်လို့တော့ လက်ခံတယ်မို့လား။ လည်နေတဲ့ဘီးကြီးတစ်ခုမှာ ဖက်ပြီးလိုက်နေရတာဟာ ပင်ပန်းမောဟိုက်ရုံရှိတယ်ဆိုတာ ကိုယ်တွေ့ကြုံသိရသူအတွက် ဒီဘီးကို ရပ်စေချင်တဲ့အခါ ဒီဘီးကြီးဘယ်တုန်းကစပြီး လည်ခဲ့တယ်၊ အခု ဘယ်နှစ်ပတ်ရှိပြီဆိုတာကို သိဖို့ မလိုပါဘူး။ ဘာကြောင့် လည်နေရတယ်၊ ရပ်သွားအောင် ဘယ်လိုဘရိတ်အုပ်ရမယ်ဆိုတာကိုပဲ သိဖို့လိုပါတယ်။ အေး- ရပ်သွားပြီးတဲ့အခါမှာလည်း လည်တဲ့အချိန်ပေါင်းက ဘယ်လောက်ကြာပြီ၊ အပတ်ရေ ဘယ်လောက် ဆိုတာတွေဟာ

http://www.dhammadownload.com



ဘုရားရှင်တို့အလုပ်မဟုတ်ဘူး။ မက်ကင်းနစ်တို့ရဲ့ အလုပ်မျိုးပဲဖြစ်မယ်" လို့ မိန့်ကြားပါတယ်။

ဒကာကြီးက "သဗ္ဗညု ဆိုတာ 'အလုံးစုံကို သိတယ်' လို့ ဆိုလိုတာမဟုတ်လား ဘုရား။ ဒါဆို သံသရာအစကိုလည်း သိရမှာပေါ့" လို့ အတွန့်တက်ပြန်ပါတယ်။

"သိတယ်ဆိုတာ သိစရာရှိမှ သိတာ။ မြတ်စွာဘုရားရှင်က -

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော - သံသရာရဲ့အစကို မသိနိုင်ဘူးတဲ့။ ဘာကြောင့်တုံးဆိုတော့ ပုဗ္ဗကောဋိနပညာယတိ - သံသရာရဲ့အစ ဖြစ်တဲ့ ရှေ့အစွန်းက ထင်ရှားမရှိလို့တဲ့၊ ထင်ရှားမရှိတဲ့အရာကို ဘယ်လိုလုပ်သိနိုင်မလဲ။ သဗ္ဗညုဘုရားရှင်ကိုယ်တော်တိုင်က ထင်ရှားမရှိဘူးလို့ ဆုံးဖြတ်ထားတဲ့အရာကို အခြားဘယ်သူက ထင်ရှားရှိတယ်လို့ ပြောနိုင်မလဲ။ ရှိကို ရှိရမယ်၊ သိအောင်ကိုလုပ်မယ်ဆိုရင်တော့ သဗ္ဗညုဘုရားရှင် ထက်သာအောင် ကြိုးစားရလိမ့်မယ်။ အေး- သိတယ်ဆိုရင်တော့ သဗ္ဗညု ထက်သာသွားပြီလို့ ဆိုရမှာပေါ့။

"နို့ နေပါဦး၊ ဒကာကြီးက အခု သံသရာမှာ လည်ပတ်နေရတာ ပျော်လွန်းလို့ သံသရာကြီးများဆုံးသွားရင် လည်ပတ်ရတဲ့အချိန်တွေ နည်းနေမှာစိုးတဲ့အတွက် သံသရာကို အစက ပြန်ပြီး လည်ချင်တာလား။ အခု

http://www.dhammadownload.com



လည်ပတ်နေရတာကို ဒုက္ခတုံး ဒုက္ခခဲကြီး ရင်ဝယ်ပိုက်နေရ တယ်လို့ ထင်မှတ်ပြီး မြန်မြန်ခရီးဆုံးချင်တာလား” လို့ မေးတဲ့အခါ –

“ဒီလိုတော့ မဟုတ်ပါဘူး ဘုရား။ လူတွေက ဒါပဲသိချင်နေကြတော့ မေးတဲ့အခါ ပြောပြနိုင်အောင်ပေါ့” တဲ့။

“ဘုရားရှင်ကတော့ လည်နေရတာ ပင်ပန်းလွန်းလို့ ရပ်ချင်တယ်ဆိုတဲ့ပုဂ္ဂိုလ်များအတွက် ရပ်သွားအောင် နင်းရမယ့်ဘရိတ် ကိုပဲ ပြတယ်။

‘သစ္စာလေးပါး ကို အဟုတ်အမှန် အတိအကျ မသိကြလို့ ရှည်လျားလှတဲ့ သံသရာကြီးထဲမှာ ဘဝတွေ အမျိုးမျိုးပြောင်းလဲပြီး လည်ပတ်နေရတယ်’ တဲ့။

‘ယထာဘူတံ– အဟုတ် အမှန် အတိအကျ’ ဆိုတဲ့ စကားကိုလည်း သတိပြုရမယ်။ လောကထဲမှာ သစ္စာ သစ္စာ ဆိုပြီး ပြောနေကြတဲ့ သူပြောလူပြော သစ္စာမျိုး တွေကို မသိတာမဟုတ်ဘူး။ တကယ့် သစ္စာတရား အစစ် အမှန်ကို မသိတာလို့ဆိုတာ။ ပဋိစ္စသမုပ္ပါဒ်မှာလည်း ဒီအတိုင်း အတူတူပဲ။ သံသရာ ဆိုတာ အချိန်ကာလ အနေနဲ့သာ ဘယ်တုံးက ဘယ်လိုစခဲ့တယ်လို့ မသိနိုင်တာ။ ဘာကြောင့် သံသရာမှာ လည်ပတ်နေရတယ် ဆိုတာကိုတော့ သိနိုင်တယ်ဆိုတဲ့သဘောနဲ့ အဲဒီမှာ ‘အဝိဇ္ဇာ

http://www.dhammadownload.com



ပစ္စယာ သင်္ခါရာ’ စသဖြင့် ဟောခဲ့တာပဲ။

အဝိဇ္ဇာ ဆိုတာလည်း သစ္စာလေးပါးကို အမှန်အတိုင်း မသိတာကိုပြောတာ။ ဘာဆိုဘာမှ မသိဘူး၊ နလပိန်းတုံးဖြစ်နေကြတာလို့ ဆိုတာမဟုတ်ဘူး။ ဒီလို သစ္စာအစစ် ကို မသိကြတဲ့အတွက် သံသရာစက်ဝန်းရဲ့ တစ်ကန့်တစ်ကန့်ကို ‘ဒုက္ခ က္ခန္ဓဿ သမုဒယော= ဒုက္ခ အစုအဝေးကို ရင်ဝယ်ပိုက်ရင်း တကူးတည်း ကူးပြောင်းနေကြရတယ်’ တဲ့။

ဒါဟာ သံသရာ ဆိုတဲ့ စက်ဘီးကြီး ‘ဖရိး’ဖြစ်ပြီး မပြတ်လည်နေအောင် လွတ်နေတဲ့ ‘ဘရိတ်’ ကို ညွှန်ပြလိုက်တာပဲ။ ဒီဘရိတ်ကို ဆွဲအုပ်လိုက်ရင် ဒီသံသရာစက်ဘီး ရပ်သွားမယ်လို့ ဆိုလိုတယ်။

‘ဒုက္ခ က္ခန္ဓဿသမုဒယော – ဒုက္ခ ဖြစ်တယ်’ ဆိုတော့ သဗ္ဗညုဉာဏ်ရှင် တို့ရဲ့ သဘာဝ အမြင်အရ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ – ‘အဖြစ်’ရှိတဲ့ တရားတိုင်းဟာ ‘အချုပ်’ လည်း ရှိရမယ်ဆိုတဲ့အတိုင်း ‘ဒုက္ခ’ ဆိုတာလည်း အဖြစ်တရားဖြစ်တဲ့အတွက် ‘ချုပ်ခြင်း’ ဆိုတာ ရှိရမယ်။ ဒီအမြင်အရ ကြည့်တဲ့အခါ သံသရာ ဆိုတာ အစမထင်ပေမယ့် အဆုံးတော့ထင်တယ် ဆိုတာကိုလည်း သဘောပေါက်စေချင်တယ်။

ဘယ်လိုချုပ်သလဲ။ အဲဒါကမှ ဒကာတို့ စဉ်းစား

http://www.dhammadownload.com



ရမယ့် တကယ့်အရေးအကြီးဆုံးအချက်ပဲ။ ချုပ်ချင်တဲ့လူက ဘယ်လိုနည်းနဲ့ ချုပ်နိုင်မလဲဆိုတာ သိဖို့ပဲ အရေးအကြီးဆုံး မဟုတ်လား။ ပဋိစ္စသမုပ္ပါဒ် မှာ အနုလုံ ဆိုတဲ့ အစုံလမ်းရယ်၊ ပဋိလုံ ဆိုတဲ့ အဆန်လမ်းရယ်လို့ နှစ်မျိုး ပြထားတယ်။ အစုံလမ်းက ဒုက္ခဖြစ်ပုံကိုပြတယ်။ အဆန်လမ်းက ဒုက္ခချုပ်ပုံကို ပြတယ်။ အဆန်လမ်း (ပဋိလုံ) မှကျတော့ 'အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော– သစ္စာလေးပါးကို မသိမှုတွေစခန်းသတ် လက်စတုံးသွားရင် သင်္ခါရ ဆိုတဲ့ အစွန်းရောက်လုပ်ငန်းတွေလည်း တစ်ခါတည်း ကိစ္စပြတ်သွားမယ်' ဆိုပြီး စလိုက်တယ်မဟုတ်လား။ ဒီ 'ပဋိလုံ' ဆိုတာ သံရာဆုံးတဲ့လမ်း ကို ဆိုတာပဲ။"

"ဆရာတော် ကြားဖြတ်ပြီး လျှောက်ပါရစေဦး ဘုရား။ အခုန 'သင်္ခါရ' ဆိုတာကို ဆရာတော်က 'အစွန်းရောက်လုပ်ငန်းတွေ' လို့ မိန့်လိုက်တယ်။ တပည့်တော် တို့သိထားတာက 'ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ' ဆိုပြီး 'ကုသိုလ်အလုပ် – အကုသိုလ်အလုပ်' လို့ပဲ ကြားဖူးတယ်ဘုရား။ ဒီနှစ်ပါးထဲမှာ ကုသိုလ်အလုပ်ဆိုရင် ဒါဟာ အစွန်းရောက်အလုပ်လို့ ဆိုနိုင်ပါ့မလား"

"အဲဒါ လူတွေ မျက်စိလည်နေကြတာပေါ့ ဒကာကြီးရဲ့။ ဗုဒ္ဓလမ်းစဉ်မှာ ဖော်ပြထားတာတွေကို အဓိပ္ပာယ်

http://www.dhammadownload.com



မရှင်းလင်းရင် ပင်ရင်းမူလဖြစ်တဲ့ 'ဓမ္မစကြာ' တရားနဲ့ပြန်ညှိပြီး ကြည့်ရတယ်။ 'ဓမ္မစကြာတရားတော်' မှာ မြတ်စွာဘုရားရှင် က ပထမဦးဆုံးအနေနဲ့ 'သစ္စာလေးပါး' ကို သိခွင့်မရှိတဲ့နယ် နဲ့ သိခွင့်ရှိတဲ့နယ် ကို အထင်အရှား စည်းတားပြလိုက်တာရှိတယ်။

သစ္စာသိခွင့်မရှိတဲ့နယ်က အာရုံငါးပါး ကာမဂုဏ်တရားကို ချမ်းသာလို့ထင်မှတ်ပြီး ရှာဖွေနေကြသူတွေနဲ့ ဒုက္ခကလွတ်မည်ထင် ပြီး လမ်းစဉ်မှန်မရှိဘဲ ခန္ဓာကိုယ်ကို ပင်ပန်းအောင် ညှဉ်းဆဲ ကျင့်သုံးနေသူတွေရဲ့နယ်ပဲ။ ဒါကို အစွန်းရောက်နယ် လို့ ခေါ်တယ်။ အတွေးအခေါ်မှန် အသိမှန်ဦးစီးတဲ့ မဂ္ဂင်ရှစ်ပါးလမ်းစဉ်နယ်က သစ္စာသိခွင့်ရှိတဲ့နယ်။ အဲဒီနယ် ကို မဇ္ဈိမပဋိပဒါနယ်၊ တစ်နည်းပြောရရင် အစွန်းလွတ်နယ် လို့ ခေါ်တယ်။

အဲဒီတော့ သစ္စာသိခွင့်မရတဲ့ အစွန်းရောက်နယ်မှာ အစွန်းတရားဟာ နှစ်မျိုးပဲရှိတယ် မဟုတ်လား။ ပဋိစ္စသမုပ္ပါဒ် မှာကလည်း အဝိဇ္ဇာ ဆိုတဲ့ သစ္စာသိခွင့်မရတဲ့နယ်က စလိုက်ရင် သင်္ခါရ ဆိုတဲ့အလုပ်တွေ၊ ကံတွေပေါ့လေ၊ အဲဒါတွေဖြစ်မယ်ဆိုတော့ အဲဒီအလုပ်တွေဟာ အစွန်းရောက်တဲ့အလုပ်တွေမဟုတ်ရင် ဘာအလုပ်လို့ ပြောရမလဲ။

"တင်ပါ့၊ ဒီလိုတော့လည်း အဟုတ်သားပဲဘုရား။

http://www.dhammadownload.com



ဆရာတော်ပြောသလိုဖြင့် ပဋိစ္စသမုပ္ပါဒ်နဲ့ ဓမ္မစကြာ က တစ်သားတည်းပါလားဘုရား” တဲ့ ။

' ပဋိစ္စသမုပ္ပါဒ်ချည်း မဟုတ်ပါဘူး။ မြတ်စွာဘုရား ဟောတဲ့တရားမှန်သမျှဟာ ဓမ္မစကြာ နဲ့ တစ်သားတည်းချည်းပါပဲ။ ဒါကြောင့်လည်း ‘စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ – သစ္စာလေးပါး က လွတ်တဲ့တရားရယ်လို့ မရှိဘူး’ လို့ ဆိုရတာပေါ့။ ဓမ္မစကြာ ဆိုတာ သစ္စာလေးပါးပဲ မဟုတ်လား။

ဓမ္မစကြာတရားတော် ဟာ သာဝကတွေကို ဟောကြားတဲ့ ပထမဆုံးတရားဦးဖြစ်တဲ့အတိုင်း ပွဲဦးမလန်ရအောင် အဘက်ဘက်ကပြည့်စုံအောင် ဟောထားတဲ့ သုတ်ဖြစ်လို့ မြတ်စွာဘုရားရှင် (၄၅) ဝါလုံးဟောမယ့် တရားတွေကို ခြုံငုံမိတဲ့အတွက် ဩဇာအရှိန်အဝါ ကြီးမားတယ်။ တစ်နည်းပြောရရင် အလွန်ဩဇာဂုဏ်မြောက်တဲ့ သုတ်ပေါ့။ သုတ်က ကျဉ်းတယ်ထင်ရပေမယ့် အဓိပ္ပာယ်က ကျယ်ဝန်းတယ်။

*

ဒီသုတ်ကို လေ့လာတဲ့အခါ ခေတ်ကာလ နောက်ခံကားချပ်လိုလည်း ရိပ်မိရတယ်။ ဒီသုတ်မှာဖော်ပြတဲ့ အစွန်းတရားနှစ်ပါးထဲက ‘ကာမသုခလ္လိကာ နုယောဂ’ ဆိုတဲ့ အစွန်းတရားကို သေသေချာချာစဉ်းစားကြည့်ရင်

http://www.dhammadownload.com



အဲဒီခေတ်မှာ လူတန်းစားတွေခွဲခြားထားတဲ့ ဇာတိဝါဒစွဲကိုလည်း ဖယ်ရှားလိုက်တဲ့သဘော သက်ဝင်တယ်။ 'ငါက ဘုရင်ဖြစ်လို့၊ မင်းမျိုးပဲ၊ ငါက ပုဏ္ဏားမျိုးပဲ။ ဟိုဟာတွေက ဆင်းရဲသားမျိုးတွေပဲ။ ဒွန်းစဏ္ဍားမျိုးပဲ' လို့ ဘယ်လိုပဲ ခွဲခြားနေနေ ကာမဂုဏ် ရှာဖွေခံစားနေသူမှန်သမျှ ကာမဂုဏ်အစွန်းရောက် (ကာမသုခလ္လိက) သမားတွေချည်း အတူတူပဲ' လို့ ပြောလိုက်သလိုလည်း ဖြစ်သွားတယ်။

စောစောက ဒကာကြီးပြောတဲ့ ပုညာဘိသင်္ခါရလို့ခေါ်တဲ့ ကုသိုလ်အလုပ်မျိုးကို အစွန်းရောက်လို့ဆိုနိုင်ပါ့မလားဆိုတာ အခု အဖြေပေါ်ပြီမို့လား။ ဒုက္ခ ကို ဒုက္ခမှန်းမသိလို့ ဒုက္ခတွေတိုးစေမယ့် လူ နတ် ချမ်းသာကို တောင့်တပြီး လုပ်တာမှန်သမျှ ကုသိုလ်ဟာလည်းပဲ ကာမသုခလ္လိက အစွန်းရောက်အလုပ်ပဲ မဟုတ်လား။ ပဋိစ္စသမုပ္ပါဒ်လို ပြောမယ်ဆိုရင်လည်း ဒီသင်္ခါရဟာ ဒုက္ခက္ခန္ဓသမုဒယ ကို ဦးတည်နေတာပဲ မဟုတ်လား။"

"ဒီလိုဆိုတော့လည်း စား ဝတ် နေရေးအတွက် ရှာဖွေရတာတောင် မလွယ်ပါ့လားဘုရား။ အစွန်းတစ်ခုထဲ ပါဝင်နေတာပေါ့"

အဲဒီလိုလည်း မယူရဘူးဒကာကြီး။ အလုပ်တစ်ခုဟာ လုပ်ရပ်ကိုကြည့်လို့ မရဘူး။ လုပ်သူရဲ့ ရည်ရွယ်

http://www.dhammadownload.com



ချက်ကိုကြည့်ရတယ်။ “စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ” ဆိုတာလည်း ကြားဖူးနေကြပြီပဲ။ အစွန်းတရား နှစ်ပါးထဲမှာ အာရုံငါးပါးကို ရှာဖွေရင် ကာမသုခလ္လိ အစွန်း၊ အခုခေတ်တရားထိုင်ကြသလို မလှုပ်မယှက် ထိုင် နေရုံနဲ့ အတ္တကိလမထစွန်း လို့ ပြောလို့မရဘူး။ သူ့ စေတနာ သူ့ရည်ရွယ်ချက်ကိုကြည့်မှ အစွန်းငြိတယ်၊ အစွန်းလွတ်တယ် ဆိုတာ ခွဲခြားနိုင်မယ်။

ဥပမာ ဘုရားအစရှိတဲ့ အရိယာပုဂ္ဂိုလ်တွေ၊ အရိယာတပည့်သားတွေဟာလည်း အစားအတွက် ဆွမ်း ခံကြရတယ်။ အဝတ်အတွက် ပံ့သကူသင်္ကန်းကိုလည်း ရှာဖွေရတာပဲ မဟုတ်လား။ ဒါတွေဟာ ဝတ္ထုအာရုံတွေ ပဲ။ ဒါပေမယ့် သူ့ရည်ရွယ်ချက်က ဘာလဲဆိုတာကို ကြည့်လိုက်တော့ အစားနဲ့ပတ်သက်ရင် ‘လေးဖြာခတ် ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတန်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့် နှစ်ဖြာကို ကျင့်ပါနိုင်စေ’ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှာတာ၊ စားတာ၊ ဝတ်တာဆိုရင်လည်း “ဟိရိဂုဏ်ကို၊ ကုန်စေ တတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို” ဆိုတဲ့ ရည်ရွယ်ချက် နဲ့ ဝတ်တာ။

ဒါကိုကြည့်လိုက်ရင် မဇ္ဈိမလမ်း ဆိုတဲ့ သံသရာ ဆုံးတဲ့လမ်းစဉ်ကို ကျင့်သုံးနိုင်ရေးအတွက် အသက်ထိန်း

http://www.dhammadownload.com



ဖြစ်တဲ့ အစားအစာ၊ အရက်ထိန်းဖြစ်တဲ့ အဝတ်အထည် တို့ ကို မြတ်စွာဘုရား ခွင့်ပြုတော်မူချက်နဲ့အညီ ရှာဖွေတာ ဟာ ကာမသုခလ္လိက အစွန်းမရောက်ဘူး။ မဇ္ဈိမပဋိပဒါ လို့ခေါ်တဲ့ နိဗ္ဗာန်ရောက်ရေးအကျင့်ပဲ ဖြစ်တယ် ဆိုတာ မထင်ရှားဘူးလား။ မဂ္ဂင်ရှစ်ပါး ထဲမှာ သမ္မာအာဇီဝ လည်း ပါတယ်ဆိုတာကို သတိပြုရမယ်။

လောကထဲမှာ စီးပွားဥစ္စာ ရှာဖွေရာမှာလည်း ရည်ရွယ်ချက်က ဘာလဲဆိုတာ အဓိကပဲ။ မိမိရဲ့ ကိုယ် စွမ်းဉာဏ်စွမ်းကိုထုတ်ပြီး လောကကျိုး၊ သာသနာကျိုး အတွက် ထိထိရောက်ရောက်လုပ်ကိုင်နိုင်ဖို့အတွက် ပါရမီ ကုသိုလ်တွေ ဖြည့်ဆည်းဖို့အတွက် ကြိုးစားရှာဖွေတာကို ကာမသုခလ္လိက အစွန်းရောက်တယ်လို့ မဆိုရဘူး။ ‘ဝိ သာခါ ကျောင်းအစ်မကြီး’ တို့၊ ‘အနာထပိဏ် ကျောင်း ဒကာကြီး’ တို့ဆိုတာ သောတာပန် အရိယာပုဂ္ဂိုလ်တွေပဲ မဟုတ်လား။ သူတို့ဟာ အဲဒီခေတ်က အထင်ကရ ကုန်သည်ကြီးတွေပဲ မဟုတ်လား။ ဒါကို သဘောပေါက် ရမယ်။

အိန္ဒိယစာရေးဆရာကြီး ‘ရာဟုလာသံကိစ္စည်း’ ပြောတဲ့ စကားတစ်ခုရှိတယ်။ “တဏှာလောဘကို ပယ် ထုတ်ဖို့ အဓိက ဟောကြားတဲ့ ဂေါတမဘုရားရှင် ရဲ့ သာသနာမှာ ‘အနာထပိဏ်’ တို့ ‘ဝိသာခါ’ တို့လို အရင်း

http://www.dhammadownload.com



ရှင်ကုန်သည်ကြီးတွေ၊ 'ဗိမ္ဗိသာရ' တို့ 'ကောသလ' တို့လို ပဒေသရာဇ်ဘုရင်တွေ ဘယ်လိုနည်းနဲ့ ရောက်လာကြသလဲ။ ဒီလို ရောက်လာအောင် သာသနာတော်က ဘယ်လို ခွင့်ပြုစည်းရုံးနိုင်သလဲ။ ဒါကို မျက်ခြေမပြတ်မှ အိန္ဒိယနိုင်ငံကို သာသနာပြန်ရောက်အောင် လုပ်နိုင်မယ်" တဲ့။ ဒါဟာ ဒကာကြီးတို့လည်း သတိပြုရမယ့် အချက်ပေါ့။ ပျင်းပျင်း ရှိလို့ အလုပ်မလုပ်ချင်တိုင်း ကိုယ့်ကိုယ်ကိုယ် လောဘနည်းသယောင်ယောင် ဆင်ခြေပေးမနေနဲ့။ မြတ်စွာဘုရား လက်ထက်က အရိယာကုန်သည်ကြီးတွေဟာ (အနာဂါမ်အဆင့် မရောက်သေးသမျှ) ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် စီးပွားကိုလည်း တစ်ဖက်က ကြိုးစားရှာဖွေ လျက်ပဲ။ တစ်ဖက်မှာ လောကကျိုး၊ သာသနာကျိုးတွေ လည်း စွမ်းစွမ်းတမံ ဆောင်ရွက်နေတာပဲ။ စီးပွားမလုပ်တာ လောဘနည်းတာ မဟုတ်ဘူး။ စီးပွားရှာနေလို့လည်း လောဘစွန်း (ကာမသုခလ္လိကစွန်း) ရောက်တာ မဟုတ်ဘူး။ ဒုစရိုက်မကင်းတဲ့ မတရား ရှာဖွေရယူတာမျိုး၊ ကာမဂုဏ်ခံစားလိုမှုကိုသာ ငဲ့ကွက်ပြီး ရှာတာမျိုးသာ အစွန်းရောက်တယ်ဆိုတာ သဘောပေါက်ရမယ်။

အတ္တကိလမထအစွန်းနဲ့ ပတ်သက်ရင်လည်း ဒီလိုပဲ။ ရည်ရွယ်ချက်နဲ့ စေတနာကသာ အဓိက။ နေတာထိုင်တာက အဓိက မဟုတ်ဘူး။ မဇ္ဈိမပဋိပဒါလမ်းစဉ်

http://www.dhammadownload.com



အရ မှန်ကန်တဲ့အသိဆိုတာ စိတ္တသမာဓိ ကိုမှီပြီးမှ ဖြစ်နိုင်တယ်။ စိတ္တသမာဓိဖြစ်ဖို့အတွက် ကာယသမာဓိကို လိုအပ်သလို အခြေခံအဖြစ် တည်ထောင်ရတာပဲ။ ဒီလို ကာယသမာဓိ တည်ထောင်တဲ့အနေနဲ့ ဆိတ်ငြိမ်ရာမှာ ကပ်ပြီး မလှုပ်မယှက်ထိုင်တာမျိုးကျတော့ ဒါဟာ မစ္ဆိမပဋိပဒါ လို့ပဲ ဆိုရတယ်။

မှန်ကန်တဲ့လမ်းစဉ်မရှိဘဲ 'ဒီခန္ဓာကိုယ်ကြီးကို ညှဉ်းဆဲပေးမှ ခန္ဓာကိုယ်တွင်းက အတ္တကောင်လေး ကငြီးငွေ့ပြီး ဒုက္ခနယ်ထဲက လွတ်အောင် ရုန်းထွက်သွားမယ်။ ဒါမှ ဒုက္ခငြိမ်းတဲ့ မဟာပရမတ္တ ခေါ်တဲ့ ကောင်းကင်ကအတ္တကြီးထံ ပြန်ရောက်မယ်' စတဲ့ မရေမရာ ရည်ရွယ်ချက်နဲ့ ခန္ဓာကိုယ်ကို ညှဉ်းဆဲနေတာမျိုးကသာ အစွန်းရောက်တာ။

ဒီနေရာမှာလည်း အမူအရာက အဓိကမဟုတ်ဘူး။ ရည်ရွယ်ချက်ကသာ အဓိကဆိုတာကို မမေ့နဲ့။ ခုကာလ တချို့ပုဂ္ဂိုလ်တွေက 'ခေါင်းခေါင်းပါးပါးနေပြမှ လူတွေက အထင်ကြီးပြီး လှူကြတန်းကြမယ်' ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မိုးရွာရွာ၊ နေပူပူ မလှုပ်မယှက် ရပ်နေတာ၊ ထိုင်နေတာ၊ ပြီးတော့ သူတို့ရှေ့မှာ လှူချင်သူတွေ လှူရအောင် ထည့်စရာခွက်တို့၊ အဝတ်တို့ ချထားတာတွေရှိတယ်မဟုတ်လား။ ဒီရည်ရွယ်ချက်မျိုးနဲ့ တစ်နေ

http://www.dhammadownload.com



ကုန် မလှုပ်ဘဲ ရပ်ပဲနေနေ၊ ထိုင်ပဲနေနေ ဒါဟာ အတ္တကိလမထသက်သက် မဟုတ်တော့ဘူး။ အဓိက က ကာမသုခလ္လိက ပဲဆိုတာ သူ့စေတနာနဲ့ ရည်ရွယ်ချက်ကို ကြည့်ပြီး သိနိုင်တယ်။ စဉ်းစားကြည့်ရင် အစွန်းနှစ်ခုလုံးကို တစ်ပြိုင်နက်တည်း ရောက်နေတယ်လို့လည်း ထင်စရာရှိတယ်။ တကယ့်ရည်ရွယ်ချက်ကတော့ ကာမသုခလ္လိက စစ်စစ် ပါပဲ။

အစွန်းတရား နှစ်ပါးလုံးကို သစ္စာသိခွင့်မရှိတဲ့ နယ်အဖြစ် တစ်နယ်တည်း သတ်မှတ်ထားတာကလည်း ဒီ အစွန်းနှစ်ခုဟာ တစ်ခုအတွက် တခြားတစ်ခုကို တစ်ပြိုင်နက် အသုံးချ တတ်ကြလို့ပဲ။ ကာမသုခကို ရဖို့အတွက် အတ္တကိလမထ ကို အသုံးချရသလို အတ္တကိလမထ အတွက် ကာမသုခ ဆိုတဲ့ အာရုံငါးပါးကို အသုံးချရတာလည်းရှိတယ်။ တချို့ဆိုရင် အတ္တကိလမထကို လုပ်နေရင်း လူတွေက အထင်ကြီးပြီး လှူကြတန်းကြရာက ဒီ အာရုံတွေကို သာယာပြီး ကာမသုခဘက် ပြောင်းသွားပြန်တယ်။ ပြီးတော့ အတ္တကိလမထ ကို ကာမသုခရရေး အတွက် လုပ်ငန်းတစ်ခုလို လုပ်ကြတာတွေလည်း ရှိလာတယ်။

ဘာပဲဖြစ်ဖြစ် ဒီအစွန်းနှစ်ပါးကို ကျင့်သုံးနေတဲ့ နယ်ဟာ သစ္စာတရားကို သိခွင့်မရှိတဲ့နယ်ချင်း အတူတူ

http://www.dhammadownload.com



ပဲ။ ဒီနေရာမှာ 'နယ်' ဆိုတာကိုလည်း စောစောက ပြော ခဲ့သလို သေချာသဘောပေါက်ဖို့ လိုတယ်။ ရပ်ထဲ ရွာထဲ မှာ အိမ်ရာတည်ထောင်နေတာ၊ တောထဲမှာ ထိုင်နေ ရပ် နေတာကို ပြောတာမဟုတ်ဘူး။ ဦးတည်ရည်ရွယ်နေတဲ့ စေတနာ ကို ပြောတာ။

ဒီအစွန်းတရားနှစ်ပါးကို လွတ်ပြီး မှန်ကန်တဲ့ အသိ (သမ္မာဒိဋ္ဌိ) ဦးစီးတဲ့ လမ်းစဉ်ကို ကျင့်သုံးသူများ ဟာ သစ္စာကို သိခွင့်ရှိတယ်။ သစ္စာတရားကိုသိပြီးရင် သံသရာရဲ့ အဆုံးဖြစ်တဲ့ အေးငြိမ်းရာကို မျက်မှောက် ပြုရမယ်လို့ ဆိုတယ်။ ပဋိစ္စသမုပ္ပါဒ် အဆန်လမ်း (ပဋိ လောမ) ကနေ ကြည့်လိုက်ရင်လည်း ဒုက္ခက္ခန္ဓသ နိရော ဓော ဒုက္ခအစုအဝေးတွေ ချုပ်ငြိမ်းသွားမယ်လို့ပဲ ဆိုတယ် မဟုတ်လား။

ဒါကြောင့် သံသရာ ဆိုတာ အစမထင်ပေမယ့် အဆုံးတော့ ထင်တယ်ဆိုတာ မသေချာပေဘူးလား။ ပြီး တော့ 'အစ' ဆိုတာ သိဖို့လိုတဲ့အရာမဟုတ်ဘဲ 'အဆုံး' နဲ့ ဘယ်လိုဆုံးမယ်ဆိုတဲ့ နည်းလမ်းကသာ ဝေနေယျ တို့အတွက် လိုအပ်တဲ့အရာ ဖြစ်တယ်ဆိုတာလည်း သဘော ပေါက်ပြီမဟုတ်လား။ ခရီးဆုံးလို့ ဆိုရမယ့် 'သစ္စာ' ကို သိခွင့်ရှိတဲ့နယ် နဲ့ သိခွင့်မရှိတဲ့နယ် ကိုလည်း ဘုရားရှင် က အတိအကျ သတ်မှတ်ပေးထားပြီးပြီ။ ဒကာကြီးက

http://www.dhammadownload.com



ဘာဖြစ်ချင်တာလဲ။"

"တင်ပါ့။ သဘောပေါက်ပါပြီဘုရား။ တပည့်တော်တို့အတွက် တကယ်တမ်း အရေးတကြီး သိရမယ့်အရာကို သိပါပြီ။ အဲဒီ သံသရာဆုံးတဲ့ခရီးကို ဘယ်လို လျှောက်ရမယ်ဆိုတာကိုပဲ ဂဃဏန သိချင်ပါတယ်"

"အေး သာသနာနဲ့ကြုံတုန်းမှာ ဒကာကြီးတို့အတွက် အရေးအကြီးဆုံးက အဲဒီ သံသရာဆုံးတဲ့လမ်းကိုသိပြီး လိုက်နာကြဖို့ပဲ။ ကိုယ့်အတွက် အရေးမပါတဲ့ ကိစ္စတွေနဲ့ အချိန်ဖြုန်းမနေကြနဲ့"

"တင်ပါ့ဘုရား"

http://www.dhammadownload.com



# သံသရာဆုံးတဲ့ခရီး

"တွက်ချက်ရမယ့် ပုစ္ဆာက ဒီခန္ဓာကိုယ်ကြီး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတာ က ထွက်လာမယ့် အဖြေမှန်။ အဖြေ ကို ပုစ္ဆာ လုပ်ပြီးတွက်နေရင်တော့ ပုစ္ဆာတွေပဲ ထွက်နေမယ်"

http://www.dhammadownload.com



သံသရာဆုံးတဲ့ခရီးကို ဘယ်လိုစရမလဲဆိုတော့ သံသရာမှာ အဆုံးမသတ်နိုင်အောင်လည်နေတဲ့အကြောင်းကိုပဲ ပြန်ကြည့်ပြီး အဖြေရှာရမှာပဲ။ သစ္စာလေးပါးကို အဟုတ်အမှန် မသိလို့ သံသရာလည်နေရတယ်ဆိုတာကို သဘောပေါက်ခဲ့ပြီးရင် အဆုံးသတ်ချင်ရင် သစ္စာလေးပါးကို သိအောင်လုပ်တဲ့နည်းနဲ့ စတင်ပြီး ကြိုးစားကြရမယ်ဆိုတာကိုလည်း သဘောပေါက်လောက်ပါတယ်။ ပဋိစ္စသမုပ္ပါဒ် ပဋိလောမ (အဆန်လမ်း) မှာလည်း 'အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ – သစ္စာမသိမှု ဆိုတဲ့ အဝိဇ္ဇာတရား အကြွင်းမဲ့ချုပ်ငြိမ်းခြင်း' ဆိုတာက စလိုက်ရင် 'ဒုက္ခက္ခန္ဓဿနိရောဓော– ဒုက္ခအစုအဝေးကြီး' နိဂုံးချုပ်သွားမယ်လို့ ဆိုထားတယ်။ ဒါဟာ သံသရာခရီး အဆုံးသတ်သွားတဲ့ သဘောကိုပြောတာ။ 'နိရောဓသစ္စာ' ဆိုတာနဲ့ အတူတူပါပဲ။

သစ္စာလေးပါး ဆိုတာ ဟိုအပြင်ဘက်မှာ အဝေးကြီး ထွက်ရှာနေလို့ သိနိုင်တဲ့တရား မဟုတ်ဘူး။ 'ဗျာမမတ္တေ ကဠေဝရေ' ဆိုတဲ့အတိုင်း တစ်လံမျှ လောက်ရှိတဲ့ ဒီခန္ဓာကိုယ်အတွင်းမှာပဲ ရှာဖွေတွေ့ရှိနိုင်တဲ့ တရားမျိုးဖြစ်တယ်တဲ့။ သစ္စာ ဆိုတာ အမှန်တရား၊ အဲဒီအမှန်တရား

http://www.dhammadownload.com



ကို သိရအောင်ဆိုတာ အမှန်အတိုင်းမြင်အောင် ကြည့်တတ်ဖို့၊ ကြည့်ရဲဖို့လိုတယ်။ ကြည့်တတ်ရမယ် ဆိုတာက မွေးကတည်းက ပတ်ဝန်းကျင်က သင်ကြားတတ်မြောက်ထားတဲ့ ဝေါဟာရ ပညတ်တွေ၊ ချစ်စရာ မုန်းစရာ ဆိုတဲ့ သတ်မှတ်ချက်တွေကို ဖယ်ရှားပြီး ကြည့်တတ်ရမှာ၊ ကြည့်ရဲရမယ် ဆိုတာက မိရိုးဖလာ ဓလေ့ထုံးတမ်းတွေကို ဖယ်ရှားပြီး ပကတိအခြေအနေအတိုင်း ရဲရဲကြည့်ရမှာလို့ ပြောတာ။

သစ္စာလေးပါး ဆိုတဲ့ အရေအတွက် သရုပ်တွေကတော့ သိပြီးသားဖြစ်မှာပါ။ အဲဒီအထဲက ပထမဆုံး 'ဒုက္ခသစ္စာ' ဆိုတာကိုပဲ မေ့စကြာလာတဲ့အတိုင်း တစ်ပုဒ်ချင်း အသေအချာစဉ်းစားပြီး ကြည့်ရအောင်။

ဒုက္ခသစ္စာ မှာ အပိုင်းလေးပိုင်း ပါတယ်။ ပထမအပိုင်းက– ဇာတိ၊ ဇရာ၊ ဗျာဓိမရဏ– မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဟာ ဒုက္ခ ဖြစ်တယ်တဲ့။ အမှန်ကတော့ ဒီတရားတွေဟာ သတ္တဝါတစ်ဦးတစ်ယောက်မှသာ သီးခြားကွက်ပြီးဖြစ်တဲ့ တရားတွေမဟုတ်ဘူး။ သတ္တဝါအားလုံးရဲ့ ဘုံဆိုင်ဖြစ်ရပ်တွေပဲ မဟုတ်လား။ ဘယ်အရာမဆို အားလုံးအတွက် သာတူညီမျှ ဘုံဆိုင်ဖြစ်တဲ့အရာတိုင်းဟာ သဘာဝတရား ပဲ။ ဒါကို သဘောပေါက်လက်ခံနိုင်တဲ့ ပုဂ္ဂိုလ်တွေအဖို့ဆိုရင် မွေး၊ အို၊ နာ၊

http://www.dhammadownload.com



သေဆိုတာ သတ္တလောကရဲ့သဘာဝတရားသာ ဖြစ်တယ်။ ဒုက္ခ လို့ တစ်စုံတစ်ယောက်က ထပြီး အော်ညည်းနေရမယ့်တရားမျိုး မဟုတ်ဘူးလို့ ဆိုနိုင်တယ်။

ဒါဖြင့် ဘာဖြစ်လို့ ဒုက္ခသစ္စာ ထဲမှာ ထည့်ဟောထားသလဲဆိုရင်တော့ ဒါတွေက လူအများ နားလည် အလွယ်ဆုံးနဲ့ အဲဒီ မေ့္စကြာတရားဦး ကို နာယူနေကြတဲ့ 'ပဥ္စဝဂ္ဂီ' တို့ ကိုယ်တိုင်ကလည်း ဒီတရားတွေကို 'ဒုက္ခ' လို့ လက်ခံထားတဲ့ ပုဂ္ဂိုလ်တွေဖြစ်နေလို့ ငြင်းစရာမရှိအောင် အများလက်ခံထားတဲ့ဒုက္ခကို အစဦးဆုံး ထုတ်ပြလိုက်တာပဲ။ အမှန်အတိုင်း သဘာဝတရား စစ်စစ်သာဖြစ်တဲ့ ဒီသဘောတရားတွေကို အများစုက ဘာဖြစ်လို့ ဒုက္ခ လို့ ထင်နေရတာလဲဆိုတော့ ဒုတိယအပိုဒ် က အဲဒါကို ရှင်းပြတယ်။

'အပ္ပိယေဟိ သမ္ပယောဂေါ၊ ပိယေဟိ ဝိပ္ပယောဂေါ' တဲ့ 'အပ္ပိယ၊ ပိယ' ဆိုတာကို ချစ်ခင်သူ၊ မုန်းတီးသူလို့ မြန်မာလို ပြောဆို သုံးစွဲနေကြတယ်။ အမှန်ကတော့ 'အပ္ပိယ' ဆိုတာ ကိုယ်ကသဘောမကျတဲ့အရာ လက်မခံလိုတဲ့အရာပါပဲ။ 'ပိယ' ဆိုတာလည်း ကိုယ်ကျေနပ်လက်ခံချင်တဲ့အရာကို ပြောတာပါ။ မွေး၊ အို၊ နာ၊ သေဆိုတဲ့ သဘာဝဖြစ်စဉ်ကြီးအပေါ်မှာကိုပဲ လူတွေက မွေးဖွားတာ ဖြစ်ပေါ် တိုးတက်လာတာတွေကိုကျတော့ ကျေ

http://www.dhammadownload.com



နပ်တယ်။ အိုတာ၊ နာတာ၊ သေတာဆိုတဲ့ ဆုတ်ယုတ်ပျက်စီးမှုတွေကိုကျတော့ မကျေနပ်ဘူး၊ လက်မခံချင်ဘူးဆိုပြီး ဖြစ်နေကြတယ်။ ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ သဘာဝတရားကြီးကတော့ သူ့သဘော သူဆောင်ပြီး ဖြစ်ပျက်ပြောင်းလဲနေမှာပဲ မဟုတ်လား။

အဲဒီတော့ ဒီ ဒုတိယပိုဒ်ဖြစ်တဲ့ 'အပ္ပိယ – ပိယ' ဆိုတဲ့အပိုဒ်က ပဌမအပိုဒ်ကပြခဲ့တဲ့ မွေး၊ အို၊ နာ၊ သေဆိုတဲ့ သဘာဝတရားတွေအပေါ်မှာ သတ္တဝါတွေက ဒုက္ခလို့ သတ်မှတ်ခံစားနေရခြင်းရဲ့ လက္ခဏာကို ဖော်ပြတယ်။ ချစ်ခင်စရာ၊ မုန်းတီးစရာ လို့ သတ်မှတ်စွဲလမ်းနေကြလို့ပဲတဲ့။

အမှန်ကတော့ ဒီ ဒုတိယအပိုဒ်ကို သဘောကျရင်ကို သစ္စာတရား က ပုံပေါ်နေပြီ၊ ပီပြင်ထင်ရှားနေပါပြီ။ ဒါပေမယ့် ပုဂ္ဂိုလ်တို့ရဲ့ ဉာဏ်ရည် အနု အရင့်ကိုလိုက်ပြီး တတိယပိုဒ် ကို ဆက်ဟောထားတယ်။

'ယံ ပိစ္ဆံနလဗ္ဘတိ တမ္ပိဒုက္ခံ' တဲ့။ သဘာဝတရားကြီးဟာ ချစ်ရာလို့ပဲထင်ထင်၊ မုန်းစရာလို့ပဲထင်ထင် သူ့သဘောသူဆောင်နေတာမှန်ပေမယ့် သတ္တဝါတွေက ချစ်ခင်စရာကိုကျတော့ မခွဲချင်ဘူး။ မုန်းစရာနဲ့ကျတော့ မတွေ့ဆုံချင်ဘူးဆိုတဲ့ အလိုဆန္ဒတွေ ဖြစ်နေကြတယ်။ သူတို့က ဒီလိုဆန္ဒတွေဖြစ်နေပေမယ့် သူ့သဘောသူဆောင်

http://www.dhammadownload.com



နေတဲ့ သဘာဝတရားက သတ္တဝါတွေရဲ့အလိုဆန္ဒအတိုင်း ဖြစ်မလာဘူး။ အဲဒါကြောင့် ဒုက္ခ အဖြစ် ခံစားနေရတာပဲ လို့ ဆိုတယ်။

ဒုက္ခသစ္စာ မှာ ဒီအထိ အပိုဒ် သုံးပိုဒ်၊ ဒုက္ခ သုံးမျိုး သုံးစား ပေါ့လေ။ ဒီသုံးမျိုးဟာ တကယ်တော့ အများက ထင်မှတ်လက်ခံထားကြတဲ့ ဒုက္ခတွေပဲ ရှိသေးတယ်။ တကယ့် ပရမတ္ထအားဖြင့် ထင်ရှားရှိတဲ့ ဒုက္ခတွေ မဟုတ်သေးဘူး။ မဟုတ်သေးဘူးဆို ဒီအဓိပ္ပာယ်ကို နောက်ဆုံးဖြစ်တဲ့ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ–' ဆိုတဲ့ အပိုဒ်ကိုသဘောကျမှ လက်ခံနိုင်မယ်။ 'သံခိတ္တေန – လိုရင်းအကျဉ်းအားဖြင့် ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ– ဉပါဒါန်အစွဲ မကင်းတဲ့ ခန္ဓာငါးပါးတို့ဟာ ဒုက္ခအစစ် ပဲ ဆိုတော့ ရှေ့ဒုက္ခသုံးမျိုး ဟာ လိုရင်းမဟုတ်သေးဘူး မဟုတ်လား။ အမှန်တကယ်လည်းပဲ မွေး၊ အို၊ နာ၊ သေ တို့ ချစ်ရာ၊ မုန်းစရာတို့၊ လိုချင်စရာတို့ဆိုတာ ပရမတ္ထ အားဖြင့် ထင်ရှား မရှိပါဘူး။ ဉပါဒါန်တို့ ခန္ဓာငါးပါး တို့ကသာ တကယ်ထင်ရှားရှိတာပါ။

နောက်ထပ်စဉ်းစားရမှာက အစစ်တရားဆိုတာ ပြောင်းပြန်လှန်လိုက်ရင် ပြောင်းပြန် အဓိပ္ပာယ် ထွက်ရတယ်။ ဉပမာ– နောက်ဆုံး စတုတ္ထပိုဒ်ဖြစ်တဲ့ အစွဲနှင့် တကွဖြစ်တဲ့ ခန္ဓာငါးပါးဟာ အစွဲဉပါဒါန်ကင်းနေတဲ့ ခန္ဓာငါးပါး လို့

http://www.dhammadownload.com



ဖြစ်သွားရင် ဒုက္ခ ဆိုတာလည်း ချုပ်ငြိမ်းသွားတယ်။

ဒါပေမယ့် ရှေ့သုံးပိုဒ်က စကားတွေကို ပြောင်းပြန်လှန်လိုက်စမ်းပါ။ မွေးဖွားပြီး မအို၊ မနာ၊ မသေဘူး ဆိုရင် ဒုက္ခငြိမ်းနိုင်ပါ့မလား။ ဒါ သေသေချာချာ စဉ်းစားရမယ်နော်။ မွေးဖွားလာပြီး ဒီအတိုင်းပဲရှိနေမယ်။ ပြောင်းလဲမှု မရှိဘူးဆိုရင် ဘယ်လိုနေမလဲ။ ပြီးတော့ မွေးဖွားလာသမျှဟာ သေဆုံးခြင်းမရှိဘူးဆိုရင်တော့ ဒီကမ္ဘာကြီးဟာ သတ္တဝါတွေနဲ့ပဲ ပြည့်နေလောက်ပြီး လုပ်ကိုင် စားသောက်စရာ ကွက်လပ်ကျန်ပါဦးမလား။

ဒုတိယအပိုဒ်ကိုလည်း ဒီအတိုင်း စဉ်းစားကြည့်ပါ။ ချစ်ခင်စရာတွေနဲ့ ဘယ်တော့မှ မခွဲရဘူး။ မုန်းတီးစရာတွေနဲ့လည်း ဘယ်တော့မှမဆုံရဘူးပဲ ဆိုပါတော့။ ကဲ စဉ်းစားကြည့်။ မုန်းတီးစရာ ဆိုတာ ဘာမျှမရှိတဲ့ အခါမှာ ချစ်ခင်စရာဆိုတာကကော ဘယ်မှာလာရှိဦးမှာလဲ။ လောကလူတွေ ပြောပြောနေကြသလို တူနှစ်ကိုယ် မျက်စိအောက်က အပျောက်မခံဘဲ ကြည့်နေမယ် ဆိုတာဟာ တကယ်ဟုတ်ပါ့မလား။ 'ဘယ်မှ ထမသွားနဲ့ ထိုင်ကြည့်နေကြ' လို့များ အမိန့်ပေးလိုက်ရင် ဘယ်နှစ်ရက်လောက်ကြာကြာ နေနိုင်မလဲ။ ဒါဆိုရင် ချစ်သူနဲ့ ချည်းပေါင်းနေရင်ကော ဒုက္ခ ဆိုတာ ငြိမ်းမလား။

ကဲ တတိယအပိုဒ်ကိုလည်း ကြည့်လိုက်ဦး။ လို

http://www.dhammadownload.com



ချင်တာမရလို့ ဒုက္ခဖြစ်တယ်ဆိုရင် လိုချင်တာတွေရပြီ ဆိုရင်ကော၊ အဲဒီ 'အလို' တွေ ပြည့်ပြီး 'သုံ့ခ' ဖြစ်နိုင် သလား။ ပုံပြင်တစ်ခုမှာ ဆိုထားတာ ရှိတယ်မဟုတ် လား။ မြေတွေကို လိုချင်တဲ့လူကို ရှင်ဘုရင်က "မင်း လို ချင်သလောက် အကျယ်အဝန်းကို ပြေး" လို့ အခွင့်ပေး လိုက်တော့ ဘာဖြစ်သွားသလဲ၊ အမောဆို့ပြီး သေသာ သေရော သူ့အလိုပြည့်သလား။ 'မုဒုလက္ခဏာဇာတ်တော်' ထဲက ရသေ့ကြီးပြောတဲ့စကား ရှိတယ်။ "အရင်ကတော့ မိဘုရားကြီးကို လိုချင်တဲ့ အလိုဆန္ဒ တစ်ခုပဲရှိတာတဲ့။ အဲ ရှင်ဘုရင်က ပေးလိုက်လို့ မိဖုရားကြီးကိုလည်းရရော၊ နေစရာတွေ၊ စားစရာ၊ ဝတ်စရာတွေ ဆိုပြီး အလိုဆန္ဒ တွေ တိုးတိုးလာလိုက်တာ ဘယ်တော့မှဆုံးနိုင်မှာ မဟုတ် တော့ဘူးဆိုပြီး တစ်ခါတည်း ရသေ့ကြီး လန့်သွားတာ ပဲ။ ဒါနဲ့ မိဖုရားကြီးကို ဘုရင့်ထံပြန်အပ်ပြီး တောထဲကို ပြန်ပြေးရတယ် မဟုတ်လား။

အဲဒီတော့ ရှေ့ဒုက္ခသုံးမျိုးက ပြောင်းပြန်လှန် လိုက်လည်း အဓိပ္ပာယ်က ပြောင်းလဲမသွားဘူး။ ဒုက္ခ တွေ ထပ်ထပ်တိုးလာတာပဲရှိတယ်။ အဲ နောက်ဆုံးဒုက္ခ ကတော့ ပရမတ္ထအားဖြင့် ထင်ရှားရှိတဲ့ တကယ့်ဒုက္ခ အစစ်ဖြစ်လို့ သူ့ကို 'ဥပါဒါန်အစွဲကင်းတဲ့ ခန္ဓာ' ဆို တာဖြစ်အောင် ပြောင်းပြန်လှန်လိုက်နိုင်တာနဲ့ တစ်ပြိုင်

http://www.dhammadownload.com



နက် ဒုက္ခ ဆိုတဲ့ သဘောကလည်း ပြောင်းပြန်လန်ပြီး 'ဒုက္ခချုပ်ငြိမ်းရာ' လို့ ဖြစ်သွားနိုင်တယ်။

အမှန်ကတော့ သစ္စာလေးပါး ဆိုတာ တစ်ခုပြီးမှ တစ်ခု သိရတဲ့တရား မဟုတ်ပါဘူး။ တစ်ပြိုင်နက် သိရတာမျိုးပါ။ အခုပြောတဲ့ ဒုက္ခသစ္စာ အပိုင်း လေးပိုင်းကိုပဲ နောက်နောက်အပိုင်းတွေနဲ့ ရှေ့ရှေ့အပိုင်းတွေကို ဆက်စပ်ပြီး ဒုက္ခအစစ်အမှန်အတိုင်းသိအောင်ပွားများ (မဂ္ဂ) ဖြစ်တာနဲ့တစ်ပြိုင်နက် ဒုက္ခကို သိခြင်း၊ စွဲလမ်းမှု ကွာခြင်း၊ ဒုက္ခချုပ်ငြိမ်းခြင်း တို့ဟာ တစ်ပြိုင်နက်ဖြစ်လာမယ်ဆိုတာကို သဘောပေါက်လောက်ပါတယ်။

*

ဒီဒုက္ခသစ္စာ ကိုပဲ နောက် နောက်အပိုဒ်တွေက ရှင်းပြချက်များအရကြည့်ရင် ဒုက္ခ ဆိုတာ စွဲလမ်းမှု ဆိုတဲ့ အကြောင်းတရားကြောင့် ဖြစ်တယ်ဆိုတာရယ်၊ စွဲလမ်းမှု ချုပ်ငြိမ်းရင် ဒုက္ခချုပ်ငြိမ်းမယ် ဆိုတာရယ်၊ ဒုက္ခချုပ်ငြိမ်းသွားအောင် ကြိုးစား ပွားများရမယ်ဆိုတာရယ်ကိုလည်း သဘောပေါက်လာနိုင်တယ်။

'အစွဲနဲ့ ခန္ဓာကိုယ်ကြီး' ကို 'အစွဲမဲ့ခန္ဓာကိုယ်' ဖြစ်သွားအောင် လုပ်ရမယ်ဆိုတော့ အစွဲအမျိုးမျိုးကိုလည်း သိထားဖို့ လိုလာပြီပေါ့။ အစွဲက (၄) မျိုး ရှိတယ်။

http://www.dhammadownload.com



၁။ ကာမုပါဒါန် = အာရုံငါးပါး ကာမဂုဏ်တရားတို့ ကို စွဲလမ်းမှု။

၂။ ဒိဋ္ဌုပါဒါန် = အယူဝါဒစွဲ။

၃။ သီလဗ္ဗတုပါဒါန် = အလေ့အကျင့် အထုံဝါသနာ၊ ရိုးရာဓလေ့ စတာတွေကို စွဲနေတဲ့ အစွဲ။

၄။ အတ္တဝါဒုပါဒါန် = အတ္တ (ငါ) လို့ ဆိုစရာ ခန္ဓာ ကိုယ်ကြီးကို စွဲနေတဲ့ အစွဲတဲ့။

ဒီလေးမျိုးမှာလည်း တစ်ခုထက်တစ်ခု ပိုပြင်းတယ်။ ကာမဂုဏ်စွဲထက် အယူဝါဒစွဲက ပြင်းတယ်။ အယူဝါဒစွဲထက် ဝါသနာတို့ ဓလေ့ထုံးစံတို့က ပြင်းတယ်။ ဘုရားရှင်လက်ထက် ဝိသာခါကျောင်းအမကြီး ဆိုတာ ကြားဖူးမှာပေါ့။ ကျောင်းအမကြီးဖြစ်ပြီး သောတာပန် အရိယာကြီးလည်းဖြစ်နေပြီ။ တစ်နေ့ မြေးကလေး တစ်ယောက် အသုဘပို့အပြန်မှာ ဂင်္ဂါမြစ်ထဲ ဦးခေါင်း ဆေးပြီး ဘုရားကျောင်းတော်ဝင်လာတာ နေ့ခင်း နေပူပူ ကြီးထဲမှာတဲ့။ ဘုရားရှင်ကမေးလို့ အကျိုးအကြောင်း လျှောက်ထားတော့ ဘုရားရှင်က "ဝိသာခါ နင့်မှာ သား သမီးမြေးတွေ အရေအတွက်က များပါဘိနဲ့။ တစ်ယောက် ယောက်သေတိုင်းသာ ခေါင်းကို ရေနဲ့ဆေးနေရရင် နင့် ခေါင်းကဆံပင်တွေ ခြောက်ချိန်ရှိပါဦးမလား" လို့ မိန့်ကြား သတဲ့။ သောတာပန် အရိယာအဆင့်မှာတောင် အသုဘ

http://www.dhammadownload.com



အပြန် ဦးခေါင်းကို ဂင်္ဂါရေနဲ့ ဆေးရမယ်ဆိုတဲ့ 'ခလေ့စွဲ' က မပယ်ရဲသေးဘူးလေ။

အစွဲအပြင်းဆုံးကတော့ ငါ(အတ္တ)လို့ ထင်မှတ်ပြောဆိုနေကြတဲ့ ဒီခန္ဓာကိုယ်ကြီးအပေါ်မှာ စွဲနေတဲ့ အစွဲပဲ။ ဒီအစွဲကို ဖြုတ်လိုက်နိုင်ရင် "အရင်း လဲ အဖျား ထင်းဖြစ်" ဆိုသလို ဖြစ်သွားမှာပါပဲ။

စွဲလမ်းစရာလို့ ထင်မှတ်နေတဲ့ ဒီခန္ဓာကိုယ်ကြီးအပေါ်မှာ အစွဲအလမ်းကွာလာအောင် ဉာဏ်နဲ့ သုံးသပ်ရတဲ့အလုပ်ကို 'ဝိပဿနာအလုပ်' လို့ ခေါ်တယ်မဟုတ်လား။ ဝိပဿနာရှုနည်းတွေကလည်း ဝေနေယျတို့ရဲ့ ဉာဏ်ရည်ဓာတ်ခံအလိုက် ဟောကြားထားတဲ့နည်းတွေ အမျိုးမျိုးတော့ ရှိမှာပေါ့။ ရှုပုံချင်းကွဲပေမယ့် မြင်ပုံချင်း ကျတော့ အဖြေတူ ထွက်ရမှာချည်းပါပဲ။ အဲဒီနည်းတွေထဲက ဟိုး –'သာမညဖလသုတ်' မှာလာတဲ့ ဝိပဿနာရှုပုံလေးကို ကြည့်စမ်းပါ။

'အယံမေ ကာယောရူပီ – ငါ့ရဲ့ ဒီခန္ဓာကိုယ်ကြီးဟာ ရုပ်တရားတွေ ထင်ရှားရှိတယ်တဲ့။ အဲဒီ ရုပ်တရားတွေဟာလည်း ဓာတုမဟာ ဘူတိကော – ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ မဟာဘုတ်လေးပါး အစုအဝေးကြီးဖြစ်တယ်တဲ့။ အေး မူလဇစ်မြစ်ကို ကြည့်လိုက်ရင်တော့ မာတာပေတ္တိကသမ္ဘဝေါ – အမိအဖတို့ရဲ့ ဗီဇသွေး

http://www.dhammadownload.com



(ကလလရေကြည်ဖြစ်မယ့်သွေး) လေးကနေ စခဲ့တာတဲ့။’ အဲဒါကို အသေအချာစဉ်းစားကြည့်စမ်းပါ။ အခု တသသ နဲ့ စွဲနေတဲ့ ဒီခန္ဓာကိုယ်ကြီးကို စတင်ဖြစ်စေတဲ့ အဲဒီ မျိုးစေ့ ဆိုတာ ဘယ်လိုပစ္စည်းလဲဆိုတာ လူတိုင်းသိပါ တယ်။ အခုအချိန်မှာသာ ငါ, ငါ နဲ့ တသသ စွဲနေပေ မယ့် အဲဒီ ဗီဇသွေး ဆိုတာ ဘယ်သူများ လက်နဲ့တို့ကြည့် ချင်စရာရှိသလဲ။

အဲဒီ မူလဗီဇသွေးကလေး အတိုင်းပါပဲ။ ဒီခန္ဓာ ကိုယ်ကြီးကလည်း ‘ငါ’ လို့ ထင်မှတ်ထားလောက်အောင် တစ်စုတစ်ပေါင်းထဲရှိနေတုန်းမှာသာ ငါ့ခြေ၊ ငါ့လက်၊ ငါ့ဆံပင် စသည် စွဲလမ်းနေတာပါ။ ဒီခန္ဓာကိုယ်ကြီးက နေ ခွဲထွက်လာပြီဆိုတဲ့အခါကျတော့ အလွန်အမြတ်တနိုး ရှိနေတဲ့ ခေါင်းပေါ်က ဆံပင်ကလေးတစ်ချောင်း ကျွတ်ထွက် ပြီး အစားအစာထဲ ပါလာတယ်ဆိုရင်ကို ဘယ်လိုဖြစ်လာ မလဲ။ တစ်ခါတည်း ရွံရှာလို့ မြန်မြန်ဆယ်ပြီး လွှင့်ပစ်ချင် လာတယ် မဟုတ်လား။ ကျန်တဲ့ ခန္ဓာကိုယ်ကြီးဆိုတာတော့ ဘာပြောစရာရှိမလဲ။ ဆံဖျား ကနေ ခြေဆုံးအထိ ခန္ဓာကိုယ် က ထွက်ကျလာတဲ့ ပစ္စည်းထဲမှာ တရိုတသေ ကောက် သိမ်းထားစရာ ဘာများပါသလဲ။ အဲဒီလိုမြင်လာအောင် ကြည့်ရတာကို ဝိပဿနာ အလုပ်တဲ့။ ကြည့်တဲ့အတိုင်း ဉာဏ် နဲ့ ထင်မြင်လာရင်တော့ ဒါဟာ ဝိပဿနာဉာဏ်

http://www.dhammadownload.com



အစစ်ပဲပေါ့။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ 'ဩဒန ကုမ္မာသူပစယော = မူလက ဗီဇသွေးလေး အဆင့်ကနေ အခုလို အကောင်အထည်ကြီးအဖြစ် ထင်ရှားလာတာ ဟာ ထမင်း၊ မုန့် စတဲ့ အစာအာဟာရကြောင့် ပွားစီး လာတာ' တဲ့။ ဒီပစ္စည်းတွေကကော ဘယ်လောက် ကြာ ကြာ အကောင်းပကတိ အဖြစ်ခံတဲ့ ပစ္စည်းတွေလည်း ဆို တာ သုံးသပ်စဉ်းစားပါလို့ ဆိုလိုတာ။

ပြီးတော့ 'အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံ သန ဓမ္မော = မမြဲခြင်းသဘော (ပင်ကိုနဲ့ ကောင်းတဲ့ အမျိုးမဟုတ်လို့) လိမ်းကျံပေးရတဲ့သဘော (ပင်ကိုအား ဖြင့် မတင့်တယ်တဲ့အတွက်) ဆုပ်နယ် ပြုပြင်ပေးရခြင်း သဘော၊ နောက်ဆုံးတော့ ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်း သဘောပဲ ရှိတယ်' တဲ့။ အဲဒါ 'သာမညဖလသုတ်' မှာ ဘုရားရှင်ဟောပြတဲ့ ဝိပဿနာ အကျဉ်းချုပ် ပဲ။

ဒီနေရာမှာ အထူးသတိပြုရမှာက အဲဒီ ဝိပဿ နာဉာဏ်တွေ ဆိုတာ သူပြောလူပြောကို မှတ်သားနာယူ ပြီး ပါးစပ်က အနိစ္စ ၊ အနိစ္စ စသဖြင့် ရွတ်နေတာကို ဝိပဿနာ ခေါ်တာ မဟုတ်ဘူး။ မိမိရဲ့ဉာဏ်ထဲမှာ အဲဒီ လို ထင်မြင်လာတာကို ဝိပဿနာဉာဏ် လို့ ခေါ်တာ။ ဒီလို အသိဉာဏ်ပေါ်လာအောင် ခန္ဓာရဲ့ အစိတ်အပိုင်း

http://www.dhammadownload.com



တွေထဲက ဘယ်နေရာကိုပဲ ရှုရှု၊ ထင်ရှားရာ ကိုယ့်ဉာဏ်နဲ့ မှီရာကို ရှုရမယ်လို့ 'သတိပဋ္ဌာန်' မှာ အကျယ်ဟောထား ပြီးသားတွေ ရှိနေပါပြီ။

ဗုဒ္ဓဘာသာဝင်များကိုယ်တိုင် ယောင်ဝါးဝါးဖြစ် နေတတ်တာကတော့ အဖြေမှန်ထွက်အောင် ပုစ္ဆာတစ်ခု ကို တွက်ရတဲ့ကိစ္စမှာ ပုစ္ဆာကိုမတွက်ဘဲ သူများပြောထား တဲ့အဖြေကိုဘဲ ပုစ္ဆာမှတ်ပြီး နှုတ်တက်ရွတ်နေတတ်တဲ့ ကိစ္စပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့သဘောက ဒီခန္ဓာ ကိုယ်ကြီးကို စူးစိုက် ဆင်ခြင်ကြည့်တဲ့အခါ မိမိရဲ့ အသိ ဉာဏ်ထဲမှာ ထင်မြင်လာရမယ့်အဖြေမှန် ဝိပဿနာဉာဏ် တွေ၊ ကြည့်ရှုသုံးသပ်ပြီး တွက်ရမှာက ဒီခန္ဓာကိုယ်ကြီး။ ဒါကို ကွဲကွဲပြားပြား နားလည်ထားရမယ်။ အဖြေ ကို ပုစ္ဆာမှတ်ပြီး တွက်နေလို့ကတော့ အဖြေမထွက်ဘဲ ပုစ္ဆာ တွေပဲ ထပ်ထွက်နေမှာပေါ့။

ပုစ္ဆာတွေပဲ ထပ်ထွက်နေမယ်ဆိုတာ 'ဘယ်လို များပါလိမ့်' ဆိုတဲ့ သံသယ 'ဝိစိကိစ္ဆာ' တွေပဲ ထပ်ထပ် ပွားနေမယ်လို့ပြောတာ။ သာသနာတော်မှာ အနိမ့်ဆုံး သိထိုက်တဲ့ဉာဏ် (သောတာပတ္တိမဂ်ဉာဏ်) ဆိုတာ အဲဒီ သံသယ ဝိစိကိစ္ဆာတွေ အကြွင်းမဲ့ ချုပ်ပျောက်သွားစေရ မယ့်ဉာဏ်ပဲ။ ပုစ္ဆာ နဲ့ အဖြေကို ပြောင်းပြန်လုပ်တွက် ရင်း အဖြေမှန် မထွက်တဲ့အခါ တရားမပေါက်ဘဲ အူ

http://www.dhammadownload.com



နောက်နောက်တွေ ဖြစ်ကုန်ကြတယ်လို့ ခဏခဏကြား နေရလို့ ခုလို သတိပေးနေရတာပါ။

ဒါဖြင့် တွက်တဲ့ပုဏ္ဏာက မှန်လို့ အဖြေမှန် ထွက်လာရင် ဘာဖြစ်မလဲ ဆိုတော့ 'ဧဝံပဿံ ဘိက္ခဝေ သုတဝါအရိယသာဝကော = အဲဒီလို အဖြေမှန်ကိုသိလာတဲ့ အရိ ယာတပည့်သားဟာတဲ့၊ နိဗ္ဗိန္ဒတိ = ငြီးငွေ့လာမယ်။ ငြီးငွေ့တယ် ဆိုတာ စွဲလမ်းခင်မင်ချင်တဲ့စိတ်တွေ ကုန်လာမယ်လို့ ပြောတာပါပဲ။ နိဗ္ဗိန္နံ ဝိရဇ္ဇတိ = စိတ်ကုန်လာရင် တပ်မက်မှုကင်းမယ်။ ဝိရာဂါ ဝိမုစ္စတိ = အစွဲကွာတော့ လွတ်မြောက်မယ်တဲ့။ အစွဲကင်းတဲ့ ခန္ဓာကိုယ်ကြီး ဖြစ်သွားတဲ့အခါ ကိုယ့်ခန္ဓာကိုယ်ကြီးကိုတောင်မှ စွဲမက်စရာလို့ မထင်တော့ဘူးဆိုရင် တခြားအာရုံတွေကိုလည်း အချစ်၊ အမုန်းဆိုပြီး ခွဲခြားစွဲလမ်းစရာ မရှိတော့ဘူး။ လိုချင်တပ်မက်မှုလည်း မရှိတော့တဲ့အတွက် ခန္ဓာကိုယ်ကြီးနဲ့ပတ်သက်လို့ သဘာဝကို သဘာဝအတိုင်း လက်ခံဖို့သာ ရှိတော့တယ်။ ဒုက္ခလို့ ထင်မှတ် ညည်းညူနေမှာ မဟုတ်တော့ဘူး' လို့ပြောတာ။

ပဋိစ္စသမုပ္ပါဒ် ပဋိလောမနည်းမှာလည်းပဲ 'ဥပါဒါန နိရောဓာ ဘဝနိရောဓော = ဥပါဒါန် အကြွင်းမဲ့ချုပ်ရင် ဖြစ်ရပ်တွေ အဖြစ်ဓာတ်တွေလည်း ချုပ်ငြိမ်းသွားပြီ' လို့ ဆိုထားတယ်။ ဒါဟာ သံသရာဆုံးပြီ လို့ ပြောတာပါပဲ။

http://www.dhammadownload.com



ခုလို အဆုံးရောက်အောင် မိမိရဲ့ဉာဏ်ကို အဆင့်ဆင့် မြှင့်ပေးရတဲ့အလုပ်ကို သံသရာဆုံးတဲ့ခရီး လို့ ခေါ်တာ။

'ဉာဏ်ကို အဆင့်ဆင့်မြှင့်ပေးတယ်' ဆိုတာ 'ဓမ္မစကြာ' မှာလာတဲ့ 'မဇ္ဈိမပဋိပဒါ' လို့ခေါ်တဲ့ 'မဂ္ဂင်ရှစ်ပါး' အတိုင်းပါပဲ။ 'မဂ္ဂင်ရှစ်ပါး' ကို အကျဉ်းချုပ်လိုက်ရင် သီလ၊ သမာဓိ၊ ပညာ ဆိုပြီး သိက္ခာသုံးဆင့် ကျင့်စရာသုံးမျိုး ဖြစ်လာတယ်။ မိမိရဲ့ခန္ဓာကိုယ်ကို ပင်ကိုသဘာဝအတိုင်း သိမြင်နိုင်တဲ့ပညာ ဖြစ်ပေါ်ဖို့နဲ့ပတ်သက်လို့ မြတ်စွာဘုရားပေးထားတဲ့ ဥပမာတစ်ခု ရှိတယ်။ လှိုင်းထနေတဲ့ ရေပြင်မှာငုံ့ကြည့်ရင်း မျက်နှာရိပ်ကို ပုံမှန်အတိုင်းမြင်လို့မရသလိုဘဲ စိတ်အစဉ်ဟာ ဂနာမငြိမ်ဘူး။ ယောက်ယက်ခတ်နေမယ်။ မလုံမလဲဖြစ်နေမယ်ဆိုရင် မှန်ကန်တဲ့အသိ (ပညာ) မဖြစ်နိုင်ဘူး။ ဒါကြောင့် မှန်ကန်တဲ့အသိ ဖြစ်ပေါ်ဖို့အတွက် တည်ငြိမ်တဲ့ သမာဓိစိတ်ဖြစ်အောင် လုပ်ရမယ်။

သမာဓိစိတ် ဆိုတာ ဂနာမငြိမ်တာတွေ၊ ယောက်ယက်ခတ်တာတွေ၊ မလုံမလဲဖြစ်နေတာတွေ ကင်းရှင်းနေတဲ့စိတ် ပါပဲ။ ဒီလိုစိတ်မျိုး ဖြစ်နေဖို့အတွက် အပြစ်ကင်းအောင် သီလသိက္ခာ ဆောက်တည်ရမယ်။ အဲဒီလို သီလ သမာဓိ တို့နဲ့ ပညာကို တိုးပွားသထက် တိုးပွားအောင် မြှင့်တင်ပြီး အနိစ္စ စတဲ့ ပင်ကိုသဘောအမှန်တွေ

http://www.dhammadownload.com



သိမြင်လာပြီဆိုရင် အထက်မှာပြောခဲ့သလို အစွဲကင်းတဲ့ ခန္ဓာကိုယ်ကြီးဖြစ်ပေါ်လာပြီး 'ဒုက္ခက္ခန္ဓသ္သ နိရောဓော ဟောတိ' ဆိုတဲ့အတိုင်း ဒုက္ခဇာတ်သိမ်းပြီး သံသရာခရီး ဆုံးသွားမယ်လို့ ဆိုတာပါ။ ကဲ ဒီလောက်ဆို ဒီခရီးကို တကယ်လျှောက်လိုရင် လျှောက်တတ်လောက်ပါပြီ။

သာသနာကြုံတုန်းမှာ သံသရာဆုံးတဲ့ခရီး ကို နည်းမှန်လမ်းမှန် လျှောက်နိုင်ကြပါစေ။

http://www.dhammadownload.com



## လျှောက်တတ်ရင်လမ်း

နိဝရဏတရားတွေ ဆိုတာ သူတို့ကို အသုံးမချတတ်ဘဲ ကြောက်တတ်သူတွေအတွက်တော့ မဂ်ဖိုလ်ရဲ့ အတားအဆီးတွေပဲ။ အသုံးချပြီး လျှောက်တတ်သူအဖို့တော့ 'နိဗ္ဗာန်' အထိရောက်နိုင်တဲ့ လမ်းခရီး ဖြစ်သွားတယ်။

( အဂ္ဂမဟာပဏ္ဍိတ – မိုးကုတ်ဆရာတော်ကြီး )

http://www.dhammadownload.com



တိုင်းရင်းမြန်မာဆေးတွေထဲမှာ ရှေးခေတ်သမားတော်ကြီးများ အသက်ကယ်ဆေးသဖွယ် လက်စွဲပြုထားတဲ့ ဆေးတစ်လက်ကတော့ 'နန်းတွင်းလျှာပွတ်ဆေးကြီး' ဆိုတာပါပဲ။ ဒီဆေးကြီးဟာ အစားအသောက် အဆိပ်သင့်တာအမျိုးမျိုးကို ပျောက်ကင်းစေနိုင်ရုံမက ဆေးမတိုးဘူးလို့ ဆိုတဲ့ ကုသလို့ခက်တဲ့ ရောဂါများကိုလည်း ကယ်မကုသနိုင်တာမို့ နန်းတွင်းသမားတော်ကြီးများ အထူးဆောင်ထားရပါသတဲ့။ ဆေးတိုက်လို့မရနိုင်လောက်အောင် ငန်းဖမ်းပြီး သွားစေ့နေတဲ့ လူနာတွေကိုတောင် ပါးစပ်ကို ဟအောင်လုပ်ပြီး လျှာကိုပွတ်ပေးရုံနဲ့ သက်သာစေနိုင်တာမို့ 'နန်းတွင်းလျှာပွတ်ဆေးကြီး' လို့ ခေါ်တာပါ။

အံ့ဩစရာကောင်းတာက ဒီဆေးထဲမှာ ပါဝင်တဲ့ ဆေးအမည်တွေဟာ တစ်ခုချင်းစီ စားလိုက်ရင် အသက် သေစေနိုင်တဲ့ ဝ,ဥ၊ ဆီမီးတောက်၊ မှျားဆိပ်၊ ဒိုးဆံ စတဲ့ 'အဆိပ်ပစ္စည်းတွေ' ချည်း ဖြစ်နေတာပါပဲ။ တစ်ခုချင်းစီစားသုံးလို့ သေတတ်တဲ့ပစ္စည်းတွေကိုပဲ အညီအမျှစုပြီး သမအောင် အမှုန့်ပြု ရောစပ်လိုက်တဲ့အခါမှာ 'သေဆေး' ကနေ 'မသေဆေး' အဖြစ် ပြောင်းလဲသွားတာပါ။ "မသုံးတတ်ရင် ဘေး၊ သုံးတတ်ရင် ဆေး" ဆိုတဲ့ မြန်မာ့စကားပုံ အတိုင်းပါပဲ။

http://www.dhammadownload.com



ရုပ်ရောဂါ ကို ကုသတဲ့ဆေးတွေမှာသာ ဒီသဘောမျိုးရှိတာ မဟုတ်ပါဘူး။ နာမ်ရောဂါ လို့ဆိုရမယ့် ကိလေသာရောဂါ ဝမ်းတွင်းနာကို ကုသတဲ့ တရားဓမ္မ နယ်ပယ်မှာလည်း ဒီသဘောမျိုး ရှိပါတယ်။ ကိလေသာ ဆိုတာ စိတ်ကို ညစ်နွမ်းစေတတ်တဲ့ လောဘ၊ ဒေါသ စတဲ့ တရားတွေပါ။ ဒီတရားတွေမကင်းသမျှ သတ္တဝါတွေဟာ သံသရာဝဋ်ဇာတ်က လွတ်မထွက်နိုင်ဘဲ အဖန်တလဲလဲသေစေတတ်တယ် ဆိုတာကတော့ တရားဓမ္မနဲ့ သိပ်ပြီး နားမဝေးသူတိုင်း သိပြီးဖြစ်မှာပါ။

ဒီတရားတွေထဲမှာ အထူးသဖြင့် –

၁။ အာရုံငါးပါး ကာမဂုဏ်တရားတွေကို တွယ်တာ တပ်မက်ပြစ်မှားတတ်တဲ့ **အဘိဇ္ဈာ**။

၂။ အမျက်, ဒေါသ, ရန်ငြိုး, အာဃာတ လို့ခေါ်တဲ့ **ဗျာပါဒ**။

၃။ စိတ်စေတ်တွေကျဆင်းပြီး ထိုင်းမှိုင်းလေးလံခြင်းဆိုတဲ့ **ထိနမိဒ္ဓ**။

၄။ စိတ်တွေ တုန်လှုပ်ပျံ့လွင့်နေခြင်းနဲ့ ပြီးပြီးတဲ့ကိစ္စများအပေါ်မှာ နှောင်တရ ပူပန်နေခြင်းဆိုတဲ့ **ဥဒ္ဓစ္စ ကုက္ကုစ္စ**။

၅။ ဘာကိုမှ ဆုံးဖြတ်လို့မရနိုင်အောင် သို့လော သို့လော တွေးတော တွေဝေနေတတ်တဲ့ **ဝိစိကိစ္ဆာ**။

http://www.dhammadownload.com



ဒီတရား (၅) ပါးတို့ဟာ မဂ်ဖိုလ်ကို တားဆီး ပိတ်ပင်တတ်တဲ့အတွက် 'နီဝရဏတရားများ' လို့ ခေါ်ပါတယ်။

ဒီတရား (၅) မျိုးတို့ဟာ ပုထုဇဉ်တိုင်းမှာ တစ်ခု မဟုတ်တစ်ခု ဆိုသလို ဖြစ်နေကြတာမို့ ဘယ်သူမှ မကင်းနိုင်ကြတဲ့တရားတွေ ဖြစ်ပါတယ်။ ဒီတရားတွေ ဖြစ်ပေါ်လို့သာ မဂ်ဖိုလ်မရနိုင်တော့ဘူးဆိုရင် ပုထုဇဉ်တိုင်း မဂ်ဖိုလ်နဲ့ မတန်တော့သလို ဖြစ်နေတယ်။ အမှန်ကတော့ အဲဒီလိုလည်း မဖြစ်သင့်ဘူး။ အရိယာပုဂ္ဂိုလ် တွေဆိုတာလည်း ပုထုဇဉ်ကနေပြီး ဖြစ်သွားကြတာပါပဲ။

'မိုးကုတ်ဆရာတော်ကြီး' ကတော့ "ဒီတရားတွေ ဟာ မဂ်ဖိုလ်ကို တားဆီးပိတ်ပင်တတ်တဲ့ တရားတွေတော့ မှန်တယ်။ ဒီတရားတွေ ဖြစ်ပေါ်လာတာကို 'ငါတို့မှာ မဂ်ဖိုလ်ရဲ့ အတားအဆီးဖြစ်တဲ့တရားတွေ ဖြစ်နေပြီ' ဆိုပြီး ကြောက်တတ်နေသမျှတော့ ဒီတရားတွေကလည်း အတားအဆီးတွေပဲ ဖြစ်နေမှာပဲ။ အမှန်ကတော့ ဒီလို ဖြစ်နေတာဟာ မြတ်စွာဘုရားရဲ့ အဆုံးအမ သာသနာတော်နဲ့ မရင်းနှီးကြလို့ပဲ။

မြတ်စွာဘုရားရှင်က 'မဟာသတိပဋ္ဌာန် ဓမ္မာနုပဿနာ' မှာ ဒီတရားတွေဖြစ်ပေါ်လာရင် ဘာလုပ်ရမယ်ဆိုတာ အတိအကျ ဟောထားပြီးသား။ "သတိထားပြီး

http://www.dhammadownload.com



သိအောင် ရှုလိုက်ပါ" တဲ့။ ဒီကိလေသာတရားတွေ ဆို တာ အဝိဇ္ဇာ ဆိုတဲ့ အမှောင်ထုကို ခိုပြီးတော့သာ ဖြစ်နိုင် တဲ့ တရားမျိုးတွေ။ သူတို့ကို သတိထားပြီး ရှုမှတ်လိုက် လို့ 'အသိ' ဆိုတဲ့ 'ဝိဇ္ဇာဉာဏ်အလင်းခါတ်' ဖြစ်ပေါ် လာရင် ဒီတရားတွေ ချုပ်ပျောက်သွားတာပဲ။ ဒါကြောင့် သူတို့ကို အသုံးမချတတ်ဘဲ ကြောက်ရုံကြောက်နေတတ် သူတွေအဖို့အတွက်တော့ အတားအဆီးတွေပဲ ဖြစ်နေ မယ်။ အသုံးချပြီး လျှောက်တတ်သူတွေအဖို့တော့ နိဗ္ဗာန် အထိရောက်နိုင်တဲ့ လမ်းခရီးဖြစ်သွားတယ်။ 'စိုင်ကော် လို့ ချုံပေါ်ရောက်တယ်' ဆိုတာ ဒါမျိုးပေါ့။

စိုင် က ချုံပေါ် ကော်တင်ပေးမလို့လာတာ။ ခင်ဗျားတို့က ကြောက်စရာဆိုပြီး ထွက်ပြေးနေရင်တော့ စိုင်နင်းခံရပြီး သေကြမှာပဲ။ သူ့ချိုဖျားနဲ့ မငြိအောင် တိမ်းရှောင်ပြီး အလိုက်သင့် အသုံးချတတ်သူကတော့ ချုံ ပေါ်ရောက်မှာပဲ။ ဘယ်တရားမဆို သတိထားနေသူ အတွက်တော့ ရှုဉာဏ်တွေဖြစ်ပေါ်ဖို့ အရှုံခံလာတာချည်း ပဲဗျ" လို့ ဟောကြားတော်မူပါတယ်။

ဒါဟာ နန်းတွင်းလျှာပွတ်ဆေးကြီး ဖော်စပ်သလို ပါပဲ။ အဆိပ်ဖြစ်စေတဲ့ ပစ္စည်းတွေကို အညီအမျှစီ စု သလို ကိလေသာတရားများကိုလည်း ညီမျှအောင်စုပြီး သမအောင် အမှုန့်ပြုလိုက်တဲ့သဘောပါ။ ညီမျှအောင်

http://www.dhammadownload.com



စုတယ် ဆိုတာက ဒီတရားအားလုံးဟာ ပြုပြင်ခြင်းကို ခံရတဲ့ သင်္ခါရသဘောတွေဖြစ်တယ်လို့ ရှုမြင်လိုက်ရတာပါ။ သမအောင် အမှန့်ပြုတယ်ဆိုတာကတော့ သင်္ခါရတရားအားလုံးရဲ့ တူညီတဲ့လက္ခဏာ ဖြစ်တဲ့ အနိစ္စသဘော။ ဒုက္ခ အနတ္တ သဘောတွေ ပေါ်လွင်ထင်မြင်လာအောင် ရှုမှတ်လိုက်တဲ့သဘောပါ။ ဒီလက္ခဏာတွေ ပေါ်လာတဲ့အဆင့်အထိ မှန့်မှန့်ညက်ညက် ဖြစ်လာပြီ ဆိုရင်တော့ မဂ် ဖိုလ် အဆင့်ဆင့်တက်ပြီး "မသေရာနိဗ္ဗာန်" ကို မျက်မှောက်ပြုရမှာဖြစ်လို့ ဆရာတော်ကြီးက "လျှောက်တတ်ရင် နိဗ္ဗာန်အထိရောက်ကဲ့လမ်း ဖြစ်သွားတယ်" လို့ မိန့်ကြားခဲ့တာပါပဲ။

*

ဆရာတော်ကြီးရဲ့ဟောညွှန်ချက်များဟာ တရားမေ့နယ်ပယ်မှာသာမက လောကနယ်ပယ်ထဲမှာလည်း ဒီသဘောကို အသုံးချလို့ ရကောင်းပါတယ်။

လောကထဲမှာ လူရယ်လို့ဖြစ်လာတာနဲ့ တစ်ပြိုင်နက် လောကကြီးက ထည့်ပေးလိုက်တဲ့ လောကခံရှစ်ပါးဘို့ဟာလည်း ဖွားဖက်တော်ပမာ အတူတကွ ပါလာရစမြဲပါ။ ဘာကြောင့်လဲဆိုတော့ လူ့ဘဝကို ရရောက်ကြ

http://www.dhammadownload.com



သူတိုင်းရဲ့ အတိတ်ကံတွေဟာ ကုသိုလ်, အကုသိုလ် ဆိုတဲ့ ကောင်းကံ နဲ့ မကောင်းကံတွေ ရောနှောပြုထားမိခဲ့တဲ့ ' မိဿ ကမ္မသတ္တိတွေ ' က ရှိနေပြီးဖြစ်လေတော့ ဒီ ကံနှစ်မျိုးတို့ရဲ့ အကျိုးပေးခွင့် အလှည့်အတိုင်း ရရှိခြင်း၊ ဆုံးရှုံးခြင်း၊ အသိုင်းအဝိုင်းရှိခြင်း၊ အထီးကျန်ခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ကျေနပ်စရာနဲ့ ကြုံကြိုက်ခြင်း၊ မကျေနပ်စရာနဲ့ ကြုံကြိုက်ခြင်းဆိုတဲ့ လောကဓံရှစ်မျိုးတို့ဟာ အလှည့်ကျ ဖြစ်ပေါ်ကြုံတွေ့ရတတ်စမြဲ ဖြစ်လို့ပါပဲ။

မှန်ပါတယ်။ အဘိဓမ္မာသဘောအရ ကံတို့အကျိုးပေးပုံကို လေ့လာကြည့်မယ်ဆိုရင် ပုထုဇဉ်မှန်သမျှ ကောင်းကံ ဆိုးကံတွေကို ရောရောနှောနှော ပြုခဲ့ကြသူတွေချည်းပါပဲ။ အဲဒီလို ရောနှောတဲ့နေရာမှာ ကုသိုလ်ကံအမျိုးအစားက များတယ်ဆိုရင်တော့ အဆိုးလောကဓံနဲ့ ကြုံတွေ့ရမှုနည်းတဲ့ အထက်နတ်ပြည်တို့မှာ ပဋိသန္ဓေနေရတတ်ပါတယ်။ အကုသိုလ်ကံ အချိုးအစားက များတယ်ဆိုရင် အကောင်းလောကဓံနဲ့ ကြုံတွေ့ခွင့် မရှိလှတဲ့ အပါယ်လေးဘုံတို့မှာ ပဋိသန္ဓေနေရတတ်ပါတယ်။ အချိုးအစား မတိမ်းမယိမ်းလောက်ဖြစ်ခဲ့ရင်တော့ ကြားခုလတ်သုဂတိဘုံဖြစ်တဲ့ လူ့ဘုံလူ့ဘဝမှာ ပဋိသန္ဓေနေကြရပါတယ်။ ဒါကြောင့် လူ့ဘဝဟာ လောကဓံရှစ်ပါးစုံ နဲ့ အကြုံရ များတတ်ပါတယ်။

http://www.dhammadownload.com



တကယ်တော့ 'မနုဿ = လူ' လို့ ခေါ်ဆိုရတာ ကိုယ်က ကောင်း ဆိုး နှစ်တန် လောကဓံကို ကြံ့ကြံ့ခံနိုင်တဲ့ စိတ်ဓာတ်ခွန်အား စွမ်းပကားနဲ့ ပြည့်စုံလို့ပါ။ လောကဓံ ကို အလိုက်သင့် နှလုံးသွင်းပြီး လက်ခံနိုင်တဲ့ စွမ်းပကားမရှိဘူးဆိုရင်တော့ အဆိုးလောကဓံကြောင့် ကြောက်ရွံ့သွားသူပဲဖြစ်ဖြစ်၊ အကောင်းလောကဓံကြောင့် အောက်ခြေလွတ် ဘဝမေ့သွားသူပဲဖြစ်ဖြစ် ဒါဟာ လူ့အဆင့်အတန်းမှန်ဖြစ်တဲ့ 'စိတ်ဓာတ်မြင့်မားသူ' အဖြစ်ကနေ လျှော့ကျသွားတဲ့သဘောချည်းပါပဲ။

အခုလို အဆိုးလောကဓံနဲ့ ကြုံရင် 'ကြောက်ဆိပ်' သင့်၊ အကောင်းလောကဓံနဲ့ကြုံတဲ့အခါ 'မြောက်ဆိပ်' သင့်ပြီး လူ့အဆင့်လျှော့ရခြင်းရဲ့အကြောင်းကို စဉ်းစားကြည့်မယ်ဆိုရင် အဆိပ်ပစ္စည်းတွေကို မှုအောင်မစု၊ သမအောင်မပြုဘဲ တစ်ခုချင်းစားမိသလို လောကဓံ အဆိုး အကောင်းတို့ကိုလည်း 'ယောနိသော မသိကာရ' လို့ခေါ်တဲ့ သင့်တင့်မှန်ကန်အောင် နှလုံးသွင်းဆင်ခြင်တတ်တဲ့ သတိတရား၊ အသိတရားလက်ကိုင်ထားပြီး မှုအောင်စု၊ သမအောင်မပြုဘဲ ကြုံလာသမျှလောကဓံ တစ်ခုချင်းအပေါ်မှာသာ မိမိရဲ့ ကြိုက်၊ မကြိုက်နဲ့ တိုင်းတာပြီး ခံစားမိကြလို့ ဖြစ်ရတာပါ။

လောကဓံကို 'မှုအောင် စုပြီး သမအောင် ပြု'

http://www.dhammadownload.com



တယ်ဆိုတာ အဆိုးလောကဓံနဲ့ ကြုံရတဲ့အခါမျိုးမှာ ချို့ယွင်းဆုံးရှုံးရခြင်းတို့ရဲ့အကြောင်းတရား အချက်အလက်များနဲ့ အခြေအနေ၊ အချိန်အခါ အရပ်ရပ်ကို ဆက်စပ်သုံးသပ်ပြီး 'နစ်နာမှုများ' ကို 'အတွေ့အကြုံများ' အဖြစ်ပြောင်းလဲရယူကြဖို့နဲ့ အကောင်းလောကဓံနဲ့ ကြုံရတဲ့အခိုက်မှာလည်း တစ်လှည့်စီကျရောက်တတ်တဲ့ ကံကြမ္မာတို့ရဲ့ အလှည့်အခွင့်များနဲ့ အရာရာတိုင်းရဲ့ မတည်မမြဲပြောင်းလဲတတ်တဲ့သဘောများကို ကြိုတင်သုံးသပ်ပြီး အကောင်း မပျက်ဖို့အတွက် အကောင်း နဲ့သာ ဆက်ပေးနိုင်တယ်' ဆိုတဲ့ သတိတရား ပညာတရား လက်မလွှတ်စေဘဲ စိတ်ကောင်း နှလုံးကောင်းနဲ့ ကိုယ်ကျင့်တရားကောင်းတွေ တိုးပွားအောင် ကြိုးစားရယူကြရမယ်လို့ဆိုလိုတာပါ။

သံသရာခရီးသည်များဖြစ်တဲ့ သတ္တဝါမှန်သမျှဟာ 'နိဗ္ဗာန်' ဆိုတဲ့ ပန်းတိုင်ကို မရောက်သေးသမျှကောင်း ဆိုး နှစ်ဖြာ ဘယ်အရာမှ အနိုင်အမာမဟုတ်သေးတဲ့ အတွက် 'ခရီးဆက်ရန်ရှိသေးသည်' ချည်းဖြစ်ပါတယ်။ အဆုံးအပိုင်းအခြားကို မခန့်မှန်းနိုင်သေးတဲ့ သံသရာခရီးရှည်ကြီးမှာ လောကဓံ ဆိုတာဟာ လောကသားတိုင်းရဲ့ ထာဝရဖွားဖက်တော်များ ဖြစ်တာမို့ "ကြောက်တတ်၊ မြောက်တတ်သူတွေ လမ်းပျောက်ပြီး၊ လျှောက်တတ်သူ

http://www.dhammadownload.com



များသာ နိဗ္ဗာန်အထိ လမ်းပေါက်နိုင်ကြမယ်” လို့ မိုးကုတ်ဆရာတော်ဘုရားကြီးက ညွှန်ကြားသတိပေးလိုရင်း ဖြစ်မယ်ထင်ပါတယ်။

သာသနာ့ အမှီကောင်းရခိုက် မိတ်ကောင်းဆွေကောင်း၊ ဆရာကောင်းများရဲ့ အကူအညီဖြင့် လမ်းမှန်ပေါက်အောင် လျှောက်နိုင်ကြပါစေ။

http://www.dhammadownload.com



# မြင်းမိုရ်ဦး ရဲ့ မသေပန်း

သင့်ကို ရိုက်ပုတ် နှင်ထုတ်ကြပေ မယ့် သူတို့ကို မသေစေလိုဘူးဆိုရင် သင့် နှလုံးသား မှာ 'မေတ္တာတရား' မသေ ပါ ကလား။

( ဘုရားလောင်း သိကြားမင်း )

http://www.dhammadownload.com



ဒီသတင်းကိုကြားလိုက်စက အဘွားအို 'ကစ္စာနီ' မှာ မယုံကြည်နိုင်သလို တအံ့တဩဖြစ်သွားသေးတယ်။ ဒါဟာ မဖြစ်ကိုမဖြစ်နိုင်ဘူးလို့လည်း ဇဝေဇဝါ တွေးလိုက်မိသေးတယ်။ ဒါပေမယ့် ကလေးတစ်ယောက် မွေးဖွားတယ်ဆိုတဲ့ကိစ္စဟာ အကြံအဖန်လုပ်လို့ ရနိုင်တာမျိုးမဟုတ်သလို တစ်ရပ်လုံး အုတ်အော်သောင်းတင်း ပြောဆိုနေကြတာဖြစ်လို့ ဘာမျှ သံသယဖြစ်စရာ မလိုတော့ဘူး။ တကယ့်အဖြစ်မှန်ပဲ။ ဒီလိုဆိုရင် --- အဘွားအို 'ကစ္စာနီ' ဟာ သူ့ချွေးမ သားဖွားတဲ့သတင်းက သံသယဖြစ်စရာမရှိတဲ့ အဖြစ်မှန်ပဲ ဆိုတာ အတိအကျ သိလာရချိန်မှာတော့ သက်ကြီးရွယ်အိုတို့ကို အရိုအသေလုပ်ကျွေးရမယ့် 'ဇေဋ္ဌာပစာယနတရား နဲ့ သုစရိုက်တရားများ' အပေါ်မှာ သံသယ ဖြစ်လာခဲ့တော့တယ်။

ဒီတရားတွေ မရှိတော့ဘူး။ ဟုတ်တယ်။ ဒီတရားတွေ မရှိကြတော့တာ သေချာပြီ။ တရားသာအသက်ရှင်နေရိုးမှန်ခဲ့ရင် အမိ ကို အိမ်ပေါ်မှာ ရိုသေလုပ်ကျွေးနေစဉ်က ချွေးမမှာ သားရတနာမထွန်းကားပဲ အမိကို ရိုက်ပုတ် နှင်ထုတ်လိုက်ခါမှ သားရတနာထွန်းကားပြီး ကျန်းမာချမ်းသာနေကြရတယ်လို့ ဘယ်မှာဖြစ်နိုင်မလဲ။ ခုတော့ ဒီအတိုင်းဖြစ်တာက အမှန် ဖြစ်နေပြီ။ ဒါဆို တရား သေ

http://www.dhammadownload.com



သွားတာလည်း မုချပဲပေါ့။ ဘာလုပ်ရမလဲ။

"အမှန်တရားများဟာ တစ်ချိန်က သူတို့ သက်ရှင်ထွန်းကားခဲ့တဲ့ကျေးဇူးကြောင့် ငါ့မှာ အရွယ်အိုမဆိုးမဖြစ်ရပေမယ့် ဘာမှမချို့တဲ့ခဲ့ဘူး၊ အမိကို အိမ်ဦးနတ် လိုကိုးကွယ်လုပ်ကျွေးတတ်တဲ့ တစ်ဦးတည်းသော သားလိမ္မာလေး၊ ရေပူရေချမ်း ယာဂုထမင်းကစပြီး အဝတ်လျှော်ဖွပ်သည်အထိ အစစ တာဝန်ကျေတဲ့ သားလိမ္မာရဲ့ ပြုစုစောင့်ရှောက်မှုကြောင့် အရာရာ ဘာမျှမချို့တဲ့၊ မတောင့်မတ မကြောင့်မကြ လိုအပ်သမျှ အရန်သင့်၊ ဒါတွေဟာဒီ သုစရိုက်တရားတွေရဲ့ ကျေးဇူးတွေပဲမဟုတ်လား၊ ခုတော့ ကျေးဇူးရှင်တွေ သေကြပြီ၊ တို့ ဗြဟ္မဏနွယ်တွေရဲ့ထုံးတမ်းစဉ်လာအတိုင်း ကျေးဇူးရှင်သေခဲ့ရင် သူတို့ကိုနောက်ဆုံးကျေးဇူးဆပ်တဲ့အနေနဲ့ 'ပိဏ္ဍာပ်ကျွေး' (ဆွမ်းသွတ်) ပေးရမှာပေါ့"

အဘွားအို 'ကစ္စာနီ' စိတ်ကိုဒုန်းဒုန်းချ ဆုံးဖြတ်ပြီးတဲ့အခါမှာတော့ ဗြဟ္မဏလူမျိုးတို့ ထုံးစံအတိုင်း ပိဏ္ဍာပ်ကျွေးရာမှာ ချက်ပြုတ်ရမယ့် နှမ်းမှုန့်၊ ဆန် နဲ့ အိုး၊ ထင်း၊ ယောက်မ တို့ကိုယူပြီး သုသာန်သချိုင်းဆီ ထွက်လာခဲ့တော့တယ်။

လူက သုသာန်ဆီ သွားနေပေမယ့် စိတ်ကတော့ အတိတ်ဆီ ပြန်တွေးနေမိတယ်။ အသက်အရွယ်ကြီးလို့

http://www.dhammadownload.com



ခင်ပွန်းသည် ကွယ်လွန်တဲ့အခါ မုဆိုးမအဘွားအိုကြီး ဖြစ်ရပေမယ့် တစ်ဦးတည်းသော သားလိမ္မာကြောင့် အစစ ဘာမျှမချို့တဲ့ခဲ့။ စဉ်းစားကြည့်ရင်တော့ ကိုယ်မွေးတဲ့ မီးက ကိုယ့်ကိုပြန်လောင်တယ်လို့ပဲ ဆိုရမလား မပြော တတ်တော့။

သားကလေးမှာ စားဝတ်နေရေးအတွက် ရှာဖွေ ရတာက တစ်ဖက်၊ အမေကို လုပ်ကျွေးပြုစုရတာ တစ် ဖက်နဲ့ နေ့စဉ်နေ့တိုင်း အားရနားရတယ်ဆိုတာ မရှိလေ တော့ သားကိုမကြည့်ရက်တော့။ ဒါနဲ့ ကူဖော်လောင်ဖက် ရအောင် အိမ်ထောင်ပြုခိုင်းပေမယ့် သားက "ကျွန်တော့် မှာ အမိကို လုပ်ကျွေးလိုတဲ့ ဆန္ဒကလွဲလို့ ဘာမျှ မလိုချင် မတောင့်တပါဘူး" ဆိုပြီး ငြင်းပယ်နေတယ်။ နောက်ဆုံး တော့ သူ့ဆန္ဒကိုမေးမနေတော့ဘဲ အမျိုးစဉ်ဆက် မပြတ် ဖို့ဆိုပြီး သင့်လျော်တဲ့အမျိုးသမီးတစ်ဦးနဲ့ ထိမ်းမြား ပေး လိုက်တော့တယ်။ သားလိမ္မာပီပီ အမေစီစဉ်တဲ့အတိုင်း ဘာမျှ မငြင်းဆန်ဘူး။

ချွေးမကလည်း အကင်းပါးတယ်။ သူ့ယောကျ်ား ဟာ အမိကို ရိုသေလုပ်ကျွေးသူဖြစ်လေတော့ ယောကျ်ား လုပ်နေကျ ဝတ္တရားတွေကို သူတာဝန်ယူနိုင်မှ သူ့အပေါ် လင်ယောကျ်ားက မေတ္တာပိုလာမယ်ဆိုတာ တွက်မိတယ်။ ဒါနဲ့ အမိကို လုပ်ကျွေးပြုစုရမည့် တာဝန်တွေကို မယား

http://www.dhammadownload.com



က တာဝန်ယူလိုက်တာမို့ ယောက်ျားကလည်း စီးပွားကို ဇောက်ချ ကြိုးစားလာနိုင်တော့တယ်။ ရှာဖွေလို့ရသမျှကို လည်း အမိပေါ်မှာ သူရှိသေသလို ရှိသေဖော်ရတဲ့ မယား လက်ထဲ အကုန်အပ်လိုက်တယ်။

ရသမျှစီးပွားကို သူတစ်ယောက်တည်း ထိန်းသိမ်းခွင့်ရသလို တစ်အိမ်လုံး သူ့ခြေ သူ့လက် ဆိုသလို ဖြစ်လာချိန်မှာတော့ ချွေးမတို့ဇာတိ ပြလာတယ်ပဲဆိုရမလား မသိဘူး၊ စိတ်ထားပြောင်းလာတော့တယ်။ အလွန်နားအေးတဲ့ အဘွားအိုကို ဇိဇာကြောင်ပြီး ပြုစုလုပ်ကျွေးဖို့ ခက်တဲ့အဘွားကြီးအဖြစ်ရောက်အောင် ကြံဆောင်လာတော့တယ်။ ချိုးရေကိုစီစဉ်တဲ့အခါ အလွန်ပူအောင်၊ အလွန်အေးအောင် လုပ်တယ်။ အစားအသောက်ကိုလည်း ဆားတွေ ငန်လွန်းအောင် လုပ်လိုလုပ်၊ ဆား လုံးဝမထည့်ဘဲ ကျွေးလိုကျွေး။ ဒီတော့ အဘွားကြီးက ပူညံပူညံလုပ်။ ဒါကို လင်ယောက်ျား အလုပ်ကပြန်လာတဲ့အခါ တိုင်တော။ ဒီကြားထဲ တစ်နေ့ ကြမ်းပြင်ပေါ်အနှံ့ နှပ်တွေ၊ တံတွေး တွေထွေးထားပြီး လင်ယောက်ျားလာတဲ့အခါ "ရှင့် အမေအိုကြီး ဒီလိုလုပ်ထားတာ၊ ပြောတော့လည်း ရန်ထောင်တယ်၊ ဒီလိုနေလို့တော့ မဖြစ်နိုင်တော့ဘူး၊ အမေကို အိမ်က နှင်ထုတ်ရမလား၊ မယားကို နှင်ထုတ်မလား ကြိုက်ရာ ရွေးပေရော့" လို့ ပြောပါတော့တယ်။

http://www.dhammadownload.com



နောက်ဆုံးတော့ ယောက်ျားသားခမျာ 'အမေပြောတော့ တစ်လ၊ မယားပြောတော့ တစ်ခဏ' ဆိုတဲ့ အစားထဲ ရောက်သွားရှာပြီး မယားသဘော အတိုင်းလိုက် လျှော့ခွင့်ပြုလိုက်တယ်။ ဒါနဲ့ ချွေးမရဲ့ကြိမ်းမောင်းနှင်ထုတ်တာခံခဲ့ရပြီး အဘွားအို 'ကစ္စာနီ' ခမျာ အိုကြီးအိုမ သူတစ်ပါးအိမ်မှာ အိမ်စေအဖြစ် ကပ်ရပ်မှီခိုရင်း အထီးကျန် ဒုက္ခသည်ဘဝ ရောက်ခဲ့ရတော့တယ်။

တိုက်ဆိုင်ချင်တော့ အဘွားအို အိမ်မှာရှိစဉ်က အမြုံမ ဖြစ်နေတဲ့ချွေးမက အဘွားအိုလည်းမရှိရော သန္ဓေရပြီး သားယောက်ျားလေး ဖွားမြင်လာတယ်။ ဗြဟ္မဏ အနွယ်တို့ရဲ့ထုံးစံအတိုင်း အနွယ်ကိုဆက်ခံမည့် သားကောင်းမိခင်ဖြစ်ပြီဆိုတော့ သူဟာ အမျိုးရဲ့သခင်အဖြစ် အစစ စိုးပိုင်လာခဲ့တော့တယ်။ လင်ယောက်ျားအပေါ်မှာလည်း ပြောအားပိုရှိလာတာပေါ့။ "အရင်က ယုတ်မာတဲ့ သက်ကြီးရွယ်အိုမကြီးကြောင့် အမြုံ ဖြစ်နေတာ၊ အခု သူလည်းမရှိရော အမျိုးကိုဆက်ခံမည့် သားရတနာရပြီ" ပေါ့။

ဒါကြောင့် အဘွားအို 'ကစ္စာနီ' က တရား ကိုသေပြီလို့ ယတိပြတ် ဆုံးဖြတ်ချက်ချပြီး ကျေးဇူးရှင်တရားအသေ အတွက် ပိဏ္ဍပ်ကျွေး (ဆွမ်းသွတ်) ဖို့ သုသာန်ဘက် ထွက်လာခဲ့တာ။

http://www.dhammadownload.com



သုသာန်ပေါ်ရောက်တဲ့အခါ လူသေရဲ့ ဦးခေါင်းခွံ သုံးခုကို ဖိုခုံလောက်လုပ်ပြီး မီးပျိုးတယ်။ ပြီးတော့ ဗြဟ္မဇာတို့ထုံးစံအတိုင်း ချောင်းထဲသွားပြီး ဆံပင်ကိုလျှော်၊ အဝတ်ဖြူကိုရုံပြီးမှ ဆံပင်ကိုခြောက်အောင်ခါပြီး ကျော ဘက်မှာ ဖားလျားချထားရင်း နှမ်းထမင်းချက်ဖို့ ပြင်ဆင် ပါတော့တယ်။

အဲဒီတုန်းက ဘုရားအလောင်းက သိကြားမင်း ဘဝမှာ ဖြစ်နေခိုက်ဆိုတော့ လောကကြီးကို မမေ့မလျော့ ကြည့်လေ့ရှိတဲ့အချိန်။ သုသာန်ပေါ်မှာ ထမင်းချက်ဖို့ ကြိုးစားနေတဲ့ အဘွားအိုကိုတွေ့တဲ့အခါ အကြောင်းစုံကို မေးမြန်းဖို့ ခရီးသွားပုဏ္ဏားအဘိုးအိုအသွင်နဲ့ အဘွားအို နား ချဉ်းကပ်ပြီး –

“အို ကစ္စည်းနွယ်ဖွား အရှင်မ၊ ဘာကိစ္စအတွက် သုသာန်ပေါ်မှာ နှမ်းထမင်းကို ချက်နေရပါသလဲ”

“အို ပုဏ္ဏား၊ တရားသေတဲ့အတွက် ဆွမ်းသွပ် မလို့ပါ”

“ကစ္စာနီအရှင်မ နှိုင်းနှိုင်းချိန်ချိန်ပြောပါ၊ တရား မင်းတရားဖြစ်တဲ့ သိကြားမင်း ဆိုတာ မသေသေးပါဘူး၊ ဘာကြောင့် တရားကို သေပြီဆို ပြောနိုင်ရတာလဲ”

“ပုဏ္ဏားကြီး၊ ဒီကိစ္စမှာ ကျွန်ုပ် ဘာမျှသံသယ ဖြစ်စရာ မလိုတော့ဘူး၊ အသေအချာ ဆုံးဖြတ်ပြီးပြီ။

http://www.dhammadownload.com



ကျွန်ုပ်ကို အိမ်ပေါ်မှာတင်ထားပြီး လုပ်ကျွေးနေစဉ်က ချွေးမဟာ သားသမီးမထွန်းကားတဲ့ အမြုံမ ဖြစ်နေခဲ့တယ်၊ ကျွန်ုပ်ကို ရိုက်ပုတ်နှင်ထုတ်လိုက်ပြီးတော့မှ သားကို ဖွားမြင်ခဲ့တယ်၊ ဒီလို ယုတ်မာတဲ့မိန်းမက အမျိုးကိုအစိုးရသူ ဖြစ်သွားပြီ၊ မိခင်ဖြစ်တဲ့ ကျွန်ုပ်က အနှင်ခံဘဝ နဲ့ အထီးကျန်ဖြစ်ရတယ်၊ ဒါဟာ တရားသေလို့ပဲ မဟုတ်ပါလား"

"အို ကစ္စာနီအရှင်မ၊ ကျွန်ုပ် သုစရိုက်တရားတွေကြောင့် သိကြားမင်းဖြစ်လာရသူပါ၊ ကျွန်ုပ်မသေသေးပါဘူး၊ အခုလာခဲ့တာဟာ သင့်ကို အကျိုးဆောင်ပေးဖို့ပါပဲ၊ သင့်ချွေးမဟာ သင့်ကို ရိုက်ပုတ်နှင်ထုတ်ပြီးမှ သားကို ဖွားမြင်ပြီး အိမ်ကို စိုးမိုးအုပ်ချုပ်ခွင့်ရသွားတာ ဖြစ်ခဲ့လျှင် သူ့သားနှင့်အတူ ပြာကျသွားအောင် ကျွန်ုပ် ပြုပေးပါ့မယ်"

"အို သိကြားမင်း၊ ဘယ်လိုပြောလိုက်တာလဲ၊ ဒီအကြံဟာ အလွန်စက်ဆုတ်စရာကောင်းပါတယ်၊ ကျွန်ုပ်မြေးမသေအောင် ပြုရမယ်၊ အသင် သိကြားမင်းဟာ ကျွန်ုပ်အကျိုးအတွက် ဒီကိုရောက်လာခဲ့တာမှန်ရင် ကျွန်ုပ်နဲ့အတူ သား၊ ချွေးမ၊ မြေးတို့အားလုံး အတူတကွ ဝမ်းမြောက်ဝမ်းသာ အိမ်မှာအတူနေရအောင်သာ ပြုပါ"

"အို ကစ္စာနီရှင်မ၊ သင့်ကို ရိုက်ပုတ်နှင်ထုတ်ခဲ့ပေမယ့် ငယ်ရွယ်သူတွေကို မသေစေလိုဘူးဆိုတဲ့ သင့်ရဲ့

http://www.dhammadownload.com



မေတ္တာတရားကို မစွန့်လွှတ်ဘူးဆိုရင် သင့်နှလုံးသားမှာ မေတ္တာတရားဟာ မသေသေးပါကလား၊ ဒီလိုဖြစ်ရင် တရားသေကိုရည်မှန်းပြီး ဆွမ်းသွတ်ဖို့လုပ်နေတဲ့ သင့်အစီအစဉ်ကို ဖျက်လိုက်ပါတော့၊ သင့်ဆန္ဒပြည့်ဝအောင် ကျွန်ုပ် ဆောင်ရွက်ပေးပါ့မည်၊ မိသားစုတွေ ပြန်လည်ပေါင်းဆုံကြဖို့သာ ပြင်ပါတော့"

သိကြားမင်းက သူ့ကတိအတိုင်း သားနဲ့ချွေးမတို့ကို သံဝေဂရအောင် ပြောဆိုဆုံးမလိုက်တာကြောင့် မိခင်ရဲ့ကျေးဇူးတွေကို ပြန်လည်အောက်မေ့ပြီး ကလေးငယ်ကိုပွေ့ချီရင်း မိခင်အရှာထွက်ကြတယ်။ ရွာသားများရဲ့ ပြောပြချက်အရ သုသာန်ဘက် ထွက်သွားတာသိရလို့ လိုက်လာကြပြီး မိခင်ရဲ့ခြေရင်းကိုဖက်ရင်း အပြစ်ကို ခွင့်လွှတ်ဖို့နဲ့ ရှေးကအတိုင်း အိမ်မှာတင်ပြီး ပြုစုလုပ်ကျွေးခွင့်ပေးဖို့ တောင်းပန်ကြတဲ့အခါမှာတော့ အဘွားအို 'ကစ္စာနီ' ဟာ ပီတိကြောင့်ကျတဲ့ မျက်ရည်စများကို ဖယ်ရှားပြီး မြေးငယ်ကို ပွေ့ချီ လိုက်တော့တယ်။

(ဇာတက-အဋ္ဌကနိပါတ်-ကစ္စာနီဇာတ်)

သားသမီးတိုင်း 'မြင်းမိုရ်ဦးရဲ့မသေပန်း' ကို သိမြင် ပန်ဆင်နိုင်ကြပါစေသော်။

http://www.dhammadownload.com



# အသူတစ်ရာချောက်ကြီး နဲ့ မွေ့ရာ

"အသူတစ်ရာမက နက်တဲ့ ချောက်ကြီးထဲကို မလွဲမသွေ ခုန်ဆင်းရတော့မယ် ဆိုတဲ့အခါ အောက်မှာ အလွန်ထူတဲ့ စပရင်မွေ့ရာကြီး ခံထားရင် ကြောက်ရွံ့မှု နည်းမသွားပေဘူးလား"

( တောင်တွင်းကြီးနတ်မှီတောရဆရာတော် )

http://www.dhammadownload.com



တစ်ခါက ဆရာတော်ကြီးထံ ဒကာနှစ်ယောက် ရောက်လာတယ်။ တစ်ယောက်က ရင်းနှီးပြီးသား တပည့်။ တစ်ယောက်က သူ့အဖော်။ ဆရာတော်ကြီးကို ကန်တော့ ဝတ်ပြုပြီးတဲ့အခါ တပည့်ဒကာက သူ့အဖော်ကို ဆရာတော်ကြီးနဲ့ မိတ်ဆက်ပေးတဲ့အနေနဲ့ –

"ဆရာတော်ဘုရား၊ သူက တပည့်တော့် မိတ်ဆွေပါ၊ ဘာသာရေးနဲ့ပတ်သက်ပြီး ဘာမှ မယုံကြည်ပါဘူးဘုရား၊ အခု ဆရာတော်နဲ့ တွေ့ချင်တယ်ဆိုလို့ ခေါ်လာတာပါ" လို့ လျှောက်ထားပါတယ်။

မိတ်ဆွေ ဆိုတဲ့ ဒကာကတော့ "တပည့်တော် ဘာရယ်လို့တော့ မဟုတ်ပါဘူးဘုရား၊ ဘာသာရေးနဲ့ မနီးစပ်ခဲ့တာလည်းတစ်ကြောင်း၊ တချို့အကြောင်းအရာတွေကို သိပ်မကျေညက်တာလည်းတစ်ကြောင်းကြောင့် ဘာသာရေးနဲ့ ခပ်ကင်းကင်းနေခဲ့တာပါပဲဘုရား" လို့ လျှောက်ထားပါတယ်။

ဆရာတော်ဘုရားကြီးက တုံးလုံးလှဲနေရာက ထ ထိုင်ပြီး ဒကာကိုကြည့်နေတယ်။ တအောင့်လောက်ကြာ တော့မှ "ဘာသာရေး ဆိုတာ ဘာလဲလို့တော့ မောင်ရင် သဘောပေါက်သလား" လို့ မေးလိုက်တယ်။ "တပည့် တော် တိတိကျကျ မသိပါဘူးဘုရား" ဆိုတော့ –

http://www.dhammadownload.com



"အေး ဒီလိုရှိတယ်ကွဲ့၊ ဥပမာဆိုပါတော့ကွာ၊ အသူတစ်ရာမက အလွန်နက်တဲ့ ချောက်ကြီးထဲကို ခုန်ချရမယ်ဆိုရင် မင်း ခုန်ချရဲပါ့မလား"

"တပည့်တော်အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ခုန်မချရဲပါဘူးဘုရား"

"အေး အဲဒီချောက်ကြီးထဲမှာ အလွန်ထူတဲ့ စပရင်မွေ့ရာကြီးကို ခံထားပေးမယ်ဆိုရင်ကောကွာ"

"မှန်ပါ၊ ဒီလိုဆိုရင်တော့ မလွဲမသွေ ခုန်ချရမယ်ဆိုရင် ခုန်ချရဲလောက်ပါတယ်ဘုရား"

"အေး အဲဒီမွေ့ရာကြီးဟာ ဘာသာရေး ပဲကွဲ့" လို့ မိန့်ကြားလိုက်တဲ့အခါ ဒကာရဲ့မျက်နှာမှာ ဖျတ်ခနဲ လက်သွားသလို ကျေနပ်တဲ့အမူအရာ တွေ့လိုက်ရတယ်။ ဆရာတော်ကြီးက ဆက်လက်ပြီး -

"မင်း 'ချားလ်စ်ဒါဝင်' ကို ကြားဖူးတယ်မဟုတ်လား၊ (Origin of Species) မျိုးစိတ်တို့ရဲ့မူလအစ ဆိုတဲ့ သဘောတရားကို တင်ပြခဲ့သူလေ"

"မှန်ပါ၊ သူ့အကြောင်းနဲ့ သူ့သီဝရီ ကို ဖတ်ဖူးပါတယ်ဘုရား"

"အေး၊ သူ့အကြောင်းကို သူ့သားကရေးတဲ့ အထဲမှာ 'ချားလ်စ်ဒါဝင်' ဟာ အသက်ကြီးပိုင်းရောက်တော့ စိတ်မရွှင်မလန်းဖြစ်တဲ့အခါ ပြတင်းပေါက်ဖွင့်ပြီး

http://www.dhammadownload.com



ကောင်းကင်ကို အကြာကြီးကြည့်နေလေ့ရှိသတဲ့ကွဲ့၊ အဲဒါ စဉ်းစားကြည့်ပေါ့ကွာ” ဆိုပြီး ခုတင်ပေါ်ပြန်လှဲရင်း အနားယူလိုက်ပါတယ်။

ဘာသာရေး ဆိုတာ ဘာလဲ။

'ဒါဝင်' ဟာ ဘာကြောင့် ကောင်းကင် ကို အကြာကြီးကြည့်နေလေ့ရှိသလဲ။ သူ မလွဲမသွေ ရင်ဆိုင်ရတော့မယ့် ဟာမလွန်ဘဝ ဆိုတာ သူ့အတွက် အသူတစ်ရာမက နက်ရှိုင်းလှတဲ့ ချောက်ကြီးပဲလား၊ ဖန်ဆင်းရှင် တန်ခိုးရှင်များက ကျေနပ်လို့ ခေါ်ယူခဲ့ရင် ရောက်ရမည် ဆိုတဲ့ ကောင်းကင်ဘုံက ဘယ်ဆီမှာလဲ။ မိမိရဲ့အနာဂတ်ကို အခု အသက်ရှင်စဉ်ကာလမှာ မိမိတို့ပြုထားတဲ့ ကံများအရ ဆုံးဖြတ်ခွင့်မရှိဘဲ ကောင်းကင်ဘုံနဲ့ နရက်ချောက်ကြီးတို့ရဲ့ ဝင်ရာတံခါးပေါက်ကို ဖန်ဆင်းရှင် တန်ခိုးရှင်ကသာ ဖွင့်နိုင်ပိတ်နိုင်တယ်လို့ ယုံကြည်နေရသူတို့ရဲ့ ဘဝဟာ နရက်ချောက်ကို တွေးကြောက်ပြီး ကောင်းကင်ကို ငေးမျှော်ကြည့်ရုံမှတစ်ပါး တခြားဘာမျှ မတတ်နိုင်ကြတော့ဘူးလား။

*

လူတိုင်းလိုလို တွေးတောစဉ်းစားနေကြတဲ့ အခုလက်ရှိ ပစ္စုပ္ပန်ဘဝ၊ သေဆုံးခြင်း၊ တမလွန်ဘဝ ဆိုတဲ့

http://www.dhammadownload.com



အပိုင်းကြီးသုံးပိုင်းနဲ့ ပတ်သက်လို့ မြတ်ဗုဒ္ဓရဲ့အဆုံးအမ သာသနာတော်အရကတော့ -

သေဆုံးခြင်း (မရဏ) နဲ့ တမလွန်ဘဝ (ဇာတိ) ဆိုတာ ဆင်းရဲအမှန် ဒုက္ခသစ္စာ ဖြစ်တယ်။ ဒီ ဒုက္ခသစ္စာ ဆိုတာ တွေးတောပွားများနေရမည့်တရားများ မဟုတ်ကြဘူး။ မွေးဖွားလာသူတိုင်း သေရမည့်သဘော ရှိတယ်။ သံသရာဝဋ်ဇာတ် မဆုံးသေးလို့ ဖြစ်ခွင့်ရှိရင် ဖြစ်နေရဦးမယ်ဆိုတဲ့ ဒီသဘာဝတရားများရဲ့ သဘောအမှန်ကို (ပရိညေယျ) ပိုင်းခြားသိထားဖို့ပဲ လို အပ်တယ်။ လူတိုင်းရဲ့ တကယ့် အရေးအကြီးဆုံးအပိုင်းဟာ အခု ပစ္စုပ္ပန် အသက်ရှင်နေစဉ်ဘဝဖြစ်တယ်၊ ဒီဘဝကို မြတ်ဗုဒ္ဓ က 'မနုဿတ္တဘာဝေါ ဒုလ္လဘော၊ ရတောင့်ရခဲအခွင့်ထူးဘဝ' လို့ ချီးမွမ်းဂုဏ်ပြုတော်မူခဲ့ပါတယ်။

ရခဲတဲ့ လူဘဝကို ရတုန်းရခိုက်မှာ ကြုံရခဲတဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမများနဲ့အညီ ကောင်းမွန်တဲ့ ကိုယ်ကျင့်တရား (သီလ)၊ ဖြူစင် တည်ကြည်တဲ့ စိတ်ထား (သမာဓိ)၊ ကြောင်းကျိုးဆက်စပ်ဆင်ခြင်သိမြင်မှု (ပညာ) တရားများနဲ့ ကြိုးစားအားထုတ်နေထိုင်သွားမယ်ဆိုရင် ဒီလူဟာ အခုပစ္စုပ္ပန်မှာ ဘဝကို အကောင်းဆုံး အသုံးချနိုင်သူဖြစ်တဲ့အတွက် အသက်ရှင်စဉ် ဘဝတစ်လျှောက်လုံးအတွက် အကောင်းဆုံး ကြိုတင်ပြင်ဆင်ထားပြီးဖြစ်

http://www.dhammadownload.com



သလို သံသရာမဆုံးသေးလျှင် ကြုံတွေ့ရဦးမည့် တမလွန် ဆိုတဲ့ ချောက်ကြီးကိုလည်း အလွန်ထူတဲ့မွေ့ရာကြီးများ နဲ့ ဖို့ထားပြီးဖြစ်သွားမယ်။ သူ့ရဲ့ကိုယ်ကျင့်တရား မြင့် မားသလောက် ချောက်ကြီးကိုဖို့ထားနိုင်တာမို့ ဒီချောက် ကြီးအတွက် စိုးရိမ်ကြောက်ရွံ့စရာ မလိုတော့ဘူး။

သူရဲ့ ကိုယ်ကျင့်တရားများဟာ အမှန်တရား (သစ္စာ) ကို ထိုးထွင်းသိမြင်နိုင်တဲ့အထိ မြင့်မားလာပြီ ဆိုရင် ဒီပုဂ္ဂိုလ်ရဲ့ တမလွန်ခရီးဟာ ချောက်ကြီး ဆိုတာ လုံးဝမရှိတော့ဘဲ ကျန်သေးတဲ့ သံသရာခရီးလမ်းဟာ ဆူးငြောင့် ခလုတ် ကင်းပြီး ချော့မွေ့တဲ့လမ်း ဖြစ်သွားမယ်။ သစ္စာကို ထိုးထွင်းသိမှုရဲ့ အမြင့်ဆုံးဖြစ်တဲ့ အရဟန္တ (ကိလေသာအညစ်အကြေးအားလုံးကင်းစင်သူ) အဆင့် ရောက်သွားတဲ့အခါမှာတော့ တမလွန် ဆိုတာ လုံးဝ မရှိ တော့တဲ့ အခြေအနေမျိုးဖြစ်သွားပြီ။

ဆန့်ကျင်ဘက်အနေနဲ့ ကိုယ်ကျင့်တရား၊ စိတ် ထား နဲ့ အသိပညာ ညံ့ဖျင်းသူများအတွက်တော့ မိမိတို့ ကိုယ်ကျင့်တရားပျက်စီးတဲ့ အတိုင်းအတာနဲ့အညီ ပစ္စုပ္ပန် ဘဝခရီးကလည်း စိုးရိမ်ပူပန်စရာတွေနဲ့ ပြည့်နေမှာဖြစ် သလို တမလွန် ဆိုတဲ့ ချောက်ကြီးကိုလည်း နက်သည် ထက်နက်အောင် တူးနေသလိုဖြစ်နေမယ်လို့ ယုံကြည် လိုက်နာရမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဗုဒ္ဓဘာသာဝင်တို့ရဲ့ အနာဂတ်ခရီးဟာ ပစ္စုပ္ပန် ဘဝမှာ မိမိတို့ပြုလုပ်တည်ဆောက်ထားတဲ့ ကံများကို အခြေခံပြီး ကိုယ်တိုင်ပိုင်းဖြတ် သိမြင်ခွင့် ရှိပါတယ်။

ကောင်းမွန်တဲ့ ကိုယ်ကျင့်တရားများနဲ့အညီ အသက်ရှင်နေထိုင်သူအတွက် ဘယ်လို တန်ခိုးရှင် ဖန် ဆင်းရှင်ကမှ သူ့ကို မကိုးကွယ် မ,ပသရ ကောင်းလား ဆိုပြီး တမလွန်ချောက်ကြီးထဲ ဆွဲမချနိုင်သလို ကိုယ်ကျင့် တရား ချို့ယွင်းပျက်စီးသူများကိုလည်း အထက်ဘုံ ကို ဆွဲတင်ခွင့် မရှိဘူး။ ကံနဲ့ ကံရဲ့အကျိုးကြားထဲမှာ ဘယ် လို တန်ခိုးရှင် (ကြားလူ) မှ မရှိတဲ့ဝါဒဖြစ်လို့ ကိုယ့် ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိတဲ့ဝါဒ ပဲဖြစ်ပါတယ်။

ပစ္စုပ္ပန်နေထိုင်ခြင်း၊ သေဆုံးခြင်းနဲ့ တမလွန် ဆိုတဲ့ အပိုင်းကြီးသုံးပိုင်းကို ယနေ့တစ်နေ့တာ၊ ညဥ့်အိပ် ခြင်း၊ မနက်ဖြန် တို့နဲ့ အနီးစပ်ဆုံး ဥပမာပြုနိုင်ပါတယ်။ ဒီနေ့ အပြစ်ကင်းစင်ပြီး အကောင်းဆုံး လုပ်ကိုင်ကြိုးစား နေသူအတွက် ညဥ့်အိပ်ချိန်မှာလည်း ကောင်းသောအိပ် ခြင်းနဲ့ အိပ်နိုင်သူဖြစ်သလို မနက်ဖြန်ဟာလည်း ကောင်း သောမိုးသောက်ခြင်းနဲ့အတူ နိုးထနိုင်သူဖြစ်မှာ သေချာ တယ်။ ဘာမျှ စိုးရိမ်ပူပန်စရာမရှိဘူးဆိုတဲ့ သဘောမျိုး ပါပဲ။

ဒါကြောင့် မြတ်ဗုဒ္ဓရဲ့အဆုံးအမ သာသနာတော်

http://www.dhammadownload.com



ဆိုတာ တမလွန် ဆိုတဲ့ ချောက်ကြီးကို တွေးပြီးကြောက်ရေး၊ ကောင်းကင်ကို ငေးပြီးမျှော်နေရေးဝါဒ မဟုတ်ဘဲ ပစ္စုပ္ပန်အသက်ရှင်စဉ်ဘဝကို စည်းကမ်းတကျ အသုံးချနေထိုင်ရေးဝါဒ သာဖြစ်တယ်လို့ သဘောပေါက်ရမှာ ဖြစ်ပါတယ်။

အကြောက်အမျှော်ကင်းဝေးပြီး ရခဲတဲ့လူ့ဘဝကို ကောင်းမွန်မှန်ကန်အောင် အသုံးချနိုင်ကြပါစေသော်။

http://www.dhammadownload.com



# ကျေးဇူးပိုင်ရှင်

"ရေအိုးစင် က ရေသောက်ရတဲ့အခါ၊ သစ်ပင်ရိပ်မှာ နားခိုရတဲ့အခါ၊ ကျေးဇူးရဲ့ပိုင်ရှင်ဟာ ရေအိုး လား၊ ရေဖြည့်ပေးသူ လား၊ အခက်အရွက် လား၊ ပင်စည် လား"

မှော်ဘီဆရာတော်–အရှင်ဝိစိတ္တာ ( တောင်စွန်း )

http://www.dhammadownload.com



ကျေးဇူးရှင်လက်ဦးဆရာဖြစ်တဲ့ 'ဘဒ္ဒန္တမေဓိယ အရှင်မြတ်' ကို ကျေးဇူးတုံ့ပူဇော်ရာလည်းကျ၊ 'တောင်မြို့ ညဝါ' ဆိုတဲ့ ခေတ်တစ်ခေတ်ကို ထူထောင်ခဲ့တဲ့ မိခင်တိုက်ကြီးရဲ့ အစဉ်အလာကောင်းကို ထိန်းသိမ်းရာလည်းကျအောင် မိမိဘယ်အရပ်မှာပဲနေနေ တန်ဆောင်မုန်းလပြည့်ကျော်ကနေ ပြာသိုလပြည့်ကျော်အထိ (၂) လတာကာလကိုတော့ အမရပူရမြို့၊ တူမောင်းတိုက် မှာ ပဋ္ဌာန်းစာဝါပို့ချပြီး နှစ်စဉ်ကျေးဇူးဆပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်အတိုင်း ဒီနှစ်လည်း ထုံးစံမပျက် ပို့ချခဲ့ပါတယ်။

စာဝါလည်းပို့ချ၊ လိုအပ်တဲ့ ပြုပြင်စရာကလေးတွေလည်း ဖျောင်းဖျပြုပြင်ပေးရင်း စာသင်သားများ တိုးတက်ပြောင်းလဲလာတာကို တွေ့ရလို့ ကြည်နူးဝမ်းသာလည်း ဖြစ်ရပါတယ်။

တစ်နှစ်တာ ဆိုတဲ့ မရေမရာအချိန် ကာလတွေထဲက တောင်ကြီး သိမ်တောင် ပရိယတ္တိတိုက် နဲ့ အမရပူရ တူမောင်းတိုက်တို့မှာ ညဝါ(ပဋ္ဌာန်း) ပို့ချတဲ့ အချိန်ကာလများကိုတော့ အထိုက်အလျောက် ရေရေရာရာကာလတစ်ခုလို့ အောက်မေ့ပြီးတော့ နှစ်ချုပ် အသားတင်အမြတ်အဖြစ် တွက်မိတာလည်း တစ်ကြောင်း ပေါ့။

ဒီနှစ် စာဝါပြီးဆုံးလို့ ပြန်တော့မယ့်ညမှာ စာ

http://www.dhammadownload.com



လိုက် သံဃာတော်များက ဝတ်ပြုကန်တော့ကြတဲ့အခါ ဆုံးမဩဝါဒလည်းပြောပါဦးဆိုလို့ 'ဆုံးမနာယူ' ဆို့တဲ့ တပည့်ကျင့်ဝတ်တွေ ရှိပါသေးသလားလို့ တွေးမိပြီး ဝမ်းသာရဖြစ်မိသေးတော့တယ်။ ပြောဖြစ်ခဲ့တဲ့ အကြောင်း အရာကတော့ -

ပူဇော်တယ်၊ ကန်တော့တယ် ဆိုတာ ကျေးဇူး သိခြင်း၊ ကျေးဇူးဆပ်ခြင်းတစ်မျိုး လို့ပဲ မှတ်ယူကြပါ တယ်။ ကျေးဇူးသိတယ်ဆိုတာ ကျေးဇူးရဲ့ မူလပိုင်ရှင် အစစ်ကို သိဖို့လိုတယ်။ ခရီးသွားရင်း လမ်းဘေး ရေအိုး စင်မှာ ရေတစ်ခွက်သောက်တယ် ဆိုပါစို့။ ဒီအတွက် ကျေးဇူးဆပ်ချင်တယ်ဆိုရင် ကျေးဇူးရှင်က ဘယ်သူလဲ။ ရေအိုး စင် နဲ့ ရေအိုးလား။ ရေအိုးစင်တည်ပြီး ရေဖြည့် ပေးသူလား။

သစ်တစ်ပင်ရဲ့အရိပ်ကို ခိုခွင့်ရတဲ့အခါ ကျေးဇူး ရှင်ဟာ ဘယ်ဟာလဲ။ ကိုယ့်အပေါ် အရိပ်မိုးပေးနေတဲ့ အကိုင်းအခက်လား။ ဒီအကိုင်းအခက်က ဖြာထွက်စေတဲ့ သစ်ပင်ကြီးလား ဆိုတာ ခွဲခြားသိရမယ်။ ဒီသစ်ပင်ရိပ် ကြောင့် ကျေးဇူးကိုဆပ်တယ်ဆိုရင် ကိုယ့်အပေါ်အရိပ်မိုး ပေးနေတဲ့ အကိုင်းအခက်တွေကို ရေဖျန်းပေးကြမလား။ ပင်စည်အရင်းကို ရေလောင်းကြရမလား။

အခု စာသင်သားများအနေနဲ့ ပဋ္ဌာန်းစာဝါ ဆို

http://www.dhammadownload.com



တဲ့ ပညာရေ ကို သောက်သုံးခွင့်ရကြတယ်။ စာဝါချပေးတဲ့ ဘုန်းကြီးရဲ့ပညာရိပ်ကို ခိုလှုံခွင့်ရကြတယ်ပဲ ဆိုကြပါစို့။ ဒီပညာရေကို ဖြည့်ပေးခဲ့တာ၊ ဒီပညာရိပ်ပေးမယ့် အကိုင်းအခက်ကို ဖြာထွက်စေခဲ့တာဟာ အခု ဆရာတော်ကြီး 'ဘဒ္ဒန္တမေဓိယ' ဖြစ်တယ်။ ဒါကြောင့် တကယ့်ကျေးဇူးရှင်က ဆရာတော်ကြီး ပဲ။ ဘယ်သူမဆို တပည့်ရဲ့အစွမ်းအစ ဆိုတာ ဆရာ့အာငွေ့နဲ့ မှုတ်နေရတာပဲ။ ဒါကြောင့် ပင်စည်ရဲ့ကျေးဇူးကို သိကြပါ။ အကိုင်းအခက်တို့အပေါ်မှာတော့ 'အရိပ်နေနေ အခက်ချိုးချိုး' ဆိုတာမျိုးမဖြစ်အောင် ရိုသေကိုင်းရှိုင်းရှိကြရင် တော်ပြီ။

ကျေးဇူးဆပ်ပူဇော်တယ် ဆိုရာမှာလည်း အမြတ်ဆုံးပူဇော်နည်းကို သိရမယ်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီးမှာ လောကသုံးပါးလုံးမှာရှိတဲ့ ဘုရားရှင်ကျေးဇူးကိုသိတတ်သူ လူ နတ် ဗြဟ္မာအားလုံးတို့က အစွမ်းကုန် ပူဇော်ကြတယ်။ ရာသီမဲ့ပန်းတွေ၊ အံ့ဩစရာကောင်းကင်မှာ တွဲရရွဲဆွဲနေတဲ့ နတ်ပန်းဆိုင်းတွေနဲ့ 'အရှင်အာနန္ဒာမထေရ်' တောင် တအံ့တဩ ဖြစ်ရတယ်။ ဒီအကြောင်းလျှောက်ထားတဲ့အခါ မြတ်စွာဘုရားရှင်က

"ချစ်သားအာနန္ဒာ၊ ဒီပစ္စည်းဝတ္ထုတွေနဲ့ ပူဇော်တာဟာ မြတ်စွာဘုရားကို အမြတ်တနိုး လေးစား ပူဇော်တာလို့ မဆိုနိုင်သေးဘူး။ တပည့်သားများအနေနဲ့ မြတ်

http://www.dhammadownload.com



စွာဘုရား ဟောကြား ညွှန်ပြတဲ့အတိုင်း ရိုရိုသေသေ လေးစား လိုက်နာကြခြင်းဆိုတဲ့ 'ဓမ္မပူဇာ' မျိုးသာ အမြတ်ဆုံးပူဇော်ခြင်း မည်တယ်" လို့ မှာကြားခဲ့တယ်။

ကျောင်းတိုက်ရဲ့ကျေးဇူး၊ ဆရာသမားရဲ့ကျေးဇူးကိုသိပြီး ကျေးဇူးဆပ် ပူဇော်လိုတယ်ဆိုရင် ကျောင်းတိုက်ရဲ့စည်းကမ်းကိုလိုက်နာပြီး ဆရာသမား သင်ပြတာကို လေးလေးစားစား ကြိုးစားသင်ယူကြခြင်းသာ အကောင်းဆုံးကျေးဇူးဆပ်ခြင်း မည်ပါတယ်။ အရေးအကြီးဆုံးက 'နေရာကို မကန်မိကြဖို့နဲ့ ခြေရာကောင်းကျန်ရစ်စေဖို့' ကြိုးစားကြရမယ်။

မိမိရဲ့ချို့ယွင်းချက်ကြောင့် တိုက်တာရဲ့ဂုဏ်ကို ထိခိုက်မယ်၊ နာမည်ပျက်မယ်၊ ဆရာသမားစိတ်ဆင်းရဲရမယ်ဆိုရင် ဒါဟာ နေရာကို ခြေကန်ခဲ့တာပဲ။ မိမိစွမ်းနိုင်ရာရာက တိုက်တာကို အကျိုးပြုခဲ့မယ်၊ နောင်အစဉ်အဆက် အတုယူလိုက်နာစရာ ကျန်ရစ်နေမယ်ဆိုရင် ဒါဟာ ခြေရာကောင်း ကျန်ရစ်တာပဲ။

အားလုံးသတိထားရမှာတစ်ခုက 'ဥပရိပဏ္ဏာသပါဠိတော်၊ သုညတသုတ်' မှာ မြတ်စွာဘုရားရှင် က 'အရှင်အာနန္ဒာ' ကို မိန့်ကြားခဲ့တဲ့ စကားတစ်ခုရှိတယ်။

"ချစ်သား အာနန္ဒာ၊ ဒီသာသနာတော်မှာ သာသနာဝန်ထမ်းကြတဲ့ တပည့်သားများအနေနဲ့ ငါဘုရားရှင်

http://www.dhammadownload.com



ကို မိတ်ဆွေလိုသဘောထားပြီး ကျင့်ကြပါ၊ ရန်သူလို သဘောထားပြီး ဆန့်ကျင်ဘက်မလုပ်ကြပါနှင့်” တဲ့။

“ဆိုဆုံးမတာတွေကို ဆန့်ကျင်ပြီး ထောင်လော် ကန့်လန့်လုပ်တာဟာ ရန်သူလိုသဘောထားကျင့်သုံးခြင်း မည်တယ်၊ ဆိုဆုံးမတာကို လေးစားလိုက်နာတာဟာ မိတ်ဆွေကောင်းလို သဘောထားကျင့်သုံးခြင်းမည်တယ်” လို့လည်း ရှင်းပြခဲ့တယ်။

“ငါ့ကို ရန်သူလိုသဘောမထားကြပါနဲ့၊ မိတ်ဆွေ ကောင်းလို သဘောထားကြပါ” ဆိုတဲ့စကားလေး ကို တစိမ့်စိမ့်တွေးပြီး ခံစားကြည့်ပါ။ လေးသချေ်ျ ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ပြီး လောကသုံးပါးလုံးရဲ့ အထွဋ် အထိပ် သုံးလောကလုံးရဲ့ ကျေးဇူးရှင်ကြီးက ပြောတဲ့ စကားမှ ဟုတ်ရဲ့လားလို့ထင်ရလောက်အောင် အမိန့်သံ၊ အာဏာသံ ကင်းပြီး တောင်းပန်တိုးလျှိုးသံတောင် ပေါက် နေသလားလို့ ထင်ရတယ်။

ဒီစကားလုံးကလေးတွေကို ပါးစပ်က တိုးတိုး ရွတ်ရင်း စိတ်ထဲက လောကသုံးပါးရဲ့ အဓိပတိကြီး ဖြစ် တဲ့ မြတ်စွာဘုရားကို အာရုံပြုကြည့်လိုက်ရင်၊ ပြီး ကိုယ် လုပ်ပုံကိုင်ပုံတွေကို နည်းနည်းပြန်သုံးသပ်ကြည့်လိုက်ရင် မျက်နှာပူသလိုလို၊ အားနာသလိုလို၊ ပြီးတော့ ရင်ထဲမှာ ဆို့ဆို့နင့်နင့် ခံစားရသလိုလိုကြီး ဖြစ်လာမယ်။

http://www.dhammadownload.com



ဟုတ်တယ်။ တစ်ကိုယ်ရေ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခွင့်ကိုပယ်ရှားပြီး တို့တစ်တွေအတွက် လေးသင်္ချေ ကမ္ဘာတစ်သိန်း ဆိုတဲ့ ကာလကြီးတစ်လျှောက်လုံး ကြုံရသမျှဒုက္ခတွေကို ခါးစည်းခံခဲ့ပြီး ပါရမီတွေပြည့်အောင် ဖြည့်၊ ပြီးတော့ လောကသုံးပါးလုံးက လေးစားကိုးကွယ်ခြင်းခံရတဲ့ သဗ္ဗညုဘုရားရှင်ကြီးက တပည့်သားတွေကို တရားဟောတဲ့အခါကျတော့ မာရေကျောရေ မရှိတဲ့အပြင် "ရန်သူ လိုသဘော မထားကြပါနဲ့ကွာ၊ မိတ်ဆွေ လောက်တော့ သဘောထားကြစမ်းပါ" တဲ့။ ဒီစကားလေးကို အားလုံးပဲ ခဏခဏ ရွတ်ကြည့်ကြစမ်းပါ။ အထူးသဖြင့် ကိုယ်ထင်ရာကိုယ် တစ်ခုခုလုပ်မယ်ကြံတိုင်း ဒီစကားလေးကို သတိရကြစမ်းပါ။

'တသ္မာတိဟ မံ အာနန္ဒ၊ မိတ္တဝတာယ သမုဒါစရထ၊ မာ ပသတ္တဝတာယ = အာနန္ဒ၊ ချစ်သားအာနန္ဒာ၊ တသ္မာ၊ ထို့ကြောင့်၊ ကဟ- ဤသာသနာတော်၌၊ တုမှေ၊ သင်တပည့်သားတို့သည်၊ မံ -ငါဘုရားရှင်ကို၊ မိတ္တဝတာယ- မိတ်ဆွေလိုသဘောထားပြီး၊ သမုဒါစရထ- ကျင့်သုံးကြပါ၊ ပသတ္တဝတာယ- ရန်သူလိုသဘောထားပြီး၊ မာသမု ဒါစရထ- မကျင့်သုံး မပြုမူကြပါနဲ့။

(ဥပရိပဏ္ဏာသ-၁၅၈)

http://www.dhammadownload.com



အားလုံးပဲ မိမိတို့မှီခိုရာ သာသနာ၊ မှီခိုရာ တိုက်တာ၊ နေရာ၊ နိုင်ငံ၊ မိမိတို့ရဲ့ကျေးဇူးရှင်များဖြစ်ကြတဲ့ ဆရာ၊ မိဘ၊ မိတ်ဆွေသင်္ဂဟ ပတ်ဝန်းကျင်တို့အပေါ်မှာ ရန်လို ခြင်းကင်းပြီး မိတ်ဆွေရင်းလို သဘောထား ကျင့်သုံးနိုင်ကြပါစေ။

http://www.dhammadownload.com



## အနိစ္စ ၊ ဒုက္ခ ဆိုတာ

## အဆိုးမြင်ဝါဒ လား

"လေယာဉ်တွေ၊ ကား၊ ရထား တွေ ရပ်နားထားချိန်မှာ ချို့ယွင်းမှု ရှိ မရှိ စစ်ဆေးတာဟာ အဆိုးမြင်ဝါဒ လား၊ ချို့ယွင်းတတ်တယ်ဆိုတာကို လက်ခံတာ ဟာ အနိစ္စသဘော ကို လက်ခံတာပဲ မဟုတ်လား"

မှော်ဘီ–အရှင်ဝိရိယ ( တောင်စွန်း )

http://www.dhammadownload.com



ရထား နဲ့ မန္တလေး သွားဖို့ ဘူတာကြီးကိုသွားရမှာ ရထားချိန်က (၁) နာရီလောက်လိုသေးတယ်။ ဒကာမကြီးက စောစောကြိုတင်သွားဖို့ တိုက်တွန်းနေတယ်။ အဖော်လိုက်မယ့် ညီတော်မောင်ကတော့ "အမေကလည်း ဘူတာကြီး နဲ့ အိမ်က အလွန်ဆုံးမောင်းရလှ မိနစ်အစိတ်လောက်ပါပဲ၊ စောပါသေးတယ်" လို့ ဆင်ခြေပေးနေသေးတယ်။ ဒကာမကြီးကတော့ ယာဉ်ကြောတွေပိတ်နေမှာ၊ မီးပွိုင့် မိမှာ၊ မတော်တဆ ကားစက်ချို့ယွင်းခဲ့သော် စတဲ့ ကြုံတွေ့ရတတ်တဲ့ အခက်အခဲတွေကို သတိပေးပြီး သွားကြတော့လို့ပဲ တိုက်တွန်းနေတယ်။

ကားမောင်းပို့မယ့် ညီမောင်က နားမှအေးစေတော့ဆိုတဲ့သဘောနဲ့ ကားထုတ်ပြီး ပစ္စည်းတွေဆွဲတင်နေတယ်။ ဒါနဲ့ ကားမောင်းထွက်ခဲ့ဖြစ်တော့တယ်။ အချိန်ကတော့ နာရီသုံးမတ်လောက် လိုသေးတယ်။ မကြာလိုက်ပါဘူး၊ ဘူတာကြီးရောက်ဖို့ တစ်ဝက်နီးပါးအလိုမှာ ကားက အသံတစ်မျိုးပြောင်းပြီး ထိုးရပ်သွားတယ်။ ငါးမိနစ်လောက်ကြိုးစားကြည့်လို့ မထူးခြားတဲ့အခါ တယ်လီဖုန်းရှိရာပြေးပြီး အိမ်ကိုဖုန်းဆက်ရတော့တယ်။ အိမ်က လိုက်လာတဲ့နောက်ကားနဲ့ ဘူတာကြီးကိုရောက်ချိန်မှာတော့ ဂိတ်ပေါက်ပိတ်ဖို့ သတိပေးသံချောင်းသံမြည်

http://www.dhammadownload.com



နေပြီ။ ခပ်သုတ်သုတ်ပြေးခဲ့ပြီး ကိုယ့်နေရာကိုယ် ထိုင်မိ ချိန်မှာတော့ ရထားထွက်ဖို့ အချက်ပေးနေပြီ။

ရထားစထွက်ပြီးလို့ အမောပြေလောက်တဲ့အခါ မှာ အဖော်ပါတဲ့ ညီတော်မောင်က "လူကြီးတွေက ဘာ မှန်း လည်းမသိဘူး၊ ပူကို ပူလွန်းတယ်၊ သွားခါနီး လာ ခါနီး နိမိတ်မရှိ နမာမရှိ ကားပျက်မှာတွေ ဘာတွေ လျှောက်ပြောနေတာ။ သူတို့ပဲ ဇမ္ဗူဒိပ်နိမိတ်ထွန်းဆိုပြီး၊ ဒီကားက မနက်ကတောင် ဈေးတစ်ခေါက်သွားခဲ့ပြီး ဘာ မှမဖြစ်ဘူး၊ အခုမှ ထဖောက်တာ၊ နိမိတ်မရှိတာတွေပြော ရင် နိမိတ်ကိုမကောင်းဘူး" တဲ့။ သူ့စကားက ဘာမှ ကြောင်းကျိုးယုတ္တိ မရှိဘဲ ကိုယ့်အပြစ်ကို သူများပေါ် ပုံ ချဖို့ ကြိုးစားနေတာသက်သက်ဖြစ်လို့ ဘာမှတော့ အထူး ပြောမနေတော့ပါဘူး။ "အေးပေါ့ကွာ၊ စက်ရုံက ထွက်ခါ စတုန်းကဆို အသစ်စက်စက် ဖြစ်မှာပေါ့" လို့ပဲ ပြန် ပြောလိုက်ရတယ်။ ညီတော်မောင်လည်း ငြိမ်သွားတယ်။

*

လူကြီးများက သူတို့အတွေ့အကြုံအရ ဖြစ်တတ် တဲ့သဘာဝကို ကြိုတင်သတိပေးတာကို နိမိတ်မရှိ နမာ မရှိ တဲ့။ ဒါကို အဆိုးမြင်ဝါဒလို့များ ဆိုချင်သလား။ အတွေးက လွန်ခဲ့တဲ့အနှစ် (၂၀) ကျော်လောက်ဆီ ပြန် ရောက်သွားတယ်။

http://www.dhammadownload.com



ဒေးဒရဲမြို့၊ ကွင်းကျောင်းတိုက်မှာ တောင်တွင်းကြီးမြို့ နတ်မိုးတောရဆရာတော်ကြီးရယ်၊ ဒေးဒရဲကွင်းကျောင်းဆရာတော်ရယ်၊ နိကာယ်သင်တန်းကြွရောက်တဲ့ ဆရာတော်များရယ် ဆွမ်းစားပြီး နားနေချိန် စကား စမြည်ပြောနေတုန်းမှာ လူငယ်သုံးယောက် စကားဝိုင်းနား ရောက်လာကြတယ်။ ဝတ်ပြုဦးချပြီးတဲ့အခါ တစ်ယောက်က ဗုဒ္ဓဘာသာနှင့်ပတ်သက်လို့ လျှောက်ထားစရာရှိလို့ ခွင့်ပြုပါလို့ တောင်းပန်တယ်။ တောင်တွင်းဆရာတော် က ခေါင်းညိတ်ပြပြီး ခွင့်ပြုလိုက်တော့–

"ဒီလိုပါဘုရား၊ ဗုဒ္ဓဝါဒဟာ အရာရာကို အနိစ္စ အမြဲမရှိ၊ ဒုက္ခဆင်းရဲချည်းလို့ ရှုမြင်နေတဲ့အတွက် ဒါဟာ အဆိုးမြင်ဝါဒ ဖြစ်တယ်၊ လောကရဲ့တိုးတက်မှုကို ဟန့်တားရာလည်းရောက်တယ်လို့ ပြောနေကြပါတယ်၊ အဲဒါ တပည့်တော်တို့ကို ရှင်းပြပေးပါဘုရား" တဲ့။

"မင်းတို့ကို ဘယ်သူကပြောလို့တုန်း" ဆိုတော့ "ဒီလိုပဲ ဖတ်ရ၊ ကြားရတာပါဘုရား" တဲ့။

ဒီပုဂ္ဂိုလ်လေးတွေက အရပ်ထဲမှာတော့ သူတို့ကိုယ်သူတို့ တိုးတက်တဲ့အမြင်ရှိသူတွေလို့ ထင်မှတ်နေကြသူလေးတွေပါပဲ။ အရင်လည်း ဒီလိုပဲ တောမရောက် တောင်မရောက်ပြဿနာလေးတွေ လာမေးဖူးတယ်။ လက်ဖက်ရည်ဆိုင်လူစည်စည်ရောက်တော့ ဆရာတော်ကြီး

http://www.dhammadownload.com



တွေနဲ့ ဘယ်လိုလျှောက်ထား ဆွေးနွေးခဲ့တယ်ဆိုတာတွေကို ပြန်ပြောလေ့ရှိတဲ့ စကားလုံးကြီး အလုပ်လက်မဲ့လေးတွေ ဆိုပါတော့။ တောင်တွင်းဆရာတော်ကြီးကတော့–

"မင်းတို့ဟာကွာ၊ တောက်တီးတောက်တဲ့နဲ့၊ အနောက်တိုင်းက စာရေးဆရာတချို့က ဗုဒ္ဓဝါဒကို နားမလည်ဘဲ တစ်စွန်းတစ်စ ကြားဖူးနားဝနဲ့ ကိုယ်လိုရာဆွဲပြီးရေးကြတာကို မင်းတို့ကလည်း အင်္ဂလိပ်လို ရေးထားတဲ့စာအုပ်ထဲမှာပါရင် တိုးတက်တဲ့အမြင်ပဲလို့ထင်ပြီး ဟုတ်နိုးနိုး မှတ်နေကြတာကိုးကွ" ဆိုတော့ တစ်ယောက်က –

"အရာရာ ဟာ 'အနိစ္စ' မမြဲဘူး၊ ဒုက္ခဆင်းရဲချည်း ဖြစ်တယ်၊ ပြီးတော့ 'ခန္တီ' သည်းခံရမယ်၊ 'တပေါ' ချိုးခြံရမယ်ဆိုတာတွေဟာ အဆိုးမြင်ဝါဒ၊ အလျှော့ပေးရေးဝါဒမျိုး ဖြစ်မနေဘူးလားဘုရား" လို့ လျှောက်ပြန်ပါတယ်။

"အနိစ္စ အမြဲမရှိဘူး ဆိုတာ ဖြစ်စဉ်တွေအမြဲပြောင်းလဲနေတာကို ပြောတာကွ၊ လောကမှာ လေယာဉ်တွေ၊ ကား ရထားတွေ ရပ်နားချိန်ရောက်တဲ့အခါ ချို့ယွင်းမှု ရှိ မရှိ စစ်ဆေးရတယ်မဟုတ်လား၊ ချို့ယွင်းတတ်တယ်ဆိုတဲ့သဘောဟာ မြဲလို့လား၊ မမြဲလို့လား၊ မမြဲတဲ့ အနိစ္စသဘောကို သိလို့ ဒီလို စစ်ဆေးရတာမဟုတ်လား၊

http://www.dhammadownload.com



ဒါကို လက်မခံနိုင်ဘူး၊ ချို့ယွင်းပျက်စီးတယ်ဆိုတာ မဖြစ်နိုင်ဘူးဆိုပြီး မစစ်ဆေးဘဲထားရင်ကောကွာ ဘယ့်နှယ်နေမလဲ" ဆိုတော့ "အား- ဒီလိုဆိုရင်တော့ အားလုံးဒုက္ခရောက်ကုန်တော့မှာပေါ့" တဲ့။

"အမှန်ကတော့ကွာ မမြဲတဲ့သဘောကို မမြဲဘူး၊ ချို့ယွင်းဖောက်ပြန်တတ်တယ်လို့ သတိပေးတဲ့အတွက် ကြိုတင်ပြင်ဆင်ရကောင်းမှန်း သိရတယ်၊ အန္တရာယ်ကင်းစေတယ်၊ ဒါပါပဲကွာ၊ ဘယ်မှာဆိုးလို့တုံး"

"ပြီးတော့ 'ဒုက္ခ' ဆိုတာကို 'ဆင်းရဲတယ်' မြန်မာပြန်ကြတော့ 'မရှိဆင်းရဲ' ဆိုတဲ့စကားနဲ့ အဓိပ္ပာယ်တူလို့ မှတ်ထင်နေကြတယ်၊ ဒါကြောင့် အနောက်တိုင်းသားတချို့က ဒါဟာ ဆင်းရဲမွဲတေတဲ့နိုင်ငံတွေအတွက်သာ မှန်ချင်မှန်မယ်၊ တိုးတက်တဲ့နိုင်ငံတွေမှာ ဒီပြဿနာမရှိဘူး ဘာညာနဲ့ ရေးကြပြောကြတာပေါ့"

"ဒုက္ခ ဆိုတာ 'ဒု ခမန ဋ္ဌေန ဒုက္ခံ' တဲ့၊ လက်မခံနိုင်ဘူး၊ မခံမရပ်နိုင်ဘူးလို့ ဆိုလိုတာ၊ အဲဒီနိုင်ငံကြီးတွေမှာ တချို့ မီးလျှံနာကြီးတွေ တိုက်ပေါ်က ခုန်ချတာ၊ နိုင်ငံကြီးအချင်းချင်း လက်နက်တွေ အပြိုင်အဆိုင်တပ်ဆင်နေကြတာတွေဟာ ကျေနပ်နေကြလို့လား၊ မကျေမနပ် ဖြစ်နေကြတာလား၊ မင်းတို့ပဲ စဉ်းစားကြည့်ကြပေါ့ကွ"

http://www.dhammadownload.com



"မြတ်စွာဘုရားက ဟောလိုက်လို့ လောကကြီးက အနိစ္စ ဒုက္ခတွေ ဖြစ်နေရတာမဟုတ်ဘူး၊ လောကရဲ့ ပင်ကိုသဘောအမှန်ကိုက အဲဒီလိုဖြစ်နေတာမို့ မြတ်စွာဘုရားက ဟောရတာ၊ ဒီလိုအမှန်အတိုင်းသိထားမှ ကြိုတင်ပြင်ဆင်ရကောင်းမှန်း၊ သတိထားရကောင်းမှန်း သိမှာ၊ ဒီလိုသိထားတဲ့အတွက် အဆိုး အကောင်း၊ အနိမ့် အမြင့်ဆိုတာ သူ့အကြောင်းနဲ့သူ အမြဲပြောင်းလဲနေတာမို့ ဆုတ်ယုတ်မှုအတွက်လည်း အားငယ်ကြောက်ရွံ့နေဖို့ မလိုဘူး၊ တိုးတက်မှုအတွက်လည်း မာန်မာနတက်စရာ မလိုဘူး၊ အကျိုးယုတ်ရင် အကြောင်းကို ပြုပြင်ယူနိုင်တယ်၊ အကြောင်းကောင်းရင် အကျိုးလည်းကောင်းလာမယ်လို့ သတိပေးနေတာ၊ ဒါဟာ အဆိုးမြင်တယ် ခေါ်မလား၊ အမှန်မြင်တာကို အဆိုးမြင်တယ်လို့ထင်ပြီး အဆိုးမြင်တာကိုမှ အမှန်လို့ ထင်နေရာမကျဘူးလား"

"ခန္တီ – သည်းခံရမယ် ဆိုတာက အကောင်း အဆိုး တွေဆိုတာ အကြောင်းအကျိုး ဆက်စပ်ဖြစ်ပေါ်တဲ့သဘာဝမို့ အခြေအနေအချိန်အခါကို စောင့်ဆိုင်း သည်းခံရမယ်လို့ ပြောတာပဲကွဲ့၊ ဒီလိုမဟုတ်ဘဲ 'သူက ပါးကိုက်ရင် ကိုယ်က နားပြန်ကိုက်ရမယ်' လို့ ဆိုချင်သလား၊ ဒီလိုဆို တစ်ကမ္ဘာလုံး ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ဖို့ မဆိုထားနဲ့ ညီနဲ့အစ်ကို၊ မောင်နဲ့နှမ တစ်အိမ်တည်း

http://www.dhammadownload.com



အတူတူ နေလို့ရပါတော့မလား"

"တပေါ - ခြိုးခြံရမယ်ဆိုတာလည်း ပုဂ္ဂိုလ်အလိုက် လုပ်ငန်းနယ်ပယ်အလိုက် ကိုက်ညီအောင် အဓိပ္ပာယ်ယူတတ်ရတယ်ကွဲ့၊ ငြိမ်းအေးရာ ငြိမ်းအေးကြောင်း ဖြစ်တဲ့ 'သမဏအကျင့်' ကို ကျင့်ကြံနေကြတဲ့ ရဟန်းတော်တွေအဖို့ 'သန္တုဋ္ဌိ ပရမံ ဓနံ = ပစ္စည်းဥစ္စာအားလုံးထက် ခြိုးခြံရောင့်ရဲခြင်းက မြတ်တယ်' လို့ ဆိုလိုတာ၊ အဲဒီလို ပုဂ္ဂိုလ်အလိုက် လုပ်ငန်းအလိုက် အဓိပ္ပာယ်ယူရမှာ၊ မင်း၊ တို့လို လူဝတ်ကြောင်များကို 'ဘာမှကြိုးစားအားထုတ်မနေကြနဲ့၊ ကြီးပွားတိုးတက်အောင် လုပ်မနေကြနဲ့၊ ရှိသမျှ နဲ့ ရောင့်ရဲပြီးနေကြ၊ ဒါတွေဟာ အနိစ္စ ဒုက္ခတွေချည်း ပဲ' လို့ ပြောလိုတာမဟုတ်ပါဘူး၊ ဒါဆို တိုးတက်မှုကို ဟန့်တားရာ၊ အလျှော့ပေးရာကျသေးသလား" ဆိုတော့ မေးလျှောက်တဲ့ပုဂ္ဂိုလ်လေးမှာလည်း အင်း - အဲ နဲ့ လုပ်ပြီး "တပည့်တော်တို့ နားမလည်လို့ပါဘုရား" ဆိုပြီး ဦးချ ပြန်သွားကြလေရဲ့။

အဲဒီနေ့က အရပ်ထဲပြန်ရောက်တဲ့အခါမှာတော့၊ လက်ဖက်ရည်ဆိုင်မှာ ခါတိုင်းလို ဟောင်ဖွာဖွာပြောတယ်လို့ မကြားလိုက်မိဘူး။

ညက ဘယ်အချိန် အိပ်ပျော်သွားတယ်လို့ မသိဘူး။ အိမ်ရာနိုး၊ မျက်နှာသစ်ပြီးတော့လည်း ဟိုတုန်းက

http://www.dhammadownload.com



အဖြစ်အပျက်တွေကို ဆက်စပ်စဉ်းစားရင်း အဆိုးမြင်ဝါဒ ဆိုတာ ဘယ်ဟာလဲလို့ တွေးနေမိသေးတယ်။

သာစည်ဘူတာဝင်တော့ (၁၀) နာရီကျော်ပြီ။ ညီတော်မောင်ဘက်လှည့်ပြီး "ကဲ ဥပသကာရေ၊ မန္တလေးမှာ ဆွမ်းမမီတော့တာ သေချာပြီ၊ ရထားကြီးတစ်စီးလုံး နောက်ကျတယ်ဆိုတော့ ဒကာမကြီး နိမိတ်ဖတ်လိုက်လို့တော့ ဟုတ်ပုံမရဘူး၊ ရှေ့ဘူတာမှာ ဆွမ်းကိစ္စလေး ကြည့်စီစဉ်ပေရော့" ဆိုတော့ " အဟဲ – တင်ပါ့၊ ရပါတယ် ဘုရား " ဆိုပြီး စပ်ဖြည်းဖြည်း လုပ်နေလေတော့တယ်။

http://www.dhammadownload.com



# မင်းတုန်းမင်း နှင့် ဝဿကာရပုဏ္ဏား

"ရဟန်းကိုမေးရင် ရဟန်း ဖြေပဲ ဖြေမှာပေါ့၊ ဒါမှမဟုတ်ရင် ဒီလိုကိစ္စမျိုး တို့ကို မမေးသင့်ဘူးလို့ တားမြစ်ရုံပဲပေါ့"

ဓမ္မဘောရီ–အရှင်ဝိရိယ ( တောင်စွန်း )

http://www.dhammadownload.com



တစ်ခါက တောင်တွင်းကြီး နတ်မိုးတောရ ဆရာတော်ကြီး ရန်ကုန်မှာ ခေတ္တသီတင်းသုံးနေတဲ့အခါ ဒကာတစ်ယောက်က –

"ဆရာတော်ဘုရား၊ အရင်းရှင်နိုင်ငံကြီးတွေမှာ ကုပ်သွေးစုပ် အရင်းရှင်ကြီးတွေက ဆင်းရဲသားတွေအပေါ်မှာ ခေါင်းပုံဖြတ် အမြတ်ကြီးစားပြီး မတရားလုပ်နေကြတာကို ဆင်းရဲသားတွေက ဒီအတိုင်း ငုံ့ခံနေရမှာလားဘုရား" လို့ မေးလျှောက်ပါတယ်။

ဆရာတော်ကြီးက မျက်လုံးမှိတ်ပြီး နားထောင်ရင်း စဉ်းစားနေတယ်။ တော်တော်နဲ့မဖြေဘူး။ မေးတဲ့ဒကာကတော့ ဆရာတော်ကြီးမကြားဘူးထင်လို့ အသံကိုမြှင့်ပြီး ခပ်ကျယ်ကျယ် ထပ်ပြီးလျှောက်ထားနေတယ်။ တအောင့်လောက်နေတော့မှ မျက်လုံးကိုဖွင့်ကြည့်ပြီး "မင်းတုန်းမင်း နဲ့ ရေမြှုပ်မုံးအကြောင်းကို ဒကာလည်း ကြားဖူးမှာပေါ့" လို့ မိန့်ကြားပါတယ်။ "ဘယ်လိုတုန်းဘုရား၊ ဆရာတော်အမိန့်ရှိပါဦး" လို့ လျှောက်ထားတော့

"အင်း ဒီကိစ္စက ရာဇဝင်တွေထဲမှာ အခိုင်အမာပါတာတော့ ဟုတ်မယ်မထင်ဘူး၊ ဒီလိုပဲ တစ်ယောက်စကား တစ်ယောက်နား ဆိုသလို ပြောကြတာပဲဖြစ်မယ်ထင်တယ်၊ မင်းတုန်းမင်းကြီးက နန်းတော်ထဲမှာ ဆရာ

http://www.dhammadownload.com



တော်ကြီးတွေကိုပင့်ပြီး ဆွမ်းကပ်နေတုန်းမှာ 'ကနောင်မင်းသား' နဲ့ 'ယောအတွင်းဝန်ဦးဖိုးလှိုင်' တို့လူစုက အောင်ပင်လယ်ကန်ထဲမှာ ရေမြှုပ်ဗုံး စမ်းသပ်ဖောက်ခွဲသတဲ့၊ ဒီအသံကို မင်းတုန်းမင်းကြီး နန်းတော်ထဲကနေကြားရတဲ့အခါ ရေမြှုပ်ဗုံး ဆက်ပြီးလုပ်သင့် မလုပ်သင့်ဆရာတော်ကြီးများကို လျှောက်ထားသတဲ့၊ ဆရာတော်ကြီးများက 'ဒါဟာ သတ္တဝါတွေ သေကြေအောင် အမြဲထောင်ထားရတဲ့ ထာဝရပယောဂဖြစ်လို့ မလုပ်သင့်ဘူး' လို့ဖြေကြတဲ့အခါ 'မင်းတုန်းမင်းကြီး' က "ရေမြှုပ်ဗုံးမလုပ်ရ" လို့ အမိန့်ထုတ်တားမြစ်လိုက်တယ်လို့ ဆိုတယ်"

"အဲဒါကို နောက်ခေတ်လူငယ်တွေက ဆရာတော်ကြီးတွေကို လောကီရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်တယ်ဆိုပြီး အပြစ်မြင်ချင်ကြတယ်၊ အမှန်တော့မင်းတုန်းမင်းကြီးဟာ ရဟန်းတော်တို့ရဲ့ ဝိနည်းဥပဒေ နဲ့ပတ်သက်လို့ ဒီလောက် ဒုံးဝေးလှမယ် မထင်ပါဘူး၊ ဒီလိုလည်း တိုက်ရိုက်ကြီးမမေးလောက်ဘူးလို့ ထင်ပါတယ်၊ တကယ်လို့ တစ်နည်းနည်းနဲ့ မေးလျှောက်တယ်ဆိုရင်လည်း "ဒီလို လောကီကိစ္စမျိုးတွေ တို့ကိုမမေးသင့်ဘူး" လို့ တားမြစ်လိုက်တာ အကောင်းဆုံးပဲ၊ ဒါမှမဟုတ်လို့ဖြေရမယ်ဆိုရင်တော့ ရဟန်းကိုမေးရင် 'ရဟန်းဖြေ' ပဲဖြေမှာပေါ့" လို့ မိန့်ကြားလိုက်ပါတယ်။

http://www.dhammadownload.com



မေးတဲ့ဒကာက "မှန်ပါ၊ တပည့်တော်သဘော ပေါက်ပါပြီဘုရား၊ တပည့်တော်ကို ခွင့်လွှတ်တော်မူပါ" လို့ လျှောက်ထားတော့ ဆရာတော်ကြီးက အသာအယာ ခေါင်းညိတ်ပြလိုက်ပါတယ်။

'လောကရေးလည်း မဖျင်းနဲ့၊ ဓမ္မရေးလည်း မကင်းနဲ့' ဆိုတဲ့ ရှေးလူကြီးအဆုံးအမစကားအတိုင်း ဘယ်လိုကိစ္စမျိုးမှာ ဓမ္မရေးမကင်းဖို့ လိုအပ်သလဲဆိုတာ ကတော့ သူတော်သူမြတ်တို့ကို တွေ့ဆုံလျှောက်ထားသူ တို့က လိမ္မာပါးနပ်ရမည့်ကိစ္စ ဖြစ်ပါတယ်။

*

ဒီလိုကိစ္စမျိုးနဲ့ပတ်သက်လို့ မြတ်စွာဘုရားရှင် လက်ထက်တော်တုန်းကလည်း လျှောက်ထားကြတာကို ပိဋကတ်တော်တွေထဲမှာ တွေ့ရပါတယ်။

မဂဓတိုင်း ရာဇဂြိုဟ်ပြည့်ရှင် 'အဇာတသတ်မင်း' က ဝဇ္ဇီဂဏနိုင်ငံ (ဝဇ္ဇီတိုင်း၊ ဝေသာလီပြည် လိစ္ဆဝီမင်း တို့) ကို တိုက်ခိုက်သိမ်းယူဖို့ ကြံစည်တဲ့အခါ မြတ်စွာ ဘုရားက ဘယ်လိုများမိန့်ကြားမလဲဆိုတာ သိရအောင် မင်းတိုင်ပင်အမတ်ကြီးဖြစ်တဲ့ 'ဝဿကာရပုဏ္ဏား'ကို မြတ် စွာဘုရားရှင်ထံ သွားရောက်ပြီး အလျှောက်ထားခိုင်းတယ်။ 'ဝဿကာရပုဏ္ဏား' က 'အဇာတသတ်မင်း' ရဲ့ဆန္ဒကို

http://www.dhammadownload.com



မြတ်စွာဘုရားထံမှာ လျှောက်ထားတော့ မြတ်စွာဘုရားက 'ဝဿကာရပုဏ္ဏား' ရဲ့အမေးကို တိုက်ရိုက်မဖြေသေးဘဲ အနီးအနားမှာရှိတဲ့ 'ညီတော်အာနန္ဒာ' ဘက်လှည့်ပြီး ဝဇ္ဇီဂဏနိုင်ငံရဲ့ ခေါင်းဆောင်များဖြစ်တဲ့ လိစ္ဆဝီမင်းသားတို့ဟာ မြတ်စွာဘုရား ဝေသာလီပြည်မှာ သီတင်းသုံးတော်မူစဉ်က ဟောညွှန်တော်မူခဲ့တဲ့ တိုင်းပြည်မဆုတ်ယုတ် မပျက်စီးကြောင်း တရား (၇) ပါးနှင့်အညီ ကျင့်သုံး နေထိုင်မှု ရှိ၊ မရှိ မေးမြန်းတော်မူပါတယ်။

'အရှင်အာနန္ဒာမထေရ်မြတ်' က ဝဇ္ဇီ တို့ဟာ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမအတိုင်း ကျင့်သုံးနေထိုင်လျက်ရှိတယ်လို့ ကြားသိရပါကြောင်း ပြန်ကြား လျှောက်ထားတဲ့အခါ 'ဝဿကာရပုဏ္ဏား' ဘက်လှည့်ပြီး –

"ပုဏ္ဏားကြီး ငါဘုရားရှင် ဝေသာလီပြည်မှာ သီတင်းသုံးစဉ်က ဝဇ္ဇီမင်းသားတို့ကို မပြတ်စည်းဝေးတိုင်ပင်ခြင်း၊ လုပ်ဆောင်စရာကိစ္စများကို အညီအညွတ်တစ်ပြိုင်တည်း လုပ်ဆောင်ခြင်း၊ ရှေးဟောင်းစည်းကမ်းဥပဒေတို့ကို မဖြုတ်မစွက် အတိအကျ လိုက်နာခြင်း၊ သက်ကြီးစကား သက်ငယ်ကြားအောင် လေးစားနာယူခြင်း၊ အမျိုးသမီးများကို ငဲ့ညှာစောင့်ရှောက်ခြင်း၊ ရှေးဟောင်းရိုးရာပူဇော်ပသမြဲဖြစ်တဲ့ စေတီယ်ထုံးတမ်းများကိုလည်း မလစ်ဟင်းအောင်ပြုလုပ်ခြင်း ဆိုတဲ့ တိုင်းပြည် မဆုတ်ယုတ်

http://www.dhammadownload.com



ကြောင်း (အပရိဟာနိယ) တရား (၇) ပါးကို ဟောညွှန် ဆုံးမတော်မူခဲ့တယ်၊ ဝဇ္ဇီတို့ဟာ ဒီတရား (၇) ပါးနှင့် အညီ ကျင့်သုံးနေထိုင်ကြသမျှ တိုးတက်ကြီးပွားဖို့သာ ရှိ တယ်၊ ဆုတ်ယုတ်ပျက်စီးနိုင်စရာ အကြောင်းမရှိဘူး" လို့ မိန့်ကြားတော်မူလိုက်ပါတယ်။

မြတ်စွာဘုရားရှင် မိန့်ကြားတာကို ကြားနာရတဲ့ အခါ ဝဿကာရပုဏ္ဏားကြီးက ဝဇ္ဇီတို့ကို ခုလိုအချိန်မှာ တိုက်ခိုက်သိမ်းယူဖို့ မသင့်ဘူး။ သူတို့ကျင့်သုံးနေတဲ့ တရားတွေ ပျက်ပြားသွားအောင် သူတို့ကို အယုံသွင်း ပူးပေါင်းပြီးမှ အချင်းချင်းသွေးကွဲအောင် ကုန်းတိုက်ဖျက် ဆီးပြီး အလွယ်တကူသိမ်းယူသင့်တယ်လို့ ဆုံးဖြတ်လိုက် ပါတယ်။ ဒီအတိုင်း ကုန်းတိုက် သွေးခွဲလို့ (၃) နှစ် လောက်ကြာတဲ့အခါမှာတော့ အချင်းချင်း ညီညွတ်မှု မရှိ တော့တဲ့ ဝဇ္ဇီတို့ကို အလွယ်တကူသိမ်းယူပြီး ဝဇ္ဇီနိုင်ငံ ကို ဖျက်ဆီး လိုက်နိုင်ခဲ့ပါတယ်။

ဒီကိစ္စမှာ ဝဿကာရပုဏ္ဏားကြီးဟာ မြတ်စွာ ဘုရားရှင်ရဲ့ မိန့်ကြားချက်ကို ကြားနာရတဲ့အတွက် သွေး ခွဲ ဖျက်ဆီးရေးဆိုတဲ့ နည်းပရိယာယ်ကို သဘောပေါက် သွားခဲ့တာဖြစ်လို့ မြတ်စွာဘုရားရှင်က သွယ်ဝိုက်နည်း ပေးရာ မကျပေဘူးလားလို့ စောဒကတက်စရာ ရှိပါ တယ်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူတာက

http://www.dhammadownload.com



တိုင်းပြည် စည်ကားတိုးတက်ကြောင်းတရားသာ ဖြစ်ပါတယ်။ ဒီတရားကိုလည်း ဝဇ္ဇီမင်းတို့ကို ပထမဦးဆုံး ဟောတော်မူခဲ့ တာပါ။ ဝဇ္ဇီမင်းတို့ကိုယ်တိုင်လည်း ဒီတရား (၇) ပါး နှင့်အညီ ကျင့်သုံးနေထိုင်ကြလို့ ကောသလ မာဂဓ စတဲ့ ပဒေသရာဇ်နိုင်ငံကြီးများအကြားမှာ တစ်မူ ထူးခြားတဲ့ ဝဇ္ဇီဂဏနိုင်ငံဟာ အခိုင်အမာ ရပ်တည်နေနိုင် ခဲ့တာကို သိထားကြပြီး ဖြစ်ပါတယ်။

ဝဿကာရပုဏ္ဏားကြီး မေးလျှောက်တဲ့အခါမှာလည်း "ဒီတရား (၇) ပါးနှင့်အညီ ကျင့်သုံးနေထိုင်ကြ သမျှ ဝဇ္ဇီနိုင်ငံဟာ တိုးတက်ဖို့သာရှိတယ်၊ ပျက်စီးစရာ အကြောင်းမရှိဘူး" လို့ အခိုင်အမာမိန့်ကြားလိုက်တာ ဟာ ဝဇ္ဇီတို့အတွက် တိုင်းပြည်မပျက်စီးရေးကို ထပ်မံ သတိပေးလိုက်သလိုလည်း အဓိပ္ပာယ်သက်ရောက်ပါတယ်။ တည်ဆောင်သူတို့အတွက် တည်ဆောက်ရေးအဖြစ်ဟော ခဲ့တဲ့တရားများကို တည်ဆောက်သူတို့က အသုံးမပြုတော့ ဘဲ စွန့်လွှတ်ခဲ့ကြလို့သာ ဖျက်ဆီးလိုသူအတွက် ဖျက်ဆီး ရေးနည်းပရိယာယ်အဖြစ် ကျရောက်သွားခဲ့တာလို့ပဲ မှတ် ယူရမှာပါ။

ကျွမ်းကျင်တဲ့သမားတော် ဟာ အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးဝါးခတ်စာကောင်းကို ညွှန်ပြပေး ထားပါရက်နဲ့ မိမိတို့စားသုံးမြဲဖြစ်တဲ့ ဆေးဝါးခတ်စာ

http://www.dhammadownload.com



ကို မစားသုံးဘဲ သူတစ်ပါးလှည့်ဖြားတိုက်ကျွေးတဲ့ ရောဂါ ဖြစ်စေတဲ့ အစားအစာတို့ကိုစားသုံးလို့ ရောဂါဖြစ်ပြီး ဆုံးရှုံးရတာဟာ သမားတော်ရဲ့အပြစ်လို့ ဆိုစရာအကြောင်း မရှိတန်ရာပါဘူး။

အသိရအောင် သတိပေးနှိုးဆော်တဲ့ ကလတက် အုံးမောင်းဆိုတာ ရန်သူတွေ လန့်ဖျပ်သွားစေမယ့် အမြောက်သံ၊ ဗုံးသံမျိုး မထွက်သလို သာယာယစ်မူးစရာ စောင်းညှင်းတူရိယာသံမျိုးလည်း မထွက်ပေဘူး။ သတိပေးနှိုးဆော်တဲ့ သူ့သဘာဝအချက်ပေးသံပဲ ထွက်ပေလိမ့်မယ်။ အသိရှိ-အသိမဲ့ ဆိုတာကတော့ နားထောင်သူတို့ရဲ့ သတိရှိမှု၊ မရှိမှုအပေါ်မှာသာ တည်နေပါလိမ့်မယ်။

သတိထားပြီး အသိပွားနိုင်ကြပါစေသော်။

http://www.dhammadownload.com



# ဝိဘဇ္ဇ နဲ့ ဝေဖန်ရေး

"ကိုယ်ဝယ်ယူမည့်ပစ္စည်းကိုသာ အတု နဲ့ အစစ် ခွဲခြမ်း စိစစ်ရမှာ။ တစ်ဈေးလုံးမှာရှိသမျှပစ္စည်းတွေကို အတု အစစ် ဝေဖန် စွပ်စွဲနေရမှာ မဟုတ်ဘူး"

http://www.dhammadownload.com



စာပေညီအစ်တော်တစ်ဦးနဲ့ စကားဝိုင်းဖွဲ့မိရာက 'ဝိဘဇ္ဇဝါဒ' ဆီ စကားစပ်မိသွားတယ်။ "မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်က 'ဝိဘဇ္ဇဝါဒ' ဖြစ်တယ်လို့ မိန့်ကြားထားတော့ 'ဗုဒ္ဓဝါဒဆိုတာ ဝေဖန်ရေးဝါဒ' လို့ ဆိုရင် ရမလား" တဲ့။

'ဝိဘဇ္ဇဝါဒ' ဆိုတဲ့စကားကို ဒီနေ့စာပေနယ်မှာ ပြောဆိုနေကြတဲ့ ဝေဖန်ရေး ဆိုတာနဲ့ အတူတူလို့ပြောဆိုနေကြတာ အရင်ကလည်း ကြားနေရပါတယ်။ 'ဝိဘဇ္ဇဝါဒ' နဲ့ပတ်သက်လို့ စံနမူနာအဖြစ် ထုတ်ပြလေ့ရှိတဲ့ 'တိကအင်္ဂုတ္တိုရ်' 'ကေသမုတ္တိသုတ်' ကို ဟောတော်မူရတဲ့အကြောင်း နိဒါန်းနဲ့ ဟောကြားတဲ့စကားရပ်များကို သေသေချာချာလေ့လာကြည့်ဖို့ လိုပါတယ်။

ကေသမုတ္တိ လို့ခေါ်တဲ့ တိုက်နယ်မှာနေကြတဲ့ ကာလာမအမျိုးအနွယ်တို့ထံ ဘာသာရေးဂိုဏ်းဆရာတွေ အသီးသီးက သူတို့ရဲ့ဝါဒတွေကို လာရောက်ဟောကြားနေကြတော့ ဂိုဏ်းအမျိုးမျိုး၊ အယူဝါဒအမျိုးမျိုးတွေ ရှုပ်ထွေးပြီး ဘာကိုပယ်လို့ ဘာကိုလက်ခံလိုက်နာရမည် ဆိုတာ မခွဲခြားတတ်အောင် ဖြစ်နေချိန်မှာ မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာတော့ ကာလမအနွယ်တွေက သူတို့ကြုံတွေ့နေရတဲ့ ပြဿနာကို လျှောက်ထားတယ်။

http://www.dhammadownload.com



ဟောပြောသူတွေကလည်း "အပြောသန် အမှန် ရောက်' ဆိုတဲ့သဘောမျိုးနဲ့ ပြောဟောကြသလို နာယူသူ တွေကလည်း အပြောပိုင်သူကို အနိုင်ပေးလက်ခံ တတ် ကြတာဟာ မောဟထူပြောလှတဲ့ လောကကြီးထဲမှာ သံသရာနဲ့ချီလာပြီဖြစ်တဲ့ အမွေဆိုးကြီးတစ်ခု ပါ။ ဒါ ကြောင့်လည်း မြတ်စွာဘုရားရှင် က ကာလမအနွယ် တို့ကို

"ကဲ လာကြ ကာလမတို့၊ တစ်ဆင့်ကြားတွေ ကိုလည်း အသာထားလိုက်၊ အဆက်ဆက်ပြောစမှတ်ပြုခဲ့ လို့ သမ္မာရင့်လှပါပြီဆိုတာတွေ၊ ဟိုမှာ ဟိုလိုဆိုတဲ့ ကောလဟာလတွေစတဲ့ တစ်ဖက်သားနားကျလောက်တဲ့ ပုဂ္ဂိုလ်အရှိန်အဝါ၊ ကျမ်းဂန်အထောက်အထားတွေစတဲ့ ယုတ္တိယုတ္တာတွေနဲ့ လူကြိုက်များတာကိုလည်း ဘေးချိတ် ထားလိုက်ကြ၊ အခု ငါဘုရားရှင်ပြောမည့်စကားကို သင် တို့ ဘယ်လိုသဘောရကြသလဲ" ဆိုပြီး လောဘ ဒေါသ မောဟထူပြောသူ ကင်းရှင်းသူတို့အနက် ဘယ်လိုလူဟာ အပူကြွေးထပ်ပြီး ဘယ်ပုဂ္ဂိုလ်မျိုးက အအေးဓာတ် ရမလဲ စတဲ့ အမေးအဖြေများနဲ့ ဝေဖန်စစ်ဆေးခိုင်းပါတယ်။

ဒီသုတ်ရဲ့သဘောသွားကိုကြည့်လိုက်ရင် ကိုယ် နှင့်မဆိုင်တာ၊ ကိုယ်မကျွမ်းရာတွေကို ဝေဖန်ခိုင်းတာ မဟုတ်ပါဘူး။ ကိုယ်လက်ခံကျင့်သုံးရမည့် အယူဝါဒ

http://www.dhammadownload.com



တရားလမ်းစဉ်များနဲ့ပတ်သက်လို့ ကိုယ်ရည်မှန်းတဲ့ အပူ ကင်းဆေးပြီး အအေးဓာတ်ရဖို့ ဖြစ်နိုင်၊ မဖြစ်နိုင် ဝေဖန် ဆန်းစစ်ပြီး ကိုယ်ပိုင်ဆုံးဖြတ်နိုင်းလိုရင်း ဖြစ်ပါတယ်။

သဘောကတော့ ဈေးထဲမှာ ပစ္စည်းတစ်ခုခု ဝယ် တော့မယ်ဆိုရင် ကိုဝယ်မယ့်ပစ္စည်းကိုသာ ကိုယ့်အတွက် အသုံးဝင်မည့်ပစ္စည်းမျိုး ဟုတ်မဟုတ်နဲ့ အမျိုးအစား မှန် မမှန်ကို စိစစ်ဝေဖန်ခွဲခြားကြည့်ရမှာပါ။ တစ်ဈေး လုံးမှာရှိသမျှ ပစ္စည်းတွေကို အတုလား အစစ်လား လို့ ခွဲခြား ဝေဖန် အပြစ်တင်စွပ်စွဲကြရမှာ မဟုတ်ပါဘူး။ မြတ်ဗုဒ္ဓရဲ့ ဝိဘဇ္ဇဝါဒ ဆိုတာ ဒီလိုသဘောမျိုးပါ။ ဒါဆို ဒီနေ့ စာပေနယ်မှာပြောဆိုနေကြတဲ့ 'ဝေဖန်ရေး' ဆိုတာ နဲ့ ဘယ်လိုခြားနားတယ်ဆိုတာ အကဲခတ်လို့ရလောက် ပါတယ်။

ဘုရားအစရှိတဲ့ အရိယာသူတော်စဉ်တို့ရဲ့ ပင် ကိုယ်သဘောက သူတစ်ပါးကို အပြစ်ပြောဝေဖန်တာမျိုး ကို ရှောင်ရှားလေ့ရှိပါတယ်။ ဒီဃနိကာယ် 'သာမညဖလ' သုတ်မှာ အဇာတသတ်မင်းကြီးက မြတ်စွာဘုရားထံမှာ ရဟန်း (သမဏ) ပြုလုပ်ကျင့်သုံးရခြင်းရဲ့ မျက်မှောက် ထင်ရှားတဲ့အကျိုးတရားများကို မေးလျှောက်ပါတယ်။ ရဟန်း (သမဏ) ဆိုတာ အဲဒီခေတ် အသုံးအနှုန်းအရ အိမ်ရာတည်ထောင်တဲ့ လူ့ဘောင်ကိုစွန့်ခွာပြီး ကျင့်သုံး

http://www.dhammadownload.com



နေထိုင်သူမှန်သမျှအားလုံးကို ခေါ်ဝေါ်ပြောဆိုကြတာ ဖြစ်လို့ မြတ်ဗုဒ္ဓသာသနာတော်မှအပဖြစ်တဲ့ ဂိုဏ်းဆရာကြီးများထံမှာ ဝင်ရောက်နေထိုင်ကြသူတို့နဲ့လည်း ပတ်သက်နေပါတယ်။

ဘယ်လိုအဆုံးအမ သာသနာမျိုးမှာ ကျင့်သုံးသူဟာ မျက်မှောက်အကျိုးရတယ်၊ မရဘူး ဆိုတဲ့ အဖြူ နဲ့ အမည်း ကွဲပြားအောင် ရှင်းပြနိုင်ဖို့အတွက် တခြားဂိုဏ်းဆရာကြီးတွေရဲ့ဝါဒကို မလွဲမရှောင်သာ ဖော်ပြရတော့မယ့် အခြေအနေနဲ့ကြုံလာတဲ့အခါ မြတ်စွာဘုရားက အဇာတသတ်မင်းကိုပဲ ပြန်ပြီးမေးတယ်။

"ဒီပြဿနာနဲ့ပတ်သက်ပြီး တခြားဂိုဏ်းဆရာကြီးများကကော ဘယ်လိုဖြေကြားကြသလဲ" ဆိုပြီး တော့ပေါ့။

မြတ်စွာဘုရားရှင်ကိုယ်တိုင် သိပြီးဖြစ်ပါလျက်နဲ့ ဘာဖြစ်လို့ ကိုယ်တော်တိုင် တခြားဝါဒများကို ဖော်ထုတ်ပြပြီး အဖြူ နဲ့ အမည်း ကို နှိုင်းယှဉ်မဟောရတာလည်းဆိုတော့ တကယ်လို့ ဘုရားရှင်ကိုယ်တော်တိုင် တခြားဝါဒတွေကို ထုတ်ဖော်ဟောကြားမယ်ဆိုရင် အဇာတသတ်မင်း ရဲ့ ပရိသတ်ထဲမှာ တခြားဝါဒကို လက်ခံယုံကြည်ကြသူတွေလည်းပါကြလို့ သူတို့စိတ်ထဲမှာ ဂေါတမမြတ်စွာဘုရားရှင်က တခြားဝါဒတွေရဲ့အပြစ်ကို ဖော်ထုတ်

http://www.dhammadownload.com



ပြီး 'တရားတင်း' ပြောနေတယ်လို့ အထင်မှားနိုင်စရာရှိလို့ ကိုယ်တိုင်ထုတ်ဖော်မပြဘဲ အဇာတသတ်မင်းကြီးကိုသာ သူ့အတွေ့အကြုံ သူလျှောက်ထားစေခဲ့တာ ဖြစ်တယ်လို့ အဋ္ဌကထာဆရာ က ရှင်းပြပါတယ်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ သုဘဒ္ဒပုရဗိုဇ် က တခြားဂိုဏ်းဆရာကြီးများရဲ့ဝါဒ နဲ့ ပတ်သက်ပြီး မှားသလား၊ မှန်သလား ခွဲခြားဟောတော်မူဖို့ လျှောက်ထားတဲ့အခါမှာလည်း မြတ်စွာဘုရားရှင်က "အလံသုဘဒ္ဒ – ဒါတွေမလိုအပ်ဘူး သုဘဒ္ဒ လို့ မြစ်ပယ်တော်မူပြီး မဂ္ဂင်ရှစ်ပါးတရားလမ်းစဉ်မှန် ကို ဟောညွှန်ပြနိုင်သူသာ 'သဗ္ဗညု' ဖြစ်တယ်။ မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားကို ကျင့်သုံးနိုင်တဲ့ သာသနာတော်မှာသာ ဒုက္ခခပ်သိမ်းအေးငြိမ်းရာ နိဗ္ဗာန် ကို မျက်မှောက်ပြုနိုင်တဲ့ အရိယာပုဂ္ဂိုလ်များရှိနိုင်တယ်" လို့ မိန့်ကြားပြီး သာသနာအစစ် နဲ့ အတုကို ခွဲခြားနိုင်တဲ့နည်းကိုပဲ ဟောပြတယ်။ သူတစ်ပါးဝါဒကို ဝေဖန်တာမျိုးမလုပ်ခဲ့ဘူး။

ဒီဖြစ်ရပ် တွေကိုစဉ်းစားကြည့်ရင် မြတ်ဗုဒ္ဓရဲ့ ဝိဘဇ္ဇဝါဒ ဆိုတာ မိမိလက်ခံမည့်တရားနဲ့ ပတ်သက်ပြီးတော့သာ 'မှား မှန် ကောင်း ဆိုး' ခွဲခြားဝေဖန်ရမှာဖြစ်တယ်။ ကိုယ်နဲ့မဆိုင် တာကို ဝေဖန်ရေးအမည်ခံပြီး အတင်းအဖျင်းပြောဆိုရမယ်လို့ ဆိုလိုတာမဟုတ်ကြောင်း

http://www.dhammadownload.com



ထင်ရှား သိသာပါ လိမ့်မယ်။

စစ်မှန်တဲ့ ဝိဘဇ္ဇဝါဒ ကို နားလည် အသုံးပြုနိုင်ကြပါစေ။

http://www.dhammadownload.com



# ယာဉ်ပေါ်မှ ယင်ကောင်များ

"ဖျား နဲ့ ပတ်သက်ရင် ဖျားရည် ကို အသက်ရှည်ဆေး လို့ အမြတ်တနိုးထား ပြီး ဖျားမွေးမြူရေးဆိုတာ ရှိပေမယ့် ယင်နှင့်ပတ်သက်လို့ကျတော့ ယင်နားစာကိုတောင် သေဆေးလို့ သဘောထားပြီး ယင်ကောင် ကို ဝေးရာ မောင်းထုတ်ပစ်ကြတယ်"

( တိပိဋကရေ ယော ဆရာတော် )

http://www.dhammadownload.com



ကားဂိတ်ကစထွက်စ ပထမမှတ်တိုင်မှာ လူတွေစုပြုံ စောင့်နေကြတယ်။ ကားဆိုက်လာတော့ အတင်းတိုးဖေ့တက်ကြ၊ နေရာထိုင်ခုံလွတ်ရှိရာ လုကြ၊ တိုးကြနဲ့၊ သက်ကြီးရွယ်အိုများ၊ မိခင်လောင်းများနဲ့ ကလေးငယ်များ ယိုင်သူ ယိုင်၊ ဘုရားတသူ တ၊ တချို့ကလေးငယ်များ လက်ထဲကထမင်းချိုင့် လွတ်ကျသူကျ ဖြစ်ကုန်ကြတယ်။ ဘတ်စ်ကားထိုင်ခုံ ဆိုတာ ကိုယ်ဆင်းမယ့်နေရာအထိသာစီးခွင့်ရတာမို့ တော်သေးရဲ့။ တစ်သက်လုံး နေထိုင်ခွင့်ရမည့်နေရာ မျိုးသာဆိုရင်တော့....။

မှတ်တိုင်သုံးလေးခုလွန်တော့ ကားပေါ်မှာ လူပြည့်နေပြီ။ ရုံးတက်၊ ကျောင်းတက်ချိန်မို့ မှတ်တိုင်မှာဆင်းမည့်သူနည်းနည်း၊ စီးမည့်သူက အုပ်လိုက် စုပြုံဟိုးကြလို့။ "အပေါက်ဇက နေရာဖယ်ပေးကြပါ၊ နောက်ကိုဆုတ်ပေးပါ၊ ဆင်းမည့်နေရာမှာ အကုန်ဆင်းနိုင်အောင် ရပ်ပေးပါမယ်၊ ရှေ့က သံဃာတော်ခုံက နေရာလေး ကုသိုလ်ယူမယ်" ကားစပယ်ယာအသံက ခပ်အေးအေး၊ ပျော့ပျော့ပျောင်းပျောင်းပါပဲ။ အပေါက်ဝကလူအုပ်ကတော့ မျက်မမြင်၊ နားမကြားတဲ့ပုံမျိုး။ ကြာတော့ စပယ်ယာအသံက စကားလုံးကြမ်းကြမ်း၊ အသံမာမာ။ ဒီတော့မှ နည်းနည်းလှုပ်သလိုလိုဖြစ်ပြီး အောက်ကခရီးသည်တွေ

http://www.dhammadownload.com



တိုးဇေ့တက်ခွင့်ရကြတယ်။ ကားစပယ်ယာတွေ ရိုင်းတယ်လို့ ပြောသံကြားဖူးတာ။ ခုတော့ ဘယ်သူ့ကြောင့် ဘယ်ဘူက ရိုင်းကြတယ်ဆိုတာတောင် မစဉ်းစားတတ်တော့ဘူး။ စပယ်ယာရဲ့ တိုးလိုက် ကျယ်လိုက် ပျော့လိုက် မာလိုက်အသံနဲ့ ခရီးသည်တွေရဲ့ဖြစ်အင်ကို ကြားနေ မြင်နေရာကနေ တိပိဋကဓရ (ယော) ဆရာတော် ဆုံးမခဲ့ဖူးတဲ့ 'ပျားကောင် နဲ့ ယင်ကောင်' အကြောင်းကို သတိရနေမိတယ်။

*

လူ ဆိုတာ တစ်အိမ်ထောင်စုကနေ တစ်ကမ္ဘာလုံးအထိ လူမှုဆက်ဆံရေးနဲ့ အသိဉာဏ် ကျယ်ပြန့်ကြီးမားသလောက် အသိုင်းအဝိုင်း အဖွဲ့အစည်းနဲ့ နေကြတဲ့ အမျိုး ပါ။ လူ့စည်းစိမ်ချမ်းသာ၊ လူ့ဂုဏ်သိက္ခာ ဆိုတာတွေကို က အသိုင်းအဝိုင်း ပတ်ဝန်းကျင်က အသိအမှတ်ပြုမှသာ ရရှိခံစားနိုင်ကြမှာပါ။ လူသူမနီးတဲ့ တောကြီးမျက်မည်းထဲမှာ ပတ္တမြားလိုဏ်ဂူ နဲ့ ရတနာမျိုးစုံနဲ့ တစ်ကိုယ်တည်းနေရတဲ့ သုခမိန်ကြီးထက် (တရားနဲ့ပျော်မွေ့နေတဲ့ သူတော်စင်များကိုတော့ မဆိုလိုဘူးပေါ့) ဘူးခါးရေသောက်ပြီး ကြမ်းကြားလေနဲ့ ဖိမ်ယူနေတဲ့ တဲအိုပျက်ထဲက တူနှစ်ကိုယ်က လောကီချမ်းသာအရာမှာ သာလွန်တဲ့ မွေ့လျော်ဖွယ်ရှိကြမှာ သေချာလောက်ပါတယ်။

http://www.dhammadownload.com



အဲဒီလို အသိုင်းအဝိုင်းနဲ့ စုဝေးနေထိုင်ကြရတဲ့ လူ့အဖွဲ့အစည်းမှာ ယင်ကောင်တွေလို စုဝေးနေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းနဲ့ ပျားကောင်များလို စုဝေးနေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းဆိုပြီး နှစ်မျိုး နှစ်စားရှိတယ် လို့ ဆရာတော် က မိန့်ကြားဆုံးမပါတယ်။

အားလုံးမြင်ဖူးကြတဲ့အတိုင်းပဲ ယင်ကောင်တွေဟာ အစုအဝေးနဲ့နေကြတဲ့ သတ္တဝါတွေပါ။ ဒါပေမယ့် သူတို့မှာ

## (၁) အမျိုးအတွက် ခံယူချက် လုံးဝမရှိဘူး။

ဟုတ်တယ်။ ဘယ်သူ့ကိုမှငဲ့ကွက်တာ မရှိဘူး။ ဘယ်သူ့ကိုမှလည်း အရေးမစိုက်ဘူး။ ဘယ်သူဘာဖြစ်နေနေ ကိုယ့်အတွက်ပဲ ကိုယ်သိကြတာ။

## (၂) စည်းကမ်းမရှိ၊ အများပေါ်မှာ သစ္စာလည်းမရှိဘူး။

တရုန်းရုန်းတအုံးအုံး ကြုံရာနား၊ ကြုံရာစားကြတာ။ လူတွေစားသောက်တဲ့ အမွန်မြတ်ဆုံး စားစရာကနေ မစင်အညစ်အကြေး၊ အပုပ်အသိုးအထိ အကုန်စားတယ်။ လူတွေရဲ့စားခွက်မှာ လာစားပြီး အညစ်အကြေးမျိုးစုံ ရောဂါပိုးမျိုးစုံကို သယ်လာပြီး ချန်ရစ်ခဲ့တတ်တာမျိုး။

http://www.dhammadownload.com



## (၃) ခွဲဝေအသုံးချမှု၊ အနစ်နာခံ စွန့်လွှတ်မှု မရှိ။

ယင် ဆိုတာ ပျားလို အုံဖွဲ့တည်နေတာမျိုးလည်း မဟုတ်သလို ကိုယ်ရောက်တဲ့နေရာမှာ ကိုယ့်အတွက် စားခဲ့ကြတာပဲ။ သယ်ယူတယ်၊ စုဆောင်းတယ်၊ ခွဲဝေ စားသုံးတယ်၊ ဇာတ်တူချင်းအတွက်တောင် အနစ်နာခံ စွန့်လွှတ်တယ်ရယ်လို့မှ မရှိတဲ့အမျိုးပဲ။

## (၄) ဘဝပေးအသိတရားရယ်လို့ ဘာတစ်ခုမှ မရှိဘူး။

စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ၊ ကြုံရာနား၊ ကြုံရာစားကြတာဖြစ်လို့ လူနဲ့နီးသလောက် လူတွေရဲ့ရွံမုန်းခြင်း အခံရဆုံးပဲ။ ယင်နဲ့ပတ်သက်လို့ ယင်နားစာကိုတောင် သေဆေးလိုသဘောထားပြီး ယင်ကောင်ကို ဝေးရာ မောင်းထုတ်ပစ်ကြတယ်။

လူ့အဖွဲ့အစည်းတစ်ခုဟာလည်း

(၁) အမျိုးဘာသာ သာသနာအတွက် ခံယူချက်၊ ဦးတည်ချက် မရှိခဲ့ရင်။

(၂) စည်းကမ်းမရှိ၊ အများအပေါ်မှာ သစ္စာမရှိခဲ့ရင်၊ မိသားစုကအစ ရပ်ရွာ၊ ဒေသ၊ နိုင်ငံအထိ မိမိမှီတင်းနေထိုင်ရာ ပတ်ဝန်းကျင်အပေါ် ကျေးဇူးမသိ၊ သစ္စာမရှိခဲ့ရင်။

(၃) ခွဲဝေအသုံးချအနစ်နာခံမှု၊ စွန့်လွှတ်မှု ဘာမျှ

http://www.dhammadownload.com



မရှိခဲ့ရင်၊ ဘတ်စ်ကားထိုင်ခုံလို ခဏတာနားနေရာလေးကိုတောင် အသက်ဂုဏ်ဝါကြီးရင့်သူ၊ အားနွဲ့သူ၊ မကျန်းမာသူ၊ ဝန်လေးသူများအတွက် မစွန့်လွှတ်ရဲကြရင် ဒီလောက်အသေးအမွှား တအောင့်ခဏစာလေးကိုတောင် အကြီးအကျယ် လုယက်စရာကြီးအဖြစ် သဘောထားနေကြရင်။

(၄) စဉ်းစား ချင့်ချိန် ဆန်းစစ် ဝေဖန်နိုင်တဲ့ အသိပညာ မရှိခဲ့ရင်။ လူ့ဘဝ ဘာကြောင့်ရခဲ့တယ်၊ လူနဲ့တန်တဲ့ဂုဏ်သိက္ခာ ဘယ်လိုတည်ဆောက်မယ်၊ မိမိရဲ့တည်မှီရာဝန်းကျင်ကို ခြေနဲ့ကန်ရာမကျစေဘဲ ခြေရာကောင်းချန် ခဲ့ရာကျအောင် ဘယ်လိုကျင့်သုံးမယ်ဆိုတာ မသိတတ်ရင် ဘယ်လိုစုဝေးနေထိုင်ခြင်းမျိုးဖြစ်မလဲ...။

လောကကို အလှမဆင်တတ်သူဟာ ပင်ကို ဂုဏ်ရည် ဘယ်လောက်ပဲ အချိုးအစားကျနေပါစေ၊ ကိုယ့်အလှကို ဘယ်သူကမှ အသိအမှတ်မပြုတဲ့အတွက် အလိုလို အထီးကျန်ပြီး အကျည်းတန်နေမှာတော့ မလွဲပါဘူး။

ယင်တွေနဲ့ အကောင်ချင်း ခပ်ဆင်ဆင်ဖြစ်တဲ့ ပျားကောင်တွေကို ကြည့်မယ်ဆိုရင် –

**(၁) အမျိုးအတွက် ခံယူချက်၊ ဦးတည်ချက်ရှိတယ်။**

ကြံ့ရာမှာရှာပြီး တွေ့ရာမှာ စားသုံးခဲ့ကြတာ

http://www.dhammadownload.com



မဟုတ်ဘူး။ အုံရှိရာကို စွမ်းနိုင်သမျှ သယ်ဆောင် စုဆောင်း လာကြတယ်။ ခိုတာ ကပ်တာ ကိုယ်ကျိုးသုံးတာရယ်လို့ ဘယ်တော့မှ မရှိဘူး။

**(၂) စည်းကမ်းရှိတယ်။ အများအပေါ်မှာ သစ္စာရှိတယ်။**

အညစ်အကြေးအပုပ်အသိုးကို နားလေ့၊ စားလေ့ မရှိဘူး။ သူ့စည်းကမ်း၊ သူ့သစ္စာကြောင့် လူတွေက တောင် အားကိုးယုံကြည်ကြတယ်။ တချို့လူတွေက သူတို့ ကို သစ္စာမဲ့ပြီး ပျားရည်တု ဆိုတာတောင် လုပ်နေကြ သေးတယ်။

**(၃) ခွဲဝေအသုံးချမှု၊ အနစ်နာခံစွန့်လွှတ်မှု ရှိတယ်။**

အုံမှာ စနစ်တကျစုဆောင်းပြီး အာဟာရအတွက် ကုန်ကြမ်း သယ်သူသယ်၊ ကုန်ချော ထုတ်သူထုတ်နဲ့ ပျား မျိုးဆက်သစ်တိုင်းအတွက် ချို့တဲ့မှုမရှိရအောင် စနစ် တကျစုဆောင်းထားတယ်။ ပျားပျိုများက ပျားအိုတွေကို မတိုးဝှေ့ မတိုက်ခိုက်ကြသလို ပျားအိုများကလည်း ပျား ပျိုတို့အတွက် ငဲ့ကွက်မှု အမြဲရှိနေကြတယ်။

**(၄) သဘာဝအသိတရားတွေရှိတယ်။**

အမွှန်အမြတ်ဖြစ်တဲ့ ပန်းဝတ်ရည်ကိုသာ စုပ်ယူ

http://www.dhammadownload.com



ကြတာ။ မျိုးဆက်သစ်များအတွက် နားခိုရာ အုံနဲ့အကန့်နဲ့ စနစ်တကျ တည်ဆောက်တတ်ကြတာတွေ။ ဒါတွေကြောင့်လည်း ပျားနဲ့ပတ်သက်ရင် ပျားရည်ကို အသက်ရှည်ဆေးလို အမြတ်တနိုးထားကြပြီး ပျားမွေးမြူရေး ဆိုတာကိုတောင် လူတွေက ပြုလုပ်နေကြရတာ။ လောကမှာ လူတွေက အကောင်းဆုံးလို့သတ်မှတ်ကြတဲ့ အရသာမျိုးတို့၊ ဘုရားရှင်ရဲ့အသံတော်လို လေးစားနှစ်သက်ဖွယ်ရာတို့ကိုတောင် ' မဓုရ ရသ = ပျားအရသာလို ' လို့ တင်စား ပြောဆိုကြရတာ။

အဟိတ်တိရစ္ဆာန် လို့ခေါ်တဲ့ ပျားသတ္တဝါတောင် တိဟိတ်လူသားတွေက အလေးထား စံပြုစရာ အရည်အချင်းကောင်း၊ အကျင့်ကောင်းတွေ ရှိနေပါလျက်နဲ့ သတ္တလောကရဲ့ အမြင့်မြတ်ဆုံးဆိုတဲ့ တို့ တိဟိတ်လူသားများမှာ လူနဲ့လူချင်း လေးစားစံပြုစရာ လုပ်ဆောင်ချက် တစ်ခုတစ်လေမျှ ပြစရာမရှိ၊ ပြရကောင်းမှန်း မသိဘူးဆိုရင် . . .။

'အနစ်နာခံတယ်၊ စွန့်လွှတ်နိုင်တယ်' ဆိုတာ ကိုယ်ကျိုးတွေအားလုံးကို စွန့်လွှတ်မှုမဟုတ်ပါဘူး။ ခဏတစ်ဖြုတ် နားနေစရာ၊ ထိုင်စရာနေရာလေးတစ်ခုလောက် ပဲဖြစ်ဖြစ်၊ အသက်ဂုဏ်ဝါကြီးသူ၊ အားနွဲ့သူ၊ မကျန်းမာသူအတွက် ဦးစားပေး၊ အနစ်နာခံပေးလိုက်ရင် ချို့တဲ့သူ

http://www.dhammadownload.com



ကို ပြည့်စုံအောင်၊ ချမ်းသာသူကို ခိုင်မြဲတိုးတက်အောင်၊ ကရုဏာ မုဒိတာ စိတ်ကောင်းကလေးတွေနဲ့ 'နှုတ်ကူလက်မ' စွမ်းနိုင်သလောက် ပြုလုပ်ကြမယ် ဆိုရင်...။

လောကကြီးဟာ အားနွဲ့သူတို့အတွက် အားကိုးစရာဖြစ်သလို အားရှိသူတို့အတွက်လည်း ဂုဏ်တက်စရာဖြစ်လို့ နေပျော်တဲ့လောကကြီး ဖြစ်နေမှာမလွဲပါဘူး။

အရေးမပါတဲ့ (ဘတ်စ်ကားပေါ်က ခံနေရာလို) လုယက်မှုကြီးများကြောင့် 'သတ္တလောကမှာ အမြင့်မြတ်ဆုံး' ဆိုတဲ့ လူ့ဂုဏ်သိက္ခာများကို နေ့စဉ်ဖျက်ဆီးနေမယ့်အစား ဒီအသေးအမွှားလေးတွေကို စွန့်လွှတ် အနစ်နာခံမှုကြောင့် ရရှိလာမည့် 'စိတ်ဓာတ်မြင့်မားတဲ့လူသား' (မန = စိတ်ဓာတ်၊ ဥဿန္န = မြင့်မား၊ မနူဿ = စိတ်ဓာတ်ဓာတ်မြင့်မားသူ) ဆိုတဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းတတ်ရကောင်းမှန်းသိလာရင် ယာဉ်ပေါ်မှာတွေ့ရတဲ့ လူအုပ်ကြီးဟာ ယင်ကောင်တွေလိုမဟုတ်ဘဲ ပျားကောင်များလို လေးစားအားထားစရာတွေ ဖြစ်နေကြမှာ မလွဲဘူး။ ဒါဆိုရင် ဘတ်စ်ကားစီးရတယ်ဆိုတာဟာလည်း ငြီးငွေ့စရာကြီးတစ်ခုမဟုတ်ဘဲ လူ့ဂုဏ်သိက္ခာ၊ လူ့စိတ်ဓာတ်တွေကို အသိအမှတ်ပြုဖို့အတွက် ဘဝစာမေးပွဲ (အင်တာဗျူး) တစ်ခုကို တွေ့ဆုံနေရသလို ပျော်စရာ၊ စိတ်ဝင်စားစရာကြီးဖြစ်နေမှာ မလွဲပေဘူးလို့ တွေးနေရင်း

http://www.dhammadownload.com



မှတ်တိုင်မှာ လူအုပ်ကို တိုးဝှေ့ဆင်းခဲ့ရတယ်။ စိတ်ထဲမှာတော့ ယင်ကောင်တွေကြားကပဲ ဖြတ်သန်းလာလိုက်ရသလိုလို...။ ပျားကောင်တွေများ ဖြစ်လိုက်ပါတော့လို့ တောင့်တနေမိသလိုလို။

ယာဉ်ပေါ်မှာစီးရင်း တွေးမိလို့သာ 'ယာဉ်ပေါ်က ယင်ကောင်များ' လို့ ပြောလိုက်ရတာ။ တကယ်တော့ အိမ်ပေါ်မှာ၊ အရပ်ထဲ၊ လမ်းထဲ၊ ဈေးထဲမှာ၊ အဲ တစ်ကမ္ဘာလုံးမှာအထိ 'ရှိလည်းရှိတယ်၊ ပေါတယ်' လို့ပဲ ပြောရမယ်ထင်ပါရဲ့။ ကိုယ်လည်း ဘယ်အထဲများ ပါနေပါလိမ့်။

http://www.dhammadownload.com



# တစ်ခြမ်းပဲ့ ဝေါဟာရများ

"ဘာသာစကားဝေါဟာရတွေထဲမှာ 'သားသမီးကောင်းမိဘ'၊ 'တပည့်ကောင်းဆရာ' ဆိုတဲ့ ဝေါဟာရတွေ ရှားပါးပြီး 'သူ့ဒွေးမိဘ' ဆိုတာ မရှိသလောက် ဖြစ်နေတာဟာ အရုပ်ဆိုးတဲ့ ချို့တဲ့မှုကြီး တစ်ခုပဲ"

မွှဘေရီ–အရှင်ဝီရိယ ( တောင်စွန်း )

http://www.dhammadownload.com



လောကသုံးပါးနဲ့ပတ်သက်လို့ ကြောင်းကျိုးဆက်စပ်တွေးခေါ်ကြတဲ့ ပညာရှင်တို့ရဲ့ အဘိဓမ္မာများကို အကျဉ်းချုပ်လိုက်ရင် ရုပ်နာမ်နှစ်ခုကို ပဓာနအဖြစ် လက်ခံတွေးခေါ်တဲ့ 'ဒွိတ္တအဘိဓမ္မာ' နဲ့ ရုပ် သို့မဟုတ် နာမ် တစ်ခုခုကိုသာ ပဓာနအဖြစ် လက်ခံတွေးခေါ်တဲ့ 'အဒွိတ္တအဘိဓမ္မာ' ရယ်လို့ နှစ်မျိုးရှိပါတယ်။

ဒီနှစ်မျိုးထဲက 'အဒွိတ္တအဘိဓမ္မာ' မှာလည်း ရုပ်ကိုသာ ပဓာနအဖြစ်လက်ခံတဲ့ 'ရူပအဒွိတ္တ' အဘိဓမ္မာနဲ့ နာမ် တစ်ခုကိုသာ ပဓာနအဖြစ်လက်ခံတဲ့ 'နာမအဒွိတ္တ' အဘိဓမ္မာ ဆိုပြီး နှစ်မျိုး ထပ်ကွဲပါသေးတယ်။

အဘိဓမ္မာရဲ့ရည်ညွှန်းချက်ဟာ သတ္တလောကကြီး တိုးတက်ကြီးပွားမှုကို ဦးတည်တာဖြစ်ပါတယ်။ သတ္တလောကဆိုတဲ့ သက်ရှိလောကကြီးမှာ ရုပ်၊ နာမ် နှစ်ခုလုံး ထင်ရှားရှိနေတာဖြစ်လို့ ဒီနှစ်ခုလုံးကို ပဓာနအခြေခံတဲ့ 'ဒွိတ္တအဘိဓမ္မာ' သာလျှင် ကောင်းမွန် မှန်ကန်ပြည့်စုံတဲ့ အဘိဓမ္မာ လို့ ဆိုနိုင်ပါလိမ့်မယ်။ မြတ်ဗုဒ္ဓရဲ့ အဘိဓမ္မာကို လေ့လာကြည့်မယ်ဆိုရင် နှစ်ခုအစုံအစုံကို အခြေခံထားတာကို တွေ့မြင်နိုင်ပါတယ်။ ရုပ်နဲ့နာမ်၊ ကုသိုလ်နဲ့ အကုသိုလ်၊ ဒုက္ခနဲ့ ဒုက္ခချုပ်ငြိမ်းမှု စသည်တို့ဖြစ်ပါတယ်။

အဘိဓမ္မာနယ်ပယ်မှာသာ အခုလို အစုံအစုံ နှစ်ခု

http://www.dhammadownload.com



စီအခြေခံမှ ပြည့်စုံကောင်းမွန်တာ မဟုတ်ပါဘူး။ လူတို့ ပြောဆို သုံးစွဲနေကြတဲ့ ဝေါဟာရပညတ်တွေထဲမှာလည်း အစုံအစုံ ရှိမှ ကောင်းမွန်တင့်တယ်ပြည့်စုံတဲ့ ဝေါဟာရ တွေ အများကြီးရှိပါတယ်။ ဥပမာ နေနဲ့လ၊ မိဘနဲ့သား သမီး၊ ဆရာနဲ့တပည့်၊ မောင်နဲ့နှမ စတဲ့ သက်ရှိတို့ကို ခေါ်ဝေါ်တဲ့ ဝေါဟာရတွေ၊ အသွားအပြန်၊ အတက်အဆင်း၊ အနိမ့်အမြင့်၊ အပေးအယူ စတဲ့ သက်ရှိတို့ရဲ့ အပြုအမူနဲ့ ပတ်သက်တဲ့ ဝေါဟာရတွေ များစွာရှိပါတယ်။

သက်ရှိတို့ကို ခေါ်ဝေါ်တဲ့ အစုံအစုံဝေါဟာရတွေ ဟာ တစ်ခုခုချို့တဲ့ပြီး တစ်ခြမ်းပဲ့နေမယ်ဆိုရင် ဒီသက်ရှိ လောကနဲ့ ဘာသာစကားဟာ အကျည်းတန်အရုပ်ဆိုး တဲ့ ချို့တဲ့မှုကြီးတစ်ခု ဖြစ်နေတတ်ပါတယ်။

ဝေါဟာရ ဘာသာစကားတွေထဲမှာ **မိကောင်း ဖခင်သား**၊ **ဆရာကောင်းတပည့်**၊ **သူတော်သားသမီး** ဆို တာတွေ ရှိနေပြီး **သားသမီးကောင်းမိဘ**၊ **တပည့် ကောင်း ဆရာ** ဆိုတဲ့ဝေါဟာရတွေ ရှားပါးနေတာ၊ **သူတော်မိဘ** ဆိုတာ မရှိသလောက်ဖြစ်နေတာတွေဟာ အကျည်းတန် အရုပ် ဆိုးတဲ့ ချို့တဲ့မှုတွေပါပဲ။

ဟုတ်တယ်။ တချို့ဝေါဟာရတွေဟာ သူ့ပင်ကို သဘာဝအတိုင်း ရှိနေတုန်းမှာ အစုံလိုက်အစုံလိုက်တွေနဲ့ အတော် ပြည့်စုံတင့်တယ်ပါတယ်။ မိဘ နဲ့ သားသမီး၊

http://www.dhammadownload.com



ဆရာနဲ့တပည့် စသဖြင့်ပေါ့။ အဲ - ဒါပေမယ့် အဲဒီဝေါဟာရတွေကို ပိုပြီး တင့်တယ်စေမယ့် 'ကောင်း' ဆိုတဲ့ နာမဝိသေသနမျိုးနဲ့ တွဲဖက်လိုက်တဲ့အခါမှာတော့ အပြန်အလှန် အစုံလိုက် အစုံလိုက် ဖြစ်မလာကြတော့ဘဲ တစ်ခြမ်းပဲ့ကွက်လပ်ကြီးတွေ ဖြစ်နေပြီး အကျည်းတန် အရုပ်ဆိုးနေတာကို တွေ့နေရပါတယ်။

လူအများ ပြောဆိုသုံးစွဲနေတဲ့ ဝေါဟာရတွေထဲမှာ 'မိကောင်းဖခင်သားသမီး' ဆိုတဲ့ ဝေါဟာရ ထင်ထင်ရှားရှားရှိပါတယ်။ ဒီဝေါဟာရစကားလုံးဟာ မျိုးရိုးအကျင့်စာရိတ္တ စသည် ကောင်းမွန်တဲ့ မိဘတို့ရဲ့ဂုဏ် ကို ဖော်ညွှန်းပြီး သားသမီးများဂုဏ်မြောက်အောင် ပြောဆိုကြတဲ့စကားပါ။ ဒါပေမယ့် သားသမီးတို့ရဲ့ဂုဏ်ကို ဖော်ညွှန်းပြီး မိဘများဂုဏ်မြောက်စေဖို့အတွက် 'သားသမီးကောင်းမိဘတွေ' လို့ ပြောဆိုနိုင်တာမျိုးကတော့ ကြားရခဲပါတယ်။ အလားတူပဲ 'ဆရာကောင်းတပည့်' လို့သာ ပြောသံကြားရပြီး 'တပည့်ကောင်းဆရာ' ဆိုတဲ့ ပြောသံကိုလည်း တယ်ကြားဖူးလှမယ် မဟုတ်ပါဘူး။

ဒီလို တစ်ခြမ်းပဲ့ပြီး ချို့တဲ့နေတဲ့ဝေါဟာရတွေ အစား 'သားသမီးအကျိုးပေးတဲ့မိဘ'၊ 'တပည့်အကျိုးပေးတဲ့ဆရာ' ဆိုတဲ့ ဝေါဟာရမျိုးနဲ့တော့ အစားထိုးပေးနိုင်ဖို့ လိုအပ်ပါလိမ့်မယ်။ မိဘတို့၊ ဆရာတို့ ဆိုတာ

http://www.dhammadownload.com



ကျေးဇူးကြီးမားတဲ့ ကျေးဇူးရှင်များဖြစ်ပြီး သားသမီးတို့ တပည့်တို့ဆိုတာက ကျေးဇူးတုံ့ပြုကြရမှာ ဖြစ်ပါတယ်။

စဉ်းစားကြည့်ရင် ကျေးဇူးရှင်ဖြစ်ဖို့ကသာ ပင်ပန်း ခက်ခဲပြီး ကျေးဇူးတုံ့ပြုရတာက အလွန် သက်သာလွယ်ကူပါတယ်။ ကြည့်လေ မိဘတွေမှာ 'မိကောင်းဖခင်' ဆိုတဲ့ဂုဏ်နဲ့ ပြည့်စုံဖို့အတွက် ဘာသာတရားကိုင်းရှိုင်းမှု၊ ကိုယ်ကျင့်စာရိတ္တ ကောင်းမွန်မှုတို့နဲ့ ပြည့်စုံရိုးသားကြရသလို စားဝတ်နေမှုနဲ့ လူမှုတာဝန်၊ နိုင်ငံ့တာဝန်တွေကိုလည်း မလစ်မဟင်း ပြည့်စုံအောင် ကြိုးစားနိုင်မှ ဒီဂုဏ်သိက္ခာကို ရရှိနိုင်ကြတာပါ။ ဒီလိုကြိုးစားရမှာလည်း ကိုယ့်အကျိုး၊ ကိုယ့်အရေးအတွက်သာမကဘဲ သားသမီးတို့အကျိုး၊ သားသမီးတို့အရေးကိုလည်း အဓိကတွေးပြီး ကြိုးစားခဲ့ကြတာပါ။

သားသမီးတို့ စားဝတ်နေရေး ပြည့်စုံစေရုံသာမက အရွယ်အလျောက် ဖြည့်ဆည်းပေးရမယ့် ပညာရေး၊ အသက်မွေးမှုအတတ်၊ ဘာသာတရား၊ ကိုယ်ကျင့်တရား၊ အဘက်ဘက်က ပြည့်စုံကောင်းမွန်အောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ထုတ်ကြရသလို အချို့ဆိုရင် ကိုယ်ရေးကိုယ်တာ စားဝတ်နေမှုကို အချို့တဲ့ခံပြီးတော့ကို ကြိုးစားကြရတာဖြစ်ပါတယ်။

သားသမီးတို့က မိဘအပေါ် ကျေးဇူးတုံ့ပြုရာမှာ

http://www.dhammadownload.com



တော့ ဒီလောက်အထိ ကိုယ်ကျိုးစွန့် အနစ်နာခံစရာ မလိုကြပါဘူး။ မိဘတို့ရဲ့ ဆုံးမစကားကို လေးစားလိုက်နာပြီး ကိုယ်ကျိုးအတွက် ပညာရှာချိန်မှာရှာ၊ အသက်မွေးဝမ်းကျောင်းအတွက် စီးပွားရှာချိန်မှာ စီးပွားရှာကြပြီး အချိန်တန်အရွယ်ရောက်တော့ ကိုယ့်အိုး ကိုယ့်အိမ် ထူထောင်စရာရှိတာ ထူထောင်ခွင့်ရကြတာပါပဲ။ ဒီလို ထူထောင်ပြီးတော့လည်း မိဘစိတ်ဆင်းရဲစရာဖြစ်အောင် မလုပ်ကြဘဲ ကိုယ့်စားဝတ်နေမှုအတွက် လူတန်းစေ့စေ့ လူရာဝင်အောင် ကိုယ့်ဘဝကိုယ် တည်ထောင်နေနိုင်ကြတယ်ဆိုရင်ကို မိဘများက ကျေနပ်နေကြပြီ။ ဒီလို သားသမီးမျိုးရှိတယ်ဆိုရင်ပဲ 'သားသမီးအကျိုးပေးတယ်'' လို့ မိဘများကိုယ်တိုင်ကလည်း ခံယူကြတယ်။ ပတ်ဝန်းကျင်ကလည်း ဒီလိုပဲ အသိအမှတ်ပြုကြတာပါပဲ။

တကယ်တော့ သားသမီးတို့ရဲ့ ဒီဖြစ်စဉ်ဟာ မိဘအပေါ်ကို ဘယ်လိုအကျိုးမှ ပြန်ပေးနိုင်ခဲ့သေးတာ မဟုတ်ပါဘူး။ ကိုယ့်ကျိုးအတွက်သာ ကောင်းကောင်းမွန်မွန် လုပ်ကိုင်ကြိုးစားနေကြတာ ဖြစ်ပါတယ်။ ဒါကိုပဲ မိဘတွေကတော့ ဒီအကျိုးတွေကို သူတို့ကိုယ်တိုင် ခံစားနေသလို သဘောထားပြီး 'သားသမီးကျိုးပေးတယ်' လို့ပဲ ခံယူဝမ်းမြောက်ကြပြီး ကျေနပ်နေကြတယ်ဆိုတော့ မိဘကျေနပ်အောင် ကျေးဇူးတုံ့ပြုရတာ ဘယ်လောက်

http://www.dhammadownload.com



များ လွယ်ကူလိုက်သလဲလို့။

ဒီအထဲကမှ တစ်ခါတလေ သားသမီးများက သိသိမှတ်မှတ်နဲ့ စားစရာ၊ ဝတ်စရာလေးများနဲ့ပေးပို့ပြီး ကျေးဇူးတုံ့ပြုလုပ်တဲ့အခါမှာတော့ ဘာပြောကောင်းမလဲ။ မိဘတွေခမျာ သားသမီးက ကျွေးမွေးလို့ သူတို့တစ်တွေ အသက်ရှင်နေကြတယ်လို့များ ထင်မှတ်နေရော့သလား တောင် မပြောတတ်ဘူး ကျေနပ်ဝမ်းမြောက် ဂုဏ်ယူလို့ မဆုံး သားသမီးဂုဏ်တွေ ဖော်လို့မဆုံးတော့ဘူး။

မိမိနေတဲ့အရပ်က ဒကာကြီးတစ်ယောက်ဆိုရင် သူတို့ရဲ့သားကလေးတစ်ယောက်ကို ဘွဲ့ရတဲ့အထိ ပညာ သင်နိုင်အောင် ကြိုးစားပြီး ကျောင်းထားပေးရှာတယ်။ သားက အင်ဂျင်နီယာဘွဲ့ ရပြီးတဲ့အခါ ကြင်ရာရော အလုပ်ပါ တစ်ပြိုင်နက်ရတာကြောင့် မင်္ဂလာဆောင်ပြီးတာ နဲ့ အလုပ်တာဝန်ကျရာအရပ်မှာပဲ နေတော့တယ်။ မိဘ အိမ် ပြန်မကပ်နိုင်တော့ဘူး။ မိဘများကို ပုံမှန် ပြန်လည် ထောက်ပံ့နိုင်တယ်ရယ်လို့လည်း မရှိပါဘူး။ လူကြုံ ကောင်း မှ ဆေးဖိုးဝါးခလေး၊ အဝတ်အစားလေးတွေ ပို့ပေးတာပဲ ရှိနိုင်ရှာပါတယ်။

တစ်ခါက ရှမ်းပြည်နယ်ဘက်မှာ တာဝန်ကျနေတဲ့ သူ့သားက အနွေးထည်နဲ့ ခေါင်းစွပ်တစ်ခု လူကြုံပါး လိုက်တယ်။ အဲဒီဒကာကြီးဟာ ဆောင်း နွေ မိုး မရှောင်

http://www.dhammadownload.com



ကျောင်းကန်အလှူအတန်းသွားတိုင်း အဲဒီအင်္ကျီ နဲ့ ခေါင်းစွပ်ကို အမြဲဝတ်ဆင်လေ့ရှိတယ်။ သူများတွေက နွေအခါကြီးမှာ ဒါတွေဝတ်ထားရမလားဆိုပြီး ပြောကြတဲ့အခါ "သားက တကူးတကပို့လိုက်တာလေးမို့ သူကုသိုလ်ရအောင် ဝတ်ပေးရတာဗျ" လို့ ပြောလေ့ရှိပါတယ်။

အဲဒီဒကာကြီး သေရွာညောင်စောင်း လဲလျောင်းရတဲ့အချိန်မှာ သူ့သားက ပြန်မလာနိုင်ပါဘူး။ ဆေးဖိုးဝါးခလေးတော့ အနည်းအပါး ပို့ပေးပါတယ်။ သေခါနီးမှာ ဒကာကြီးက သူသေရင် သူ့သားပေးတဲ့ အင်္ကျီ နဲ့ ခေါင်းစွပ်ကလေးကို သူနဲ့တစ်ပါတည်း ဆင်မြန်းပြီး သင်္ဂြိုဟ်ဖို့ မှာခဲ့ရှာတယ်။ ဘေးလူတွေက ဒါတွေကို အစွဲအလမ်းမထားဖို့ ပြောကြတဲ့အခါ "ဒီအဝတ်အစားတွေကို စွဲလမ်းလို့မဟုတ်ဘူး၊ ခုအချိန် သူ့သားမလာတာကို ဘေးလူတွေ အပြစ်မြင်မှာစိုးလို့ သူ့သားလေး မိဘကျေးဇူးသိတတ်တာကို ဒီအဝတ်တွေမြင်ပြီး သိကြအောင်လို့ပါ" လို့ ပြောပါသတဲ့။ ကဲ မိဘကျေနပ်အောင် ကျေးဇူးတုံ့ပြုရတာ ဘယ်လောက်များ လွယ်ကူလိုက်ပါသလဲ။ မိဘတို့ရဲ့ ဗြဟ္မစိုရ်စိတ်ထား ဟာ အဲသလို ကြီးမားကြတာ။ (ဒီလောက်ဆို မိဘကျေးဇူးကျေပြီလို့ ပြောတာ မဟုတ်ဘူးနော်။ မိဘတို့ဘက်က ခံယူပုံကိုသာ ပြောတာ)

http://www.dhammadownload.com



ဆရာနဲ့တပည့် အပြန်အလှန်အစုံမှာလည်း အတူတူပါပဲ။ ဆရာကောင်းတစ်ယောက် ဖြစ်ဖို့ဆိုတာ ပညာအရည်အချင်း၊ ကိုယ်ကျင့်တရား၊ စေတနာ၊ စာနာ၊ ဝါသနာတွေအပြင် အနစ်နာခံမှုပေါင်းများစွာနဲ့ တည်ဆောက်ရတာမို့ အလွန်ခဲယဉ်းပါတယ်။ ဒါပေမယ့် 'ဆရာကောင်း' ဆိုတာက ခဲယဉ်းပေမယ့် မရှားပါးလှဘူး။ လောကီနယ်မှာရော၊ သာသနာတော်မှာပါ ဆရာကောင်းတွေ အများကြီးရှိနေပါတယ်။

တပည့်ကောင်းတစ်ယောက်အဖြစ်နဲ့ ဆရာကိုကျေးဇူးတုံ့ပြုရာမှာတော့ အလွန်လွယ်ကူပါတယ်။ ကျိုးနွံ ရိုသေစွာနဲ့ ဆရာသင်ပေးသမျှ ကြိုးစားပြီး တိုးတက်အောင်မြင်သွားမယ်ဆိုရင် ဆရာတိုင်းလိုလိုဟာ သူတို့ထောင်ပေးတဲ့လှေကားနဲ့ အထက်ကို ရောက်ရောက်သွားတဲ့ တပည့်တွေကို လှေကားကိုင်ပေးရင်း မော့ကြည့်ပြီးကျေနပ်ဂုဏ်ယူတတ်ကြတာပါ။ ဒီလိုတပည့်မျိုး ထွန်းပေါက်လာရင် 'တပည့်ကျိုးပေးတယ်' လို့ ခံယူကြတာပါပဲ။ ပညာရဲ့အကျိုးကို လက်တွေ့ခံစားနေရသူက တပည့်တွေသာဖြစ်ပေမယ့် ဒါကိုပဲ ဆရာတွေရင်ထဲမှာ "တပည့်ကျိုး ပေးပါသတဲ့" လေ။ ဒီထက်များ နည်းနည်းပိုပြီးသိတတ်မယ်ဆိုရင် ဘာပြောစရာရှိတော့မလဲ။ ဒါကြောင့်ကျေးဇူးတုံ့ပြုရတာဟာ လွယ်ကူပါတယ်။ ဒီလို မိဘ

http://www.dhammadownload.com



ဒီလိုဆရာမျိုးတွေကို 'သားသမီးကောင်းမိဘ'၊ 'တပည့်ကောင်းဆရာ' လို့ ပြောရင်လည်း သူတို့ ဝမ်းသာကြ၊ ကျေနပ်ကြမှာပါပဲ။

ခုပြောခဲ့တာတွေကတော့ ရှားပါးပြီး ချို့တဲ့မှု ဖြစ်နေရုံသာဖြစ်တဲ့ ဝေါဟာရမျိုးပါ။ လုံးဝမရှိတဲ့ ဝေါဟာရတွေတော့လည်း မဟုတ်ပါဘူး။ လုံးဝ မရှိသလောက် ချို့တဲ့နေတဲ့ ဝေါဟာရကတော့ 'သူဌေးမိဘ' ဆိုတဲ့ ဝေါဟာရပဲလို့ ထင်ပါတယ်။

လောကထဲမှာ 'သူဌေးသားသမီး' လို့ အသိအမှတ် ပြုပြောဆိုကြတာဟာ မိဘဖြစ်တဲ့ သူဌေးများ ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကို သားသမီးတွေက ကိုယ်ပိုင်လို သဘောထားပြီး သုံးစွဲနိုင်၊ ခံစားနိုင်ကြသူတွေကိုမှ ခေါ်ကြတာပါ။ မိဘများမှာ ပစ္စည်းဥစ္စာတွေ ရှိနေပေမယ့် သုံးဆောင်ခံစားခွင့်မရတဲ့ သားသမီးများဟာ သူဌေး သားသမီးအဖြစ် အများက အသိအမှတ်ပြုကြမှာ မဟုတ်သလို သူတို့ကိုယ်တိုင်လည်း ဝမ်းမြောက်ဂုဏ်ယူကြမယ် မဟုတ်ပါဘူး။ ဒါက သဘောအဖြစ်နဲ့သာ ပြောတာပါ။ မိဘချမ်းသာပါလျက်နဲ့ သားသမီးတွေ သုံးဆောင်ခံစားခွင့် မရဘူးဆိုတာလည်း မရှိကြပါဘူး။ သူဌေးသားသမီးတိုင်း သူဌေးသားဆိုတဲ့ အခွင့်အရေးကို ရကြတာချည်းပါပဲ။ တချို့ဆို သူဌေးသားသမီးက သူဌေးထက်တောင်

http://www.dhammadownload.com



ပိုပြီးသုံးစွဲခွင့် ရကြပါသတဲ့။ ပဲခူးမြို့က ဆေးလိပ်ခုံ သူဌေးကြီးတစ်ယောက်ပြောတာ ကြားဖူးတယ်။ သူတို့ လုပ်ငန်းက ဆိုက်ကားတွေအသုံးပြုပြီး ဟိုဟိုဒီဒီ ပို့ခိုင်း ရတာများလို့ သူတို့အိမ်နားမှာ ခိုင်းနေကျ ဖောက်သည် ဆိုက်ကားတွေ လေး ငါးစီး အမြဲအသင့်ရှိနေတာတဲ့။ တစ်နေ့တော့ သူဌေးကြီး က ဆိုက်ကားတစ်စီးခေါ်ပြီး ခိုင်းတဲ့အခါ ဆိုက်ကားခပေးတော့ ပိုတဲ့ငွေ ၂ဝကို ပြန် အမ်းဖို့ပြောတာ ဆိုက်ကားသမားက အံ့အားသင့်သလို ကြည့်ပြီး "အဘ၊ အဘသားတွေ ကျွန်တော်တို့ကို ခိုင်းတဲ့အခါဆို ဒီလောက်ငွေလေး ပြန်အအမ်းမခိုင်းဘူး၊ ဒီအတိုင်းထားခဲ့တာပဲ၊ ဘကြီးကျတော့မှ အအမ်းခိုင်း တယ်" လို့ ပြောတာပေါ့။ ဒီတော့ သူဌေးကြီးက "အေး သူတို့ကတော့ သူဌေးသားတွေဆိုတော့ သုံးနိုင်ဖြုန်းနိုင် တယ်ကွ၊ ဒီလောက်ငွေကို နှမြောရကောင်းမှန်း ဘယ်သိ မလဲ၊ ငါက သူဌေးသားမဟုတ်ဘူး၊ သူဌေးဖြစ်အောင် ကိုယ်တိုင်ကြိုးစားနေရတာ၊ သူတို့လို မဖြုန်းနိုင်ဘူး" လို့ ပြန်ပြောလိုက်ပါသတဲ့။

မိဘတွေက ချို့ချို့တဲ့တဲ့ဖြစ်နေကြပြီး သားသမီး တွေ သူဌေးဖြစ်ကြတာမျိုးလည်း ရှိပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ မိဘတွေဟာ 'သူဌေးမိဘ' ဆိုတဲ့ အခွင့်အရေးမျိုး ရကြတာများ ရှိပါသလား။ သားသမီး

http://www.dhammadownload.com



တို့ရဲ့ပစ္စည်း ကို မိဘတွေက ကိုယ့်ပစ္စည်းလို သဘောထားပြီး သုံးစွဲနိုင်ဖို့မဆိုထားနဲ့ စားဝတ်နေမှု လူတန်းစေ့ရုံလောက် မှန်မှန်ထောက်ပံ့ပေးတယ် ဆိုတာမျိုးတောင် ရှိမှ ရှိပါလေစ။ အနည်းဆုံး အိမ်စောင့်ခွေးမောင်း၊ ကလေးထိန်း ဆိုသလို တစ်ခုခု ကူညီလုပ်ကိုင်မပေးနိုင်ရင် စားဝတ်နေရေးတောင် မျက်နှာငယ်ကြရတဲ့မိဘတွေက အတော်ကလေး တွေ့ရဖူးပါတယ်။ တချို့ဆို သူဌေးဖြစ်နေတဲ့ သားသမီးတွေရဲ့ ခါးဝတ်တစ်ဆင်စာဟာ မိဘတွေအတွက် တစ်သက်တာ တင့်တင့်တယ်တယ် နေထိုင်စရာ အိုးအိမ်နဲ့ နေ့စဉ်စားဝတ်နေမှုအတွက် လုံလောက်တဲ့ ပမာဏ ရှိတယ်။ တချို့ဆို ဒီလောက်ပမာဏမျိုးကို တစ်နေ့တည်း အပေါင်းအသင်းများနဲ့ ပျော်ပါး သုံးစားပစ်ကြတာလည်း ရှိတယ်။ ဒါပေမယ့် မိဘတွေမှာတော့ အိမ်ကုပ်၊ အဝတ်နွမ်း၊ အစားကြမ်းဘဝက မပြောင်းလဲဘူး။ ဒီလိုလည်းရှိကြတယ်။ မရှိသလောက်ဖြစ်နေတဲ့ 'သူဌေးမိဘ' ဆိုတဲ့ ဝေါဟာရချို့တဲ့မှုကြီးကို ကွက်လပ် ဖြည့်ပေးဖို့ဆိုတာ သူတို့အတွက် တစ်နေ့သုံး တစ်ဆင်စာလောက် စွန့်လွှတ်လိုက်ရုံနဲ့တောင် လွယ်လွယ်ကလေး ဖြစ်နိုင်တာကို ပြောတာပါ။

ဘာပဲဖြစ်ဖြစ် အစုံအစုံလိုက်ရှိမှ တင့်တယ်လှပမယ့် ခုလိုဝေါဟာရချို့တဲ့မှု ကွက်လပ်ကြီးတွေကို မဖြည့်

http://www.dhammadownload.com



ဆည်းပေးနိုင်သမျှ ဘာသာစကားမှာရော၊ ဒီဘာသာစကား ပြောဆိုသုံးစွဲနေတဲ့ လူမျိုးမှာရော၊ ဒီလူမျိုးတို့ နေထိုင်ရာ အရပ်ဒေသနိုင်ငံမှာရော ပြည့်စုံတင့်တယ်တဲ့ ကျက်သရေ မင်္ဂလာတစ်ခု ချို့တဲ့နေတာကတော့ အမှန်ပါပဲ။

ဒါကြောင့် မိမိတို့ဘဝ၊ မိမိတို့လူမျိုး၊ မိမိတို့နိုင်ငံနဲ့ မိမိတို့ရဲ့ဘာသာစကားများ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတင့်တယ်အောင် ဒီကွက်လပ်များကို ဖြည့်ဆည်းပေးကြပါစို့ လို့ အဖော်ညှိ တိုက်တွန်းလိုက်ပါတယ်။

ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။

http://www.dhammadownload.com

# ဓမ္မဘောရီစာစဉ်အတွက်
# ဓမ္မဒါန ငွေပဒေသာပင် အလှူရှင်စာရင်း

| | | |
|---|---|---|
| ၁။ | အရှင်ဆန္ဒာဓိက (ရွှေပါရီတောရ) | ၆၀၀၀၀၀ |
| ၂။ | ဦးညွန့် – ဒေါ်တင်တင်အေး၊ (ကိုနေဝင်း) – မစန်းစန်းဝင်း သားသမီးမြေးမြစ်သားစုများ၊ အမရပူရ။ | ၁၀၀၀၀၀ |
| ၃။ | ဟုမ္မလင်း၊ ကက်သာ၊ နောင်ပိုအောင်၊ နမ့်တော၊ မြင်သာ၊ စာပေမြတ်နိုးသူများ။ | ၁၅၀၀၀၀ |
| ၄။ | ဦးတင်ဝင်း – ဒေါ်အုန်းဝင်း မိသားစု ကျုံကမိစု၊ တောင်ဇွန်း။ | ၁၀၀၀၀၀ |
| ၅။ | အရှင်နေမိန္ဒာလင်္ကာရဘိဝံသ (သ – စ – အ – ဒွိပိဋကဓရ) | ၅၀၀၀၀ |
| ၆။ | စာရေးဆရာ ဒါရိုက်တာ ဆရာကြီးဦးသုခ မိသားစု။ | ၅၀၀၀၀ |
| ၇။ | မထက်ထက်ထွန်း (ရေတံခွန်စာပေ) | ၅၀၀၀၀ |
| ၈။ | ဦးမြင့်စိုး – ဒေါ်ငွေး မိသားစု၊ ကျုံကမိစု၊ တောင်ဇွန်း။ | ၃၀၀၀၀ |
| ၉။ | အမဒေါ်လှယုံနှင့် ဦးခင်အောင် – ဒေါ်သီ မိသားစုများ၊ ဥယျာဉ်တောင်ရွာ၊ နတ်မောက်မြို့နယ်။ | ၃၀၀၀၀ |
| ၁၀။ | ဦးသိန်းဖေ – ဒေါ်ဝေ မိသားစု၊ ကန်အောက်ရပ်၊ တောင်ကြီး။ | ၃၀၀၀၀ |
| ၁၁။ | ဦးမောင်ထွန်း – ဒေါ်ခေါက်ထူ မိသားစု၊ နဝဒေးရပ်၊ တောင်ဇွန်း။ | ၂၅၀၀၀ |
| ၁၂။ | ဦးစိန် – ဒေါ်တင်လှ မိသားစု၊ ဒေးဒရဲ။ | ၃၀၀၀၀ |
| ၁၃။ | စာချဘုန်းကြီး ဦးယောသိတ၊ ဓမ္မဒူတတောရ၊ တောင်ဇွန်း။ | ၂၅၀၀၀ |
| ၁၄။ | စာချဘုန်းကြီး ဦးဝိဝေက၊ ဓမ္မဒူတတောရ၊ တောင်ဇွန်း။ | ၂၀၀၀၀ |
| ၁၅။ | ဦးရှိန်ဝင်း – ဒေါ်ခင်ချိုဦး၊ တက်လမ်းဆောက်လုပ်ရေးမိသားစု။ | ၂၀၀၀၀ |
| ၁၆။ | စာရေးဆရာမကြီး ဒေါ်ခင်စောတင့် မိသားစု။ | ၂၅၀၀၀ |
| ၁၇။ | ဦးတင်ဦး – ဒေါ်ညို မိသားစု၊ ကျောက်မြောင်း၊ ရန်ကုန်။ | ၂၀၀၀၀ |
| ၁၈။ | တိုက်အုပ်စာချဘုန်းကြီး ဦးတေဇဝန္တ သိမ်တောင်၊ တောင်ကြီး။ | ၁၀၀၀၀ |
| ၁၉။ | အရှင်စန္ဒသိရိဘိဝံသ (သ – စ – အ) သိမ်တောင်၊ တောင်ကြီး။ | ၁၀၀၀၀ |
| ၂၀။ | ဦးဓမ္မသာရ၊ သပိတ်ဖိုကျောင်း၊ ယက္ကန်းတော်၊ အမရပူရ။ | ၁၀၀၀၀ |
| ၂၁။ | အရှင်ကေလာသ၊ တူမောင်းတိုက်၊ အမရပူရ။ | ၁၀၀၀၀ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၂၂။ | အရှင်ဆန္ဒာဓိက ၏ ခမည်းတော် – မယ်တော် ဦးစိန်ဝင်း – ဒေါ်သိန်းသိန်း၊ မင်္ဂလာလမ်း၊ စမ်းချောင်း။ | ၁၀၀၀၀ |
| ၂၃။ | ပဋ္ဌာန်းစာဝါလိုက် သီလရှင်များ သိမ်တောင်၊ တောင်ကြီး။ | ၁၀၀၀၀ |
| ၂၄။ | မောင်ဝင်းသော်ဦး၊ ဆန်ဖရန်စစ္စကို၊ ယူအက်စ်အေ။ | ၁၀၀၀၀ |
| ၂၅။ | စာရေးဆရာ ထက်ခေါင် မိသားစု | ၁၀၀၀၀ |
| ၂၆။ | အရှင်အာစာရာလင်္ကာရနှင့် မယ်တော်ကြီး ဒေါ်ညို။ | ၁၀၀၀၀ |
| ၂၇။ | ဒါရိုက်တာ မောင်ဝဏ္ဏ – မချိုရီ မိသားစု။ | ၁၀၀၀၀ |
| ၂၈။ | ဦးရိုန် – ဒေါ်ညိမ်းထွေး မိသားစု၊ ဒေးဒရဲ။ | ၁၀၀၀၀ |
| ၂၉။ | ရွှေမင်းစန္ဒာ (ရွှေဆိုင်) တောင်စွန်းနှင့် သား မောင်လင်းနိုင်၊ စကော့ပူ။ | ၂၀၀၀၀ |
| ၃၀။ | မောင်ဇော်နိုင်ဦး – မပိုးတမာလွင် မိသားစု ရွှေသမင်အထည်တိုက်၊ ရေ့တော်ဖြေး၊ အမရပူရမြို့။ | ၁၀၀၀၀ |
| ၃၁။ | သဟာပုညကာရီ ဓမ္မစာပေနှင့် တရားတိတ်ခွေ ဓမ္မဒါနကုသိုလ်ရေးအဖွဲ့၊ တောင်စွန်း။ | ၁၀၀၀၀ |
| ၃၂။ | စာချဘုန်းကြီး ဦးသောဘဏ၊ သိမ်တောင်၊ တောင်ကြီး။ | ၅၀၀၀ |
| ၃၃။ | စာချဘုန်းကြီး ဦးကေသရာလင်္ကာဘိဝံသ၊ သိမ်တောင်၊ တောင်ကြီး။ | ၃၀၀၀ |
| ၃၄။ | စာချဘုန်းကြီး ဦးကေလာသ၊ မစိုးရိမ်တိုက်သစ်။ | ၅၀၀၀ |
| ၃၅။ | စာချဘုန်းကြီး ဦးဉာဏဓဇ သိမ်တောင်၊ တောင်ကြီး။ | ၃၀၀၀ |
| ၃၆။ | စာချဘုန်းကြီး ဦးကုမုဒဝရ သိမ်တောင်၊ တောင်ကြီး။ | ၂၀၀၀ |
| ၃၇။ | စာချဘုန်းကြီး ဦးဣန္ဒကာလင်္ကာရာဘိဝံသ၊ သိမ်တောင်၊ တောင်ကြီး။ | ၃၀၀၀ |
| ၃၈။ | စာချဘုန်းကြီး ဦးတေဇနိယ။ | ၂၀၀၀ |
| ၃၉။ | စာချဘုန်းကြီး ဦးတေဇာနန္ဒ။ | ၁၅၀၀ |
| ၄၀။ | ဦးအကိုရ | ၁၀၀၀ |
| ၄၁။ | ဦးသန်းမောင် – ဒေါ်ရင်ကြည် မိသားစု၊ တောင်စွန်း။ | ၆၀၀၀ |
| ၄၂။ | ဦးမြမောင် – ဒေါ်ဝင်းသိန်း သက်လင်းစာပေမိသားစု။ | ၄၀၀၀ |
| ၄၃။ | မောင်ဇော်ဝင်းမောင်နှင့် မောင်ရွှေရိုးတို့အဖွဲ့၊ ဟုမ္မလင်း။ | ၂၅၀၀ |
| ၄၄။ | မောင်ဇော်လင်း (ဘယဆေး)၊ မြို့မ၊ တောင်စွန်း။ | ၂၀၀၀ |